# ခြံမြေများ အဓမ္မသိမ်းပိုက်ခြင်း

## တအာင်းဒေသရှိ ပျက်သုဉ်းမှုဆီသို့ဦးတည်နေသော ဖွံ့ဖြိုးရေးစီမံကိန်းများ

တအာင်းကျောင်းသားနှင့်လူငယ်များအစည်းအရုံး TSYO မှ ထုတ်ဝေသည်။

နိုဝင်ဘာလ ၂၀၁၁ ခုနှစ်

## တအာင်းကျောင်းသားနှင့်လူငယ်များအစည်းအရုံး

တအာင်းကျောင်းသားနှင့်လူငယ်များအစည်းအရုံး TSYO သည် အမြတ်အစွန်းအတွက်မရည်ရွယ်သည့် အဖွဲ့အစည်းဖြစ်ပြီး ငြိမ်းချမ်းရေး၊ တရားမျှတရေးနှင့် တန်းတူရေးအခြေခံနည်းလမ်းတို့ဖြင့် တအာင်း (ပလောင်) အမျိုးသားတရပ်လုံးနှင့် လူငယ်များ ၏ လူမှုဘဝအခြေအနေ ဖွံ့ဖြိုးတိုးတက်စေရန် ဖွဲ့စည်းထားခြင်းဖြစ်သည်။ တအာင်းလူမျိုးတို့၏ ပညာရေး၊ ကျန်းမာရေး၊ လူနေမှုအဆင့်အတန်းနှင့် ခေတ်မီဖွံ့ဖြိုးရေး အစရှိသော လိုအပ်ချက်များကို အခြေခံဆောင်ရွက်နိုင်ရန် ထိုင်း–မြန်မာနယ်စပ် တနေရာတွင် ၁၉၉၈ ၌ အစည်းအရုံးကို ဖွဲ့စည်းတူထောင်ခဲ့သည်။ အစည်းအရုံး၏ ရေရှည်ဦးတည်ချက်မှာ ငြိမ်းချမ်းရေး၊ တရားမျှတရေးနှင့် တန်းတူရေး ဖော်ဆောင်ရန်၊ ဒီမိုကရေစီနိုင်ငံတည်ဆောက်ရန်နှင့် တအာင်းကျောင်းသားလူငယ်များနှင့် တအာင်းလူထု အားလုံး၏ ဘဝတိုးတက်မြင့်မားလာစေရန် တို့ဖြစ်သည်။

အစည်းအရုံး၏ရည်မှန်းချက်မှာ လူ့အခွင့်အရေးချိုးဖောက်မှုများ ကာကွယ်နိုင်ရန်နှင့် လျော့ချနိုင်ရန်အတွက် နိုင်ငံတကာ အသိုင်းအဝိုင်းနှင့် မဟာမိတ်များကိုစည်းရုံးလုပ်ရှားသွားရန်၊ တအာင်းဒေသရှိ သဘာဝ ပတ်ဝန်းကျင်နှင့်သယံဇာတ အရင်းအမြစ်များကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်သွားရန်နှင့် စွမ်းရည်မြှင့်တင်ရေး စီမံချက်သင်တန်းများမှတဆင့် တအာင်းကျောင်းသားနှင့်လူငယ်များ၏ အရည်အချင်းမြှင့်တင် ဆောင်ရွက် ပေးရန်တို့ဖြစ်သည်။ အစည်းအရုံးသည် သတင်းပြန်ကြားရေး နှင့် လူ့အခွင့်အရေးမှတ်တမ်းပြုစုခြင်း၊ သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာအခွင့်အရေး၊ ပညာရေး၊ ကျန်းမာရေး ကူညီစောင့်ရေး အစရှိသည့် လုပ်ငန်းဆောင်တာ အသီးသီးတို့ကိုလည်း ဖော်ဆောင်နေလျှက်ရှိပါသည်။ ယခုအစီရင်ခံစာသည် အစည်းအရုံး၏ သတင်း ပြန်ကြားရေးနှင့် လူ့အခွင့်အရေးမှတ်တမ်းပြုစုရေးဌာန မှပုံနှိပ်ထုတ်ဝေခြင်းဖြစ်သည်။

### ဦးတည်ချက်

(က) ငြိမ်းချမ်း၍သာယာဖွံ့ဖြိုးတိုးတက်သည့် တအာင်းဒေသပေါ်ထွန်းရေး။

(ခ) ဦးဆောင်မှုအခန်းကဏ္ဍတွင် တအာင်းမျိုးဆက်သစ်လူငယ်များပိုမိုပေါ်ထွန်းလာရေး။

( င) ကျား၊ မတန်းတူရေး

(ဂ) တန်းတူညီမျှသော အမျိုးသားကိုယ်ပိုင်ပြဌာန်းခွင့် နှင့် စစ်မှန်သောပြည်ထောင်စု ဒီမိုကရေစီနိုင်ငံ တည်ဆောက်ရေး

(စ) အာဏာရှင်စံနစ်ဖျက်သိမ်းရေး။

# မာတိကာ

အမှာစာ ........................................ ၅

တအာင်း(ပလောင်)လူမျိုးတို့၏ နောက်ခံသမိုင်း ........................................ ၉

မြေပုံ ........................................ ၁၀

အစီရင်ခံစာအကျဉ်းချုပ် ........................................ ၁၁

တိုက်တွန်းအကြံပြုချက်များ ........................................ ၁၄

အစီရင်ခံစာကောက်ခံပြုစုခဲ့သည့်နည်းလမ်း ........................................ ၁၆

လယ်ယာမြေသိမ်းဆည်းခြင်း နောက်ခံသမိုင်း ........................................ ၁၈

ဇယား– သိမ်းယူခြင်းခံရသည့် လယ်ယာခြံမြေစာရင်း အကျဉ်းချုပ် ........................................ ၂၀

ဥပဒေ ကန့်သတ်ချက် ........................................ ၂၄

လယ်ယာမြေသိမ်းဆည်းခြင်း ဆိုးရွားမှုအခြေအနေ ........................................ ၃၀

လယ်ယာမြေသိမ်းဆည်းခြင်း ဖြစ်စဉ်များ ........................................ ၃၆

- အကျင့်ပျက်လာဘ်စားခြင်း ........................................ ၄၁
- အတင်းအဓမ္မ ပြောင်းရွှေ့စေခိုင်းခြင်းနှင့်နှင်ထုတ်ခြင်း ........................................ ၄၄
- လူ့အခွင့်အရေးထိပါးချိုးဖောက်မှုများ ........................................ ၄၅
- အတင်းအဓမ္မလုပ်အားပေးခိုင်းစေခြင်း ........................................ ၄၈

လယ်ယာမြေသိမ်းဆည်းခြင်းကြောင့် လူမှုရေး၊ စီးပွားရေးတို့အပေါ် ဆိုးကျိုးသက်ရောက်မှုများ .. ၅၀

နိဂုံး ........................................ ၅၈

မှီငြမ်းကိုးကားစာရင်းများ ........................................ ၆၂

နောက်ဆက်တွဲ ........................................ ၆၈

## ဝေါဟာရ ဖွင့်ဆိုချက်များ

| | | |
|---|---|---|
| AASYC | - | ရခိုင်ပြည်လုံးဆိုင်ရာ ကျောင်းသားနှင့်လူငယ်များ ကွန်ဂရက် |
| ALRC | - | အာရှတရားဥပဒေအရင်းအမြစ်ဌာန |
| ASEAN | – | အရှေ့တောင် အာရှ အာဆီယံနိုင်ငံများအသင်း |
| HLP | - | အိုးအိမ် မြေယာနှင့် ဥစ္စာပစ္စည်း |
| ICESCR | - | အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေး ကြေညာစာတမ်း၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု အခွင့်အရေးဆိုင်ရာ နိုင်ငံတကာသဘောတူညီမှုစာချုပ် |
| ILO | - | ကမ္ဘာ့အလုပ်သမားအဖွဲ့ချုပ် |
| MYPO | - | တိုးတက်သော မွန်လူငယ်အစည်းအရုံး |
| NGO | - | အစိုးရမဟုတ်သော် အဖွဲ့အစည်းများ |
| OSI | - | Open Society Institute |
| PSLF | - | ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်ဦး |
| PWO | - | ပလောင်အမျိုးသမီးအစည်းအရုံး |
| PYO | - | ပအိုဝ်းလူငယ်အစည်းအရုံး |
| SPDC | - | နိုင်ငံတော် အေးချမ်းသာယာရေးဖွံ့ဖြိုးရေးကောင်စီ |
| TSYO | - | တအာင်းကျောင်းသားနှင့်လူငယ်များအစည်းအရုံး |
| UN | - | ကုလသမဂ္ဂ၊ |
| UDHR | - | အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေညာစာတမ်း |

**တအာင်းလူမျိုးများသည် ၎င်းတို့ ဘာသာစကားဖြင့် မိမိကိုယ်ကို "တအာင်း" ဟု ခေါ်ဆိုပြီး "ပလောင်" ဟူ၍ မြန်မာဘာသာဖြင့် သိကြသည်။

# အမှာစာ

ဤအစီရင်ခံစာသည် နိုင်ငံအသီးသီးရှိ အသွင်သဏ္ဌာန်မျိုးစုံသော လုပ်ငန်းကုမ္ပဏီများက တအာင်း တိုင်းရင်းသား လူမျိုးများ၏ အခြေခံအခွင့်အရေးများကို ချိုးဖောက်နေကြောင်း ကျိုးကြောင်း ဆီလျော်စွာထောက်ပြထားပါသည်။ တအာင်းမိဘပြည်သူများ ရှင်သန်ရပ်တည်မှီခိုအားထားရသော အသက်မွေးဝမ်းကျောင်း လုပ်ငန်းခွင် မြေများကို သိမ်းယူခြင်းနှင့် တအာင်းလူမျိုးတို့၏ သဘာဝသယံဇာတများကို ခေါင်းပုံဖြတ်အမြတ် ထုတ်ယူခြင်း အစရှိသည့်အချက်အလက်များကို ယခုအစီရင်ခံစာတွင် ပုံဖော် ပြုစုထားပါသည်။ မြန်မာအစိုးရသည် ပြည်တွင်း ဥပဒေနှင့်နိုင်ငံတကာဥပဒေတို့နှင့်ကင်းလွတ်ကာ တရားဝင်မဟုတ်သည့် လုပ်ငန်းများ ရှင်သန်ရပ်တည်ရန် လုပ်ငန်းရှင်များကို ဆက်လက်ခွင့်ပြုထားပါသည်။ ရပ်ရွာလူထုတို့ကို ဆွေးနွေးတိုင်ပင် အသိပေးမှုမရှိခြင်း၊ လုံလောက်သည့်နစ်နာကြေးပေးခြင်း (သို့) ပြန်လည်နေရာချပေးခြင်း မရှိပါပဲနှင့် ကြီးမားသည့်ပြောင်းရွှေ့ သိမ်းယူမှုများ ဖြစ်ပွားနေသည်မှာ ဒေသခံလူထုတို့၏ ဘဝပြန်လည်ထူထောင်ရန်နှင့် စုပေါင်း လုပ်ကိုင် လုပ်ရှားမှု များကို ဥပဒေအရ ကာကွယ်ကုစားမှုမရှိဘဲ များစွာထိခိုက်နစ်နာစေပါသည်။

ဒေသခံပတ်ဝန်းကျင်လူထုအပေါ်အကျိုးသက်ရောက်မှုကို လုံးဝဖယ်ကြဉ်ထားသည့် စီးပွားရေးဖွံ့ဖြိုးမှု အရောင် ပြပြီး နိုင်ငံတွင်း လာရောက်ရင်းနှီးလုပ်ကိုင်သည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ၏ ခြံမြေများသိမ်းပိုက်လုယူခြင်းကို ခံနေရသည့် ရှမ်းပြည်နယ်ရှိ တအာင်းလူထုတို့၏ အခြေအနေမှာ အထူးညွှန်ပြရမည့် ဥပမာတခုဖြစ်ပါသည်။ ထိုလုပ်ရပ် များ၏ အကျိုးဆက်အဖြစ် တအာင်းလူထုတို့မှာ လယ်ယာခြံမြေနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်း တို့ကို ဆုံးရှုံး လိုက်ရသည့်အပြင် စစ်အုပ်စု၏ တအာင်းလူထုအပေါ် ဆန့်ကျင်ခွဲခြားသည့် အတင်းအဓမ္မလုပ်အား ပေးခိုင်းစေမှုကိုပါ ခံစားကြရသည်။ အတင်းအဓမ္မရွှေ့ပြောင်း ခံရသော ဒေသခံလူထုများအပေါ် လုပ်အားပေး ခိုင်းစေမှုများဖြစ်ပေါ်စေရန် ထိုပုဂ္ဂလိကလုပ်ငန်းများက စေ့ဆော်ဆောင်ရွက်ပေးသကဲ့သို့ ဖြစ်ရပါသည်။ ယခုကဲ့သို့ သော အခြေအနေအောက်တွင် ကလေး၊ လူကြီး၊ အမျိုးသမီးများအပေါ် မျှတမှုကင်းမဲ့စွာ ထိခိုက်စေပါသည်။ ဤအစီရင်ခံစာသည် တအာင်းလူထုတို့၏ ဆိုးကျိုးခံစားမှုများကို သက်သေပြဖော်ညွှန်းထားပါသည်။

ဤကဲ့သို့ တအာင်းလူမျိုးစုတို့၏အခွင့်အရေးများကို လက်လွတ်စပယ်ကြောင်းကျိုးမဲ့ ချိုးဖောက်ခြင်းသည် မြန်မာ နိုင်ငံတွင် အခြေခံအခွင့်အရေးများကို ကျယ်ကျယ်ပြန့်ပြန့် လစ်လျူရှုထားသည့်သင်္ကေတဖြစ်နေသည်ကို ကိုယ်စားပြုဖော်ပြလိုက်ခြင်း ပင်ဖြစ်သည်။ စီးပွားရေး၊ လူမှုရေးနှင့်ယဉ်ကျေးမှု ဆိုင်ရာ နိုင်ငံတကာ သဘောတူညီမှု စာချုပ် (၁၉၆၆) အပါအဝင် အပြည်ပြည် ဆိုင်ရာအလုပ်သမားအဖွဲ့ချုပ်၏ ဥပဒေအမှတ် ၂၉ ပုဒ်မ ၂-၁ (၁၉၃၀) အစရှိသည့်ဥပဒေတို့ကို ပြောင်ပြောင်တင်းတင်း ချိုးဖောက်လိုက်ခြင်း ဖြစ်သည်။ ထိုအတူထိုဥပဒေများမှ ဆင့်ပွား ဖြစ်လာသည့် ကုလသမဂ္ဂအဖွဲ့ဝင်များလိုက်နာရန် ကတိပြုထားသည့် ကုလသမဂ္ဂကြေညာချက်ပါ ဖွံ့ဖြိုး တိုးတက် မှုဆိုင်ရာအခွင့်အရေး (၁၉၈၆ တွင်လက်ခံကျင့်သုံးခဲ့သည်)နှင့် လုပ်ငန်းခွင် နှင့်လူ့အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂ ရှေ့ဆောင်ချမှတ်ထားသည့် မူစည်းမျဉ်းများ (၂၀၁၁) ကိုလည်း လိုက်နာရန်ပျက်ကွက် ခြင်းဖြစ်ပေသည်။

အရှေ့တောင်အာရှနိုင်ငံများအစည်းအရုံး (အာဆီယံ) ကဲ့သို့ ဒေသတွင်းနှင့်နိုင်ငံတကာ ဆိုင်ရာ အစိုးရအာဏာ ပိုင်များက ထိုဥပဒေမဲ့လုပ်ဆောင်ချက်များကို အဆုံးသတ်စေရန်အတွက် ကိုင်တွယ်လုပ်ဆောင်ရန် အမြဲတစေ နားပင်း၊ မျက်ကွယ်ပြု ထားလျှက်ရှိပါသည်။ ကုလသမဂ္ဂ အေဂျင်စီများ၊ နိုင်ငံတကာနှင့်ဒေသတွင်း အဖွဲ့ အစည်း များ၊ နိုင်ငံတကာငွေကြေးရံပုံငွေ အဖွဲ့အစည်းများနှင့် နှစ်ဦးနှစ်ဘက်သို့မဟုတ် လူအများဖြင့် စုဖွဲ့ထားသည့် ငွေကြေးအလှူရှင်များ အစရှိသူတို့ထံမှရရှိနိုင်သည့် သင့်လျော်သည့်ကူညီဖြေရှင်းမှုများကို တအာင်းလူထု

ကိုယ်စား ဤအစီရင်ခံစာက လိုအပ်သည့်အစပြုမှုများနှင့် တိကျသည့် လုပ်ဆောင်ချက်များဖြင့် ဖြည့်စွမ်းဆောင်ရွက်ပေးနိုင်လိမ့်မည်ဟု မျှော်လင့်မိပါသည်။ တအာင်းအမျိုးသားတို့ကိုကြာရှည်စွာ အတိဒုက္ခပေးသည့်ကိစ္စရပ်များကို ထုတ်ဖော်ပြသသည့် အစီရင်ခံစာပါ ဖြစ်စဉ်အချက်အလက်များနှင့် ယခုအစီရင်ခံစာကိုထုတ် ဝေနိုင်ရန်ဆောင်ရွက်သည့် တအာင်းကျောင်းသားနှင့်လူငယ်များအစည်းအရုံး၏ကြိုးပမ်းမှုတို့သည် ယခုကဲ့သို့သော ဆိုးရွားသည့်အခြေအနေများကို ယခုအချိန်အပါအဝင် နောင်လာနောက်သား လက်ထက်အထိပါ ပြောင်းလဲနိုင်ရန် သိသာထင်ရှား သည့်ဆောင်ရွက်မှုများအဖြစ် အလွန်အရေးကြီးသောခြေလှမ်းတရပ်ဖြစ်ပေသည်။

ပုံမှန်စီးပွားရေးလုပ်ငန်းများဖြစ်လျှင် ယခုကဲ့သို့ ဆိုးရွားမှုများ စဉ်ဆက်မပျက်ဖြစ်နိုင်ဖွယ်ရာမရှိကြောင်း ယခုအစီရင်ခံစာက သက်သေပြလျှက်ရှိပါသည်။ အားလုံးပါဝင်သည့် တွေ့ဆုံဆွေးနွေးမှုများဖြစ်ပေါ်ပြီး၊ နိုင်ငံတကာဥပဒေများ၊ ပြည်တွင်းဥပဒေများ ကို နှစ်ဦးနှစ်ဖက်လေးစားလိုက်နာရန်သဘောတူညီချက်များ မရရှိလျှင် ရှေ့ဆက်ပြေလည်နိုင်ဖွယ်ရာမရှိကြောင်းကို ဦးတည် နေပါသည်။ မြန်မာနိုင်ငံတွင်း ရေရှည် တည်တံ့ ခိုင်မြဲသည့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများကို စိန်ခေါ်သည့် အချက်အလက်များကို ကိုင်တွယ်ဖြေရှင်းရင်း တအာင်းအမျိုးသားတို့၏လူ့အခွင့်အရေးများကိုကာကွယ်မြှင့်တင်ရန် တအာင်းလူထုအပါအဝင် နိုင်ငံတကာနှင့် နိုင်ငံတွင်းသက်ဆိုင်သူတာဝန်ရှိသူအစုအဖွဲ့များအားလုံး စုစည်းပြီး သဘောတူညီနိုင်သည့် ဆုံးဖြတ်ချက်များရရှိ လုပ်ဆောင်နိုင်ရန် ယခုအစီရင်ခံစာက အခြေခံအချက်အလက်များဖြင့် အကျိုးပြုနိုင် အထောက်အကူ အားတခုဖြစ်နိုင်လိမ့်မည်ဟု ဆန္ဒပြုလိုက်ပါသည်။



Jessica Umanos Soto
Asia Programme Officer
Women and Housing Rights Programme
Center on Housing Rights and Evictions (COHRE)
Phnom Penh, Cambodia

# အမှာစာ

မြန်မာနိုင်ငံတွင် လယ်ယာမြေသိမ်းဆည်းမှုသည် ပုံစံမျိုးစုံဖြင့် ဖြစ်တည်နေလျက် ရှိသည်။ လယ်ယာမြေ အခွင့်အရေးကို ထိရောက်စွာ အာမခံထားပေးသော ဖွဲ့စည်းပုံအခြေခံဥပဒေမရှိသေးပါ။ အထူးသဖြင့် မြန်မာစစ်အစိုးရ လက်ထက်ဖြစ်သော နိုင်ငံတော်ငြိမ် ဝပ်ပိပြားရေးကောင်စီ–နဝတနှင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ–နအဖ အုပ်ချုပ်မှုကာလတွင် အခြေခံလူ့ အခွင့်အရေးဖြစ်သော အဓမ္မနှင်ထုတ်မှုနှင့် လယ်ယာမြေသိမ်းဆည်းမှုတို့ကို ကျယ်ကျယ်ပြန့်ပြန့် ချိုးဖောက်ကျူးလွန်ခဲ့ကြသည်။ ထိုချိုးဖောက်ခံခဲ့ရသော အခွင့်အရေးတို့သည် အိုးအိမ်မြေယာစွည်းအခွင့်အရေးဥပဒေအခန်းကဏ္ဍအောက်တွင်ပါဝင်သော အခွင့်အရေးများဖြစ်သည်။ မြန်မာနိုင်ငံတွင် အိုးအိမ်မြေယာစွည်း အခွင့်အရေးချိုးဖောက်မှုဆိုးရွားစွာ ဆက်လက်ရှိနေကြောင်းကို ဤတအာင်းကျောင်းသားနှင့် လူငယ်များအစည်းအရုံး ၏ "ခြံမြေများ အဓမ္မသိမ်းပိုက်ခြင်း"အစီရင်ခံစာက သက်သေပြနေပါသည်။

စစ်အစိုးရသည် တောင်သူလယ်သမားများနှင့် တိုင်းရင်းသားလူနည်းစုတို့ထံမှ ပမာဏကြီးမား များပြားသော လယ်ယာမြေ အိုးအိမ် အပါဝင် ပစ္စည်းဥစ္စာတို့ကို သိမ်းဆည်းရန်အတွက် ပြည်တွင်း ဥပဒေဖြစ်စေ အပြည်ပြည်ဆိုင်ရာ ဥပဒေ ဖြစ်စေ အလေးမထားကြောင်း အတိတ်ဖြစ်စဉ်များအရ တွေ့ရှိရပါသည်။ အတိအကျအားဖြင့် ဆိုရလျှင် တိုင်းရင်းသားလူနည်းစုများသည် အိုးအိမ်ယာမြေ ပစ္စည်း ပိုင်ဆိုင်ခွင့်အခွင့်အရေးတို့ကို အကာအကွယ်ကင်းမဲ့စွာ ချိုးဖောက်ခံနေကြရပါသည်။

သမိုင်းအစဉ်ဆက်တွင် လယ်ယာမြေပိုင်ဆိုင်မှုကို ဓလေ့ထုံးတမ်း ဥပဒေအရ ပိုင်ဆိုင်ခွင့် သတ်မှတ်ပေးထားပါသည်။ ဥပမာ– "ဘိုးဘွားပိုင်မြေ"သည် ဌာနေတိုင်းရင်းသားနှင့် နိုင်ငံသားတို့ကသာ မျိုးရိုးစဉ်ဆက်အရဆက်စပ်ပိုင်ဆိုင်ခွင့်ရှိကြသည်။ လွပ်လပ်ရေး ရခဲ့စဉ် ၁၉၄၈–စ၍ မြန်မာစစ်အာဏာရှင်များမှ လယ်ယာမြေ သိမ်းဆည်းမှုများကို ပြဋ္ဌာန်းချက် အမျိုးမျိုးဖြင့်ရေးဆွဲ ပြဋ္ဌာန်းခဲ့ကြပြီး–ဆိုလိုချက်မှာမူ **နိုင်ငံတော်သည် မြေများကို အလုံးစုံ ပိုင်ဆိုင်သည်**–ဟူ၍ပင်ဖြစ်သည်။

တပြိုင်တည်းမှာပင် နိုင်ငံတော်မှပြဋ္ဌာန်းသည့် အခြားပြည်တွင်းဥပဒေများ၏အသွင်အပြင်မှာ အာဏာပိုင်များအတွက် လိုအပ်သလို ဆွဲယူဆောင်ရွက်နိုင်ကြပါသည်။ ဥပမာ– အစိုးရသည် မူလပိုင်ရှင်များထံမှ လယ်ယာမြေများသိမ်းဆည်းသည့်အချိန်တွင် တည်ဆဲ ဥပဒေတခုဖြစ်သည့် လယ်ယာမြေပိုင်ဆိုင်မှုအက်ဥပဒေ (၁၈၉၄) တွင်ပါရှိသည့် မျှတလုံလောက်သောလျော်ကြေး၊ ကြောင်းကျိုးညီညွတ် ခိုင်လုံသော ရှင်းလင်းဆွေးနွေးမှုများနှင့် လယ်ယာမြေများကိုသိမ်းယူရာတွင် အများပြည်သူလူထု အကျိုးအတွက်သာ သိမ်းဆည်းခြင်း ဖြစ်ရမည်ဟူသော ဥပဒေအရအကာကွယ်ရယူပိုင်ခွင့်နှင့် လုပ်ထုံးလုပ်နည်းများကို အမြဲတစေမျက်ကွယ်ပြုထားကြသည်။

ထို့အပြင် လယ်ယာမြေ၊ အိုးအိမ်၊ ပစ္စည်းဥစ္စာပိုင်ဆိုင်ခွင့်တို့ကို နိုင်ငံတော်၏ စဉ်းစားဆင်ခြင်မှုဖြင့် လုပ်ပိုင်ခွင့်အာဏာများ အပ်နှံထားသည့် ပြည်တွင်းဥပဒေများစွာရှိပါသည်။ သာဓကအားဖြင့် ၁၉၅၃–လယ်ယာမြေ နိုင်ငံပိုင်ပြုလုပ်ခြင်း ဥပဒေသည် လယ်သမားများကို စိုက်ပျိုးထားသည့် လယ်မြေများ လွှဲပြောင်းခွင့် ပေါင်နှံခွင့် ရောင်းချခွင့် ပြောင်းလဲခွင့်တို့ကို ပိတ်ပင်ထားသည်။

ထို့အတူ ၁၉၆၃–လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ခြင်းဥပဒေသည်လည်း လယ်ယာမြေကိစ္စ၌ အုပ်ချုပ်သူအစိုးရသည် နောက်ဆုံးဆုံးဖြတ် ပိုင်ခွင့်ရှိသူဖြစ်ကြောင်းလည်း ပြဋ္ဌာန်းထားသည်။ လာဘ်စားချစားသည့် အာဏာပိုင်များ

သည် အထက်ပါ ဥပဒေကို အလွဲ သုံးစားမှုပြု ပြီး **အမိန့်အရ ညွှန်ကြားချက်အရ ကြေညာချက်အရ** –ဟူ၍ တရားမျှတမှု ကင်းမဲ့စွာဖြင့် ပြည်သူလူထု၏ လယ်ယာ စိုက်ပျိုးမြေ နှင့် လူနေမှုဘဝတို့ကို အဓမ္မသိမ်းဆည်း ခြင်းများပြုလုပ်နေခဲ့သည်။

ယနေ့ကာလတွင် ၂၀၀၈–ဖွဲ့စည်းပုံအခြေခံဥပဒေကို အကောင်အထည်ဖော်သည့် ၂၀၁၀ ရွေးကောက်ပွဲဟု ဆိုသော ရွေးကောက်ပွဲ ရလာဒ်ဖြင့် ဖွဲ့စည်းထားသည့် ဥပဒေပြုလွှတ်တော်သစ်များပင်လျှင် ရှင်းလင်းမှုမရှိသော ၂၀၀၈–ဖွဲ့စည်းပုံ ပုဒ်မ ၃၇ (က) ကို ထောက်ခံနေသည်။ ပုဒ်မ ၃၇ (က)သည် ယခင်ကရှိခဲ့သော ဥပဒေများကို ပြန်လည်ထုတ်ဖော်ပံ့ပိုးသောအားဖြင့် "နိုင်ငံတော်သည် နိုင်ငံတော်ရှိ မြေအားလုံး၊ မြေပေါ်မြေအောက်၊ ရေပေါ် ရေအောက်နှင့် လေထုအတွင်းရှိ သယံဇာတ ပစ္စည်းအားလုံး၏ ပင်ရင်းပိုင်ရှင်ဖြစ်သည်" ဟူ၍ ပြဌာန်း ထားပါ သည်။ ဤစာကို ရေးနေသည့်အချိန်တွင် မြန်မာအစိုးရမှ လယ်ယာမြေဥပဒေမူကြမ်းသစ်ကို လွှတ်တော်သို့ တင်သွင်း ပြီးပြီဖြစ်သည့်အလျောက် မကြာမီကာလအတွင်း အတည်ပြုတော့ဖြစ်သည်။ ၎င်း ဥပဒေသစ်မူကြမ်း၏ ပုဒ်မ ၂ တွင် **နိုင်ငံတော်သည် လယ်ယာမြေနှင့်စိုက်ပျိုးမြေများကို အချိန်မရွေးသိမ်းဆည်းခွင့်ရှိသည်** ဟု ပြဌာန်း ထားပါသည်။

အနာဂါတ်ကာလ၌ မြန်မာနိုင်ငံတွင် အိုးအိမ်ယာမြေပစ္စည်းနှင့်ပါတ်သက်၍ တရားဥပဒေစိုးမိုးရေးနှင့် လွတ်လပ် သော တရားစီရင်ရေး အဆောက်အဦး မဖြစ်မနေတည်ဆောက်ရမည်ဖြစ်ပြီး၊ လယ်ယာမြေဥပဒေသည်လည်း ဖြစ်နေသည့် ပဋိပက္ခကျော်လွှားနိုင်အောင် အိုးအိမ်နှင့်ဥစ္စာပိုင်ဆိုင်ခွင့်နှင့်ချိန်ထိုးပြီး ပြန်လည်သုံးသပ်ရပါမည်။ လယ်ယာမြေပိုင်ဆိုင်ခွင့်အပါဝင် လုံလောက်သော အိုးအိမ်နှင့် ပစ္စည်းဥစ္စာပိုင်ဆိုင်ခွင့်များသည် အပြည်ပြည် ဆိုင်ရာ ကြေညာချက်များ ဆုံးဖြတ်ချက်များ သဘောတူညီချက်များနှင့် အပြည်အပြည်ဆိုင်ရာ အခြေခံမူရင်း အခွင့်အရေးတို့ အောက်တွင်ပြဌာန်းတည်ဆောက်ထားသည့် အခွင့်အရေးများဖြစ်သည်။

**TSYO**-သည် ၎င်းတို့သတ်မှတ်ထားသောဒေသ၏ လယ်ယာမြေကိစ္စအားလုံးကို ကောင်းမွန်စွာ မှတ်တမ်းတင် ထားပါသည်။ ဤအစီရင်ခံစာ တခုတည်းပင်လျှင် မြန်မာနိုင်ငံ၏ လယ်ယာမြေဥပဒေနှင့် ဆက်စပ်ပြီး စဉ်းစား သုံးသပ်နိုင်ရန်လုံလောက်သော အချက်အလက်ပါဝင်နေပြီး၊ အနာဂါတ်ဒီမိုကရေစီနိုင်ငံတော်အတွက် လယ်ယာ မြေအခန်းကဏ္ဍပြန်လည်တည်ဆောက်ရန် အရေးတကြီးလိုအပ်နေပြီ ဖြစ်ပေသည်။

ဦးသိန်းဦး

ဥက္ကဌ– မြန်မာနိုင်ငံရှေ့နေများကောင်စီ

မြန်မာရှေ့နေများကောင်စီ

# တအာင်းလူမျိုးတို့၏ နောက်ခံသမိုင်း

တအာင်းလူမျိုးတို့သည် ပြည်ထောင်စုမြန်မာနိုင်ငံတွင် မှီတင်းနေထိုင်သော ၁၃၅ တိုင်းရင်းသားလူမျိုး တစ်မျိုးဖြစ်ပြီး၊ ရှမ်း ပြည်နယ်တွင် အခြေချနေထိုင်ကြပါသည်။ တအာင်းလူမျိုးတို့သည် ရှည်လျားသော သမိုင်းကြောင်းနှင့် ထူးခြားသော အမျိုးသား ရေးလက္ခဏာများ အခိုင်အမာရှိကြပါသည်။ တအာင်းလူမျိုး တို့သည် ကိုယ်ပိုင်ဘာသာစကား၊ စာပေ၊ အခြားလူမျိုးတို့နှင့် မတူခြားနားသောယဉ်ကျေးမှု၊ ကိုယ့်နယ် မြေဒေသ နှင့် သင့်တင့်မျှတသော စီးပွားရေးအခြေအနေများကိုလည်း ပိုင်ဆိုင်ကြ ပါသည်။ တအာင်းလူမျိုး အများစုမှာ ထေရဝါဒဗုဒ္ဓဘာသာ ကိုးကွယ်ကြပြီး လူဦးရေ၏ဆယ်ရာခိုင်နှုန်းခန့်မှာ ခရစ်ယာန်နှင့် နတ်စားတို့အပေါ် သက်ဝင်ယုံကြည်ကြပါသည်။

တအာင်းလူဦးရေမှာ ခန့်မှန်းခြေ တသန်းဝန်းကျင်ခန့်ရှိပြီး ရှမ်းပြည်နယ် အနောက်မြောက်ပိုင်းဒေသတွင် အများစုနေထိုင်ကြ ပါသည်။ သို့သော် ရှမ်းပြည်နယ် တောင်ပိုင်းနှင့် အရှေ့ပိုင်းဒေသရှိ မြို့နယ်များ တွင်လည်း မြောက်များစွာနေထိုင်ကြပါသည်။ တအာင်း(ပလောင်)လူမျိုးတို့၏ ဘိုးဘွားပိုင်နယ်မြေဒေသ များတွင် ကမ္ဘာ့အဖိုးတန် ကျောက်တန်ပတ္တမြား၊ နီလာ အစရှိသည့် သတ္တုများထွက်ရှိပြီး ထင်ရှား ကျော် ကြားသည့် မိုးကုတ်ပတ္တမြားမြေလည်းပါဝင်သည်။ မြန်မာအာဏာရှင်များက မိုးကုတ်သတ္တုတွင်းဒေသကို ရှမ်းပြည်နယ်မှ ဖယ်ထုတ်ကာ မန္တလေးတိုင်းတွင် ထည့်သွင်းဖွဲ့စည်းထားသည်။ ရွှေ၊ ငွေ၊ သွပ်၊ အလူမီနီ ယမ် အပါအဝင် အခြားတန်ဖိုးရှိသည့် သတ္တုတွင်းထွက်မြောက်များစွာလည်း ထွက်ရှိပါသည်။

မြင့်မားသောတောင်တန်းကြီးများပေါ်တွင်စိုက်ပျိုးသည့် တအာင်းလူမျိုးတို့၏ လက်ဖက်မှာ အရည် အသွေးကောင်းမွန်သဖြင့် မြန်မာပြည်တွင် ထင်ရှားလှပေသည်။ ရာသီဥတုနှင့်ကိုက်ညီသော ပန်းသီး၊ ဇီးသီး၊ ထောပတ်သီးနှင့်သစ်တော်သီးများကို လည်း မြေနိမ့်ပိုင်းတွင်တန်ဖိုးရှိသဖြင့် အသက်မွေး ဝမ်းကျောင်း အထောက်အပံ့ဖြစ်ရန် စိုက်ပျိုးကြသည်။ ကံအကြောင်း မလှစွာဖြင့် တအာင်းလူမျိုးတို့သည် ယင်းတို့၏ နယ်မြေဒေသတွင် ငြိမ်းချမ်းစွာ နေထိုင်နိုင်ခွင့်မရရှိသေးပေ။



## သုသေတနပြုခဲ့သော လယ်ယာမြေသိမ်းမှုနေရာပြ တအာင်းဒေသမြေပုံ



# အစီရင်ခံစာအကျဉ်းချုပ်

"ဂျပန်အစိုးရမှ မြန်မာအစိုးရကိုမေးသော မေးခွန်းနှစ်ခုမှာ အလွန်စိတ်ဝင်စားဖွယ်ကောင်းလှပါသည်။ အဘယ်ကြောင့်ဆိုသော် မြန်မာနိုင်ငံတွင် အခွင့်အရေးများစံနစ်တကျချိုးဖောက်နေသည့်ပြဿနာများမှာ နိုင်ငံတကာမိသားစုနှင့် နိုင်ငံတကာဥပဒေများ ၏စံနှုန်းတို့နှင့် ဆက်စပ်ပြဿနာရှိနေခြင်းကို ငြင်းဆိုထားပြီး၊ ထိုကဲ့သို့ပတ်သက်ခြင်းထက် ပြည်တွင်းဥပဒေများနှင့် အခြား စံချိန်မီဥပဒေတခုခုနှင့်သာ သက်ဆိုင်ဆက်စပ်ခြင်းဖြစ်သည်ဟု မြန်မာအစိုးရက အကြွင်းမဲ့ဝန်ခံထားခြင်းအပေါ် မေးခွန်းထုတ်ခဲ့ ခြင်းဖြစ်သည်။"
(ALRC အာရှတရားဥပဒေအရင်းအမြစ်ဌာန ၏ ထုတ်ပြန်ချက်)

ဤအစီရင်ခံစာပါ လယ်ယာမြေသိမ်းဆည်းခံရသည့်မှတ်တမ်းများအရ မြန်မာစစ်အုပ်စုသည် မြန်မာပြည်တွင်းဥပဒေများဖြစ်သည့် ပြည်သူပိုင်ပြုခြင်းအက်ဥပဒေ၊ လယ်ယာမြေရှာဖွေထိန်းသိမ်းရေးအက်ဥပဒေနှင့် "လေ့ထုံးတမ်းဥပဒေများကို စဉ်ဆက် မပျက်ချိုးဖောက်ယုံမျှမကပဲ နိုင်ငံတကာဥပဒေများဖြစ်သည့် အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးကြေညာချက်စာတမ်း၊ အမျိုးသမီးများအားနည်းလမ်းပေါင်းစုံဖြင့်ခွဲခြားဖိနှိပ်မှုပပျောက်ရေးဆိုင်ရာသဘောတူညီမှုစာချုပ်၊ ကလေးအခွင့်အရေးဆိုင်ရာ သဘောတူညီမှုစာချုပ်၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု အခွင့်အရေးဆိုင်ရာ နိုင်ငံတကာသဘောတူညီမှုစာချုပ်နှင့် စိုက်ပျိုး မွေးမြူရေးဆိုင်ရာကာကွယ်စောင့်ရှောက်ရမည့်သဘောတူညီမှုစာချုပ် အစရှိသည်တို့ကိုပါ ချိုးဖောက်နေလျှက်ရှိသည်။"

ထိုကဲ့သို့ပြုလုပ်ခြင်းကြောင့် တောင်သူလုပ်သူများမှာ စိုက်ပျိုးမြေများ ဥပဒေမဲ့မတရားသိမ်းပိုက်ခံရပြီး အချို့မှာသင့်မြတ်မျှတမှု မရှိသောလျော်ကြေးငွေ ပမာဏအနည်းငယ်ကို လက်ခံရရှိကြပြီး၊ အချို့မှာ မည်သည့်လျော်ကြေးငွေမျှ မရရှိပဲ လယ်ယာမြေ များသိမ်းယူခြင်းခံခဲ့ကြရသည်။ ထိုကဲ့သို့ သိမ်းပိုက်ခြင်းခံခဲ့ရသော လယ်ယာမြေစာရင်းကို ယခုအစီရင်ခံစာတွင် ဖော်ပြထားပါသည်။ ထို့ပြင် တောင်သူလယ်သမားများနှင့် ဒေသခံပြည်သူတို့သည် လက်တွေ့ကျသောမည်သည့်အစားထိုးကုစားမှု သို့မဟုတ် ဖြေရှင်းချက်တစုံတရာမျှ စစ်တပ် (သို့) အစိုးရထံမှ မရရှိပဲ လယ်ယာမြေများ သိမ်းဆည်းခံခဲ့ ကြရသည်။ ထိုကဲ့သို့ ပြုလုပ်ခြင်းကြောင့် လက်ရှိအခြေအနေတွင် အစာရေဆာငတ်မွတ် ကျပ်တည်းခြင်းတို့အပြင် တနိုင်ငံလုံးအတိုင်းအတာရှိ လူနေမှုဘဝဖွံ့ဖြိုးတိုးတက်မှု နိမ့်ကျစေမည့် အကြီးအကျယ်ဆိုးကျိုးသက်ရောက်သည်အထိ ဖြစ်ပေါ်ထင်ဟပ်လျှက်ရှိပါသည်။

အစီရင်ခံစာအတွက်သုသေတနပြုရာတွင် မိမိတို့၏ကွင်းဆင်းသတင်းကောက်ယူသူခြောက်ဦးက လယ်ယာမြေသိမ်းဆည်းခံရသည့် တောင်သူလယ်သမားနှင့် ဒေသခံပြည်သူငါးဆယ်ကျော်ကို လူတွေ့မေးမြန်းခဲ့ပါသည်။ ထိုလူတွေ့မေးမြန်းမှုများမှ တအာင်းဒေသအတွင်းရှိ လယ်ယာမြေသိမ်းဆည်းခံရသည့်ဆိုးကျိုးသက်ရောက်မှု အချက်အလက်များကို စုဆောင်းကောက်ယူခဲ့ပါသည်။ လယ်ယာမြေမတရားသိမ်းဆည်းခံရသူ တောင်သူမိသားစုတို့အား ယင်းတို့၏ခံစားမှုများနှင့် လယ်ယာများ မည်ကဲ့သို့ သိမ်းယူခံခဲ့ရသည်ကို ထုတ်ဖော်ပြောဆိုနိုင်ရန်အခွင့်အလမ်း ဖန်တီးပေးခြင်းလည်းဖြစ်ခဲ့ပါသည်။ လူတွေ့မေးမြန်းခံရသူများသည် တအာင်းဒေသနှင့် မြန်မာပြည်တနံ့တလျားရှိ လယ်ယာမြေသိမ်းဆည်းခံရသူများကို တစိပ်တပိုင်းကိုယ်စားပြု ဖွင့်ဆိုပြောကြားခဲ့ကြပါသည်။

သိမ်းဆည်းခံခဲ့ရသောလယ်ယာမြေများမှာ စစ်တပ်အတွက် စစ်သင်တန်းနယ်မြေများ၊ စစ်တပ် အိမ်ယာမြေများအဖြစ် အသုံးပြုလျှက်ရှိပြီး အချို့မှာစစ်တပ်အတွက်အပိုဆောင်းဝင်ငွေရရှိစေရန် ထပ်ဆင့်ရောင်းချခဲ့ကြသည်။ ဒေသတွင်းစစ်တပ်များတိုးချဲ့ တည်ဆောက်ရန် စစ်တပ်ပိုင် တပ်နယ်မြေများအလို့ငှာ ဒေသခံများပိုင်ဆိုင်သည့် လယ်ယာမြေများကို စစ်မိန့်ဖြင့် အတင်းအဓမ္မ သိမ်းပိုက်ခဲ့ကြသည်ကို လစ်လျူရှုခဲ့ခြင်းကြောင့် ၁၉၉၇ ခုနှစ်မှစတင်၍ ထိုကဲ့သို့သောချိုးဖောက်မှုများမှာ ပိုမိုကျယ်ပြန့် တိုးများလာသည်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများဖော်ထုတ်ရန် သဘာဝ သယံဇာတ များထုတ်ယူသုံးစွဲပြီး ဖွံ့ဖြိုးရေးစီမံချက်များ ပြုလုပ်ရန်အတွက်လည်း လယ်ယာမြေ မြောက်များစွာ သိမ်းဆည်းခဲ့ကြသည်။ ဥပမာ ရွှေလီရေကာတာနှင့်ရေအားလျှပ်စစ် စီမံကိန်း၊ ရွှေသဘာဝ ဓါတ်ငွေ့ပိုက်လိုင်းစီမံချက်တို့အတွက် စစ်တပ်စခန်းများ တိုးချဲ့တည်ဆောက်ရန်၊ ဖွံ့ဖြိုးရေးအတွက် လမ်းများတိုးချဲ့ရန်နှင့် စီမံကိန်းဖော်ဆောင်ရန်တို့အတွက် လယ်ယာမြေပမာဏကြီးမားစွာ သိမ်းပိုက်ခဲ့ကြသည်။

မြန်မာပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက်အသုံးပြုခဲ့ပါက ယခုစီမံကိန်းများကို ကြိုဆိုကြမည်ဖြစ်သော်လည်း ဒေသခံပြည်သူအများ မည်သည့်အကျိုးကျေးဇူးမျှခံစားရခြင်း မရှိပေ။ တအာင်းလူမျိုးအများစုမှာ လျှပ်စစ်ဓါတ်အားမရရှိကြဘဲ ကိုယ်ထူကိုယ်ထ အိမ်သုံးရေအားလျှပ်စစ်ငယ်များ ပြုလုပ်အသုံးပြု နေကြရပါသည်။ မြို့ပြကြီးများတွင်လျှပ်စစ်ဓါတ်အားရောက်ရှိသော်လည်း ဝန်ဆောင်ခ မြင့်မားခြင်းကြောင့် သာမန်ပြည်သူများ လက်လှမ်းမမှီနိုင်ကြပဲ အဆင့်မြင့် စစ်အရာရှိများကသာ အကျိုးခံစားရရှိကြသည်။ ဖွံ့ဖြိုးရေးစီမံချက်အများစုမှာ တရုတ်နိုင်ငံကဲ့သို့ အိမ်နီးချင်းနိုင်ငံများအတွက်သာ အကျိုးကျေးဇူးရရှိစေပါသည်။

လယ်ယာမြေသိမ်းဆည်းခြင်း၏ ဆိုးကျိုးရလာဒ်တခုမှာ ဖွံ့ဖြိုးရေးစီမံချက်များတွင် လမ်းများဖောက်လုပ်ခြင်းနှင့် စီမံကိန်း ဆောက်လုပ်ရေးအတွက်မြေရှင်းလင်းခြင်းတို့တွင် ဒေသခံပြည်သူများကို အတင်းအဓမ္မ လုပ်အားပေးခိုင်းစေ အသုံးပြုခြင်းဖြစ်သည်။ လယ်ယာမြေသိမ်းခံရသော တောင်သူများမှာ လယ်ယာမြေများ အဓမ္မသိမ်းပိုက်ခံရသည့်အပြင် မိမိတို့၏ အသက်မွေးဝမ်းကျောင်းကို ဖျက်ဆီးလိုက်သူများအတွက် အတင်းအဓမ္မလုပ်အားပေးခိုင်းစေခြင်းခံကြရသည်မှာ တပူပေါ် နှစ်ပူ ဆင့် ပိုမို ခံစားစေသကဲ့သို့ဖြစ်ခဲ့ကြရသည်။ အသက်မွေးဝမ်းကျောင်းရေးအတွက် အဓိကအားထားရာ လယ်မြေများသိမ်းဆည်းပြီး လုံလောက်မျှတသည့် လျော်ကြေးငွေမပေးခြင်းတို့ကြောင့် တောင်သူများ ဝင်ငွေလျော့နည်းပျက်ဆီးသွားကြကာ စားဝတ်နေရေး ဖူလုံရန်၊ ပညာရေးနှင့်ကျန်းမာရေးများ လက်လှမ်းမှီနိုင်ရန် ခြိမ်းခြောက်မှုများဖြစ်ပေါ်စေပါသည်။ ဤကဲ့သို့ လူ့အခွင့်အရေးချိုးဖောက်ခြင်းသည် အိုင်အယ်အို–အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့ချုပ်နှင့် ပစ္စည်းဥစ္စာဆိုင်ရာ အခွင့်အရေး တို့အပေါ်ကတိပြုထားသည့် အစိုးရ၏သဘောတူညီချက်များကို ချိုးဖောက်လိုက်သည့်အပြင် တောင်သူများ၏ ပုံမှန်ဝင်ငွေများ ဆုံးရှုံးစေခြင်းတို့ကြောင့် ဖူလုံသည့်လူနေမှုအဆင့်အတန်းရရှိစေမည့် အခွင့်အရေးတို့ကိုလည်း ဆန့်ကျင်ချိုးဖောက် လျှက်ရှိသည်။

မိမိတို့ သုတေသနပြုချက်အရ တအာင်းဒေသတွင် လယ်ယာမြေသိမ်းဆည်းခြင်းများ ၂၀၀၀ ခုနှစ်မှစတင်၍ တိုးများလာသည်။ ၂၀၀၀ နှင့် ၂၀၁၁ ခုနှစ်ကာလအတွင်း လက်ဖက်ခြံမြေများ ဧကပေါင်း မြောက်များစွာ သိမ်းယူခံခဲ့ရပြီး ထိုအထဲမှ စုစုပေါင်း၄၂၉၄၀–ဧကခန့် မိမိတို့ ကောက်ခံရရှိခဲ့ပါသည်။ ထိုကဲ့သို့ လယ်ယာမြေသိမ်းဆည်းမှု၏နောက်ဆက်တွဲဆိုးကျိုးကို တအာင်းလူထုတို့က ပေးဆပ်နေကြရပြီး ဘိုးစဉ်ဘောင်ဆက်ပိုင်ဆိုင်လုပ်ကိုင်ခဲ့သော ရိုးရာအမွေခြံမြေများကို စစ်တပ်မိသားစု အစဉ်အဆက်ပိုင်လယ်ယာမြေများအဖြစ် အဓမ္မသိမ်းပိုက်ခံရသောကြောင့် ယခုအချိန်တွင် နောင်လာနောက်သားများ

စိုက်ပျိုးရန်လယ်ယာမြေ များမရှိတော့ချေ။ လယ်ယာမြေများ မတရားသိမ်းယူခံရပြီး နှင်ထုတ်ခံရသဖြင့် မိသားစု ပေါင်းမြောက်များစွာမှာ လက်ဖက်ခြံမြေများသိမ်းယူခံရယုံတင်မကပဲ နေအိမ်ခြံမြေများပါ ကြမ်းတမ်း ရက်စက်စွာ ရုတ်တရက် လုယူသိမ်းပိုက်ခံခဲ့ရသဖြင့် စီးပွားရေး ကျပ်တည်းကာ စားရမဲ့ သောက်ရမဲ့၊ ခိုကိုးရာမဲ့ အိုးမဲ့အိမ်မဲ့ဖြစ်ကြရပြီး တနေ့လုပ် တနေ့စားဘဝမျိုးဖြင့် တောများတွင်သာ ခိုအောင်းမှီခိုနေကြသည့် မိသားစုများပင်ရှိနေသည်ကို အခြေအနေဆိုးရွားစွာ တွေ့ရှိရပါသည်။

ထိုအခြေအနေများကြောင့် လက်ဖက်ခြံမြေသိမ်းယူခံရသူများမှာ သားသမီးများကို ကျောင်းတက် ပညာသင်ကြားရန် ဆက်လက် ထောက်ပံ့နိုင်ခြင်းမပြုနိုင်ကြတော့သဖြင့် ကျောင်းမှနုတ်ထွက်စေခဲ့ရပါသည်။ ထိုသားသမီးများပညာသင်ယူခြင်း ရပ်ဆိုင်းခံရပြီးနောက် မိသားစုစားဝတ်နေရေးအတွက် လိုအပ် သောဝင်ငွေများရရှိရန် အလုပ်လုပ်ကူညီကြရပါသည်။ လယ်ယာခြံမြေများ မတရားသိမ်းယူခံရသူ အချို့သူ တို့မှာ ကြွေးမြီများစွာတင်ရှိနေသဖြင့် မိမိတို့နေရပ်ကျေးရွာမှစွန့်ခွာကာ တရုတ်၊ ထိုင်းနိုင်ငံနှင့် အခြားဒေသ များသို့ ရွှေ့ပြောင်းအလုပ်သမားအဖြစ် မိသားစုအတွက်ဝင်ငွေရှာကြရပါသည်။ တအာင်းဒေသတွင် ထိုကဲ့သို့ ရွှေ့ပြောင်းအလုပ်လုပ်သူများ များပြားလာပြီး လူငယ်အများစုမှာ ရွှေ့ပြောင်းအလုပ်သမား အသိုင်းအဝိုင်း သစ်များအကြား လူကုန်ကူးခံရခြင်း၊ ဆင်းရဲနိမ့်ကျသောလုပ်ငန်းခွင်များအတွင်း အလုပ်လုပ်ရခြင်းတို့ဖြင့် အလုပ်ရရှိရန်အခွင့်အလမ်းသစ် များ ရှာဖွေရင်း ပြဿနာအသစ်များနှင့်ရင်ဆိုင်နေကြရပါသည်။

လက်ဖက်ခြံမြေယာများ အတင်းအဓမ္မသိမ်းယူခြင်းကြောင့် တိုက်ရိုက်အကျိုးသက်ရောက်ခံစားနေကြရသော ဒေသခံတအာင်း လူထုတို့၏ လူ့အခွင့်အရေးချိုးဖောက်မှုများကို မီးမောင်းထိုးတင်ပြနိုင်ရန် ယခုအစီရင်ခံစာ တွင်ကြိုးပမ်းအားထုတ်ထားပါသည်။ ၂၀၁၀ ရွေးကောက်ပွဲမှဒီမိုကရက်တစ် အသွင်ပြောင်းအစိုးရအာဏာရ ရှိလာသော်လည်း ယင်းတို့၏ပေါ်လစီများ ပြောင်းလဲ ခြင်းမရှိသေးချေ။ အစိုးရအနေဖြင့် လယ်ယာမြေ ဥပဒေများနှင့် ပေါ်လစီများကို ပြုပြင်ပြောင်းလဲခြင်း မပြုလုပ်မချင်း လက်ဖက်တောင်သူနှင့် ဒေသခံပြည်သူများ မှာ လယ်ယာမြေအသိမ်းပိုက်ခံ ဒုက္ခသည်များအဖြစ်ဆက်လက်ချိုးဖောက်ခံနေကြ ရမည်ဖြစ်သည်။ အာဏာ လက်ဝယ်ရှိသူ တသီးပုဂ္ဂလအတွက်သာအကျိုးဖြစ်ထွန်းစေပြီး မြန်မာပြည်သူလူထု တို့အတွက် မည်သည့် အကျိုးကျေးဇူးမျှမရရှိချေ။ မြန်မာပြည်သူလူထုတို့၏ လူမှုဘဝဖူလုံရေးအတွက် တာဝန်ယူလုပ်ဆောင် သင့်ပါသည်။

# တိုက်တွန်းအကြံပြုချက်များ

**မြန်မာအစိုးရ အနေဖြင့် –**

၁) တအာင်းဒေသတွင် လယ်ယာခြံမြေသိမ်းယူခြင်းနှင့် အခြားလူ့အခွင့်အရေး ချိုးဖောက်ကျူးလွန်နေခြင်းများ ကိုရပ်တန့်ရန်။

၂) သိမ်းယူသွားသည့်ခြံမြေများအတွက် လက်ဖက်တောင်သူနှင့်လယ်သမားများအား သင့်တင့်မျှတသည့် နစ်နာ ကြေးများ ပေးဆပ်ရန်နှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်ထူထောင်ပေးရန်။

၃) ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံတခုအနေဖြင့် အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးကြေညာစာတမ်းပါ တာဝန်ဝတ္တရားများကို လေးစားလိုက်နာရန်နှင့် မြန်မာ့မြေယာဥပဒေကို ရှင်းလင်းပြီး ဥပဒေတွင်းပဋိပက္ခ မရှိစေရန်အတွက် ပြန်လည်သုံးသပ် ပြင်ဆင်ရန်။

၄) လူမှုအသိုင်းအဝိုင်းအပေါ်တိုက်ရိုက် ဆိုးကျိုးသက်ရောက်စေမည့် ဖွံ့ဖြိုးရေးစီမံကိန်းများကို အကောင်အထည် ဖော်ဆောင်ရွက်ရာတွင် ဒေသခံပြည်သူလူထုများနှင့် ဆွေးနွေးတိုင်ပင်ခြင်း၊ ပွင့်လင်း မြင်သာမှုကျင့်သုံးခြင်းနှင့် ဒေသခံလူထု၏ ထင်မြင်ယူဆချက်များကို လက်ခံစဥ်းစားခြင်းများ ပြုလုပ်ရန်–

**လယ်ယာခြံမြေများသိမ်းယူရာတွင် ပါဝင်သည့် ကုမ္ပဏီများ အနေဖြင့် –**

(YUPD, Asia World Company Ltd, Huaneng Lancan River Hydropower Company Ltd, Colenco Power Engineering Ltd (CPE) of Switzerland, CNPC, China Railways Engineering Corporation, မန်းမြင့်မိုရ်ဟိန်း Co. Ltd, ဖြူစင် Co. Ltd, Excellence Engineering Co. Ltd, ချမ်းသာရွှေမြေ ကုမ္ပဏီနှင့် နဂါးပျံ ကုမ္ပဏီ)

၁) ဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဒေသခံပြည်သူလူထုများ၏ အခြေခံအခွင့် အရေးများကို လေးစားလိုက်နာရန်။

၂) ဒေသတွင်းအခြေချနေထိုင်သည့် ပြည်သူလူထုများနှင့် ကြိုတင်ဆွေးနွေးမှု၊ သဘောတူညီချက် မရရှိသေးသည့် မည်သည့် ဖွံ့ဖြိုးရေးစီမံကိန်းကိုမဆို အကောင်အထည်ဖော်ဆောင်ရွက်ခြင်း မပြုရန်။

၃) အခြားနိုင်ငံများတွင် လုပ်ငန်းများလုပ်ကိုင်စဉ် လိုအပ်သော တာဝန်ယူမှု၊ ပွင့်လင်းမြင်သာမှုများအတိုင်း မိမိတို့၏ ကုမ္ပဏီများတွင်ထားရှိဆောင်ရွက်ရန်။

**တအာင်း(ပလောင်) အမျိုးသားပါတီ အနေဖြင့် –**

၁) ဒီမိုကရေစီကိုယ်စားပြု အနစ်သာရဖြင့် အချိန်ပေးနားထောင်အကြံဉာဏ်ယူခြင်း၊ လူမှုအသိုင်းအဝိုင်းကို အပြုသဘော ဆောင်သည့်ပြောင်းလဲမှုများအတွက် ဦးဆောင်တိုက်ပွဲဝင်ခြင်းတို့ဖြင့် ရွေးချယ်တင်မြှောက်ပေး ခဲ့သောပြည်သူလူထုများကို အမှန်တကယ် ကိုယ်စားပြုဆောင်ရွက်ရန်။

**အာဆီယံ မိသားစုများအနေဖြင့် –**

၁) မြန်မာပြည်တွင်းတွင် အမျိုးသားပြန်လည်သင့်မြတ်ရေးလမ်းကြောင်းမဖွင့်မချင်း၊ တရားဝင်အစိုးရ (de-jure) အဖြစ် အသွင်မပြောင်းမချင်း အချိန်အထိ မြန်မာနိုင်ငံကို အာဆီယံ၏ ဥက္ကဋ္ဌ တာဝန် လက်သင့်ခံပေးအပ်ခြင်း မပြုရန်။

**မြန်မာနိုင်ငံတွင် လှုပ်ရှားနေသော အစိုးရနှင့်မသက်ဆိုင်သည့်အသင်းအဖွဲ့များ အနေဖြင့် –**

၁) အစိုးရနှင့်မသက်ဆိုင်သည့်အသင်းအဖွဲ့များအနေဖြင့် ရန်ကုန်နှင့်မြန်မာနိုင်ငံ အလယ်ပိုင်းတွင်သာမကဘဲ တိုင်းရင်းသားဒေသများတွင် သွားရောက်ပြီး ကြိုးပမ်းလှုပ်ရှားဆောင်ရွက်ရန်။

၂) NGOs များအနေဖြင့် မြန်မာနိုင်ငံသားများ၏ အသိအမြင်များကို ဖွင့်ပေးပြီး နိုင်ငံတဝှမ်းလုံးတွင် လူ့အဖွဲ့အစည်းသစ် ဖြစ်နိုင်ရန်အတွက် ကူညီဆောင်ရွက်ပေးရန်။

**ကုလသမဂ္ဂ၊ ဥရောပသမဂ္ဂ နှင့် နိုင်ငံတကာမိသားစုတို့အနေဖြင့် –**

၁) နိုင်ငံတကာဖိအားပေးမှုဖြင့် မြန်မာအစိုးရအား အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေညာစာတမ်းကို လေးစားလိုက်နာ ရန်အတွက် ဆောင်ရွက်ပေးရန်။

၂) နိုင်ငံတကာမိသားစုများအနေဖြင့် မြန်မာပြည်သူလူထုတို့ခံစားနေရသည့် ရက်စက်ကြမ်းကြုတ်သည့် လူ့အခွင့်အရေး ချိုးဖောက်မှုများကို ကုလသမဂ္ဂမှအရေးယူဆောင်ရွက်ပေးရန်နှင့် လူ့အခွင့်အရေး စုံစမ်းရေးကော်မရှင် ဖွဲ့စည်းကိုင်တွယ်ရေး တောင်းဆိုမှုအတွက် လယ်ယာခြံမြေသိမ်းပိုက်ခြင်း၊ ပစ္စည်းဥစ္စာသိမ်း ယူခြင်းနှင့် စပ်လျဉ်းပြီး ကူညီစည်းရုံးပေးရန်။

၃) မြန်မာပြည်တွင်းရှိ တိုင်းရင်းသားလူမျိုးစုများအား လူသားချင်းစာနာသည့် တိုက်ရိုက်ကူညီပံ့ပိုးမှုများ မိုပိုတိုးမြှင့်ရန် အပါအဝင် ခြံမြေသိမ်းယူခံရသူများကြုံတွေ့နေရသည့်ပြဿနာများကိုကျော်လွှားနိုင်ရန်နှင့် ထိုပြဿနာများကို ကိုင်တွယ် ဖြေရှင်းနိုင်သည့် စွမ်းရည်များ မြှင့်တင် ကူညီထောက်ပံ့ရန် ။

**တအာင်း(ပလောင်) လူမှုအသိုင်းအဝိုင်းများ အနေဖြင့် –**

၁) သိမ်းဆည်းခံရသည့်ခြံမြေများနှင့်ပစ္စည်းဥစ္စာများ ပြန်လည်ရရှိရေးအတွက် ဥပဒေရေးရာ ကူညီထောက်ပံ့မှု များရယူကာ အတူတကွပူးပေါင်းဆောင်ရွက်ကြရန်။

၂) မိမိတို့လူမှုအသိုင်းအဝိုင်းတွင် လူ့အခွင့်အရေး ချိုးဖောက်မှုများရပ်တန့်နိုင်ရန်အတွက် တိတ်ဆိတ်ငြိမ်သက်ခြင်းမပြုဘဲ၊ ဖွင့်ဟထုတ်ဖော်ပြောဆိုပြီး မိမိအခွင့်အရေးများကို မိမိတို့ကိုယ်တိုင်ကာကွယ်ကြရန်။

# အစီရင်ခံစာကောက်ခံပြုစုခဲ့သည့်နည်းလမ်း

မိမိတို့ သုတေသနပြုစုရသည့် ဦးတည်ချက်မှာ မြန်မာနိုင်ငံ ရှမ်းပြည်မြောက်ပိုင်းရှိ တအာင်းဒေသတွင်း လက်ဖက်ခြံမြေများ သိမ်းယူခံရသည့် ဒုက္ခသည်များ၏လူ့အခွင့်အရေးချိုးဖောက်ခံရသည့်အချက်အလက်များနှင့် လယ်ယာခြံမြေများသိမ်းယူခြင်းခံရသဖြင့် ပေါ်ပေါက်လာသည့် ဆိုးကျိုးသတင်းအချက်အလက်များကို ကောက်ခံစုဆောင်းဖော်ထုတ်ရန်ဖြစ်သည်။





TSYO မှ ယခုအစီရင်ခံစာအတွက် သုတေသနကို ၂၀၀၉ ခုနှစ် ဧပြီလမှ စတင်ပြုလုပ်ခဲ့ပြီး ၂၀၁၁ ခုနှစ် ဧပြီလတွင် အဆုံးသတ်ပြီးမြောက်ခဲ့သည်။ နမ့်ဆန်၊ မန်တုန်၊ နမ့်ခမ်း၊ မူဆယ်၊ လားရှိုး၊ ကျောက်မဲ၊ သီပေါ၊ သိန္နီ၊ ကွတ်ခိုင်နှင့် နမ္မတူ အစ ရှိသည့် မြို့နယ် ဆယ်ခုတို့တွင် အဓိကဦးတည်ကောက်ခံခဲ့ပါသည်။ ဖော်ပြပါ ဒေသများတွင် မိမိတို့၏ ကွင်းဆင်းသတင်း ကောက်ယူသူခေါင်းဆောင်ဦးမှ လယ်ယာမြေသိမ်းဆည်းခံရသည့် တောင်သူလယ်သမားနှင့် ဒေသခံပြည်သူငါးဆယ့်တဦးကို လူတွေ့မေးမြန်းခဲ့ပါသည်။ ကွင်းဆင်းသတင်း ကောက်ယူမျှများမှာ ပြင်ဆင်ထားသောသတင်းအချက်အလက်များဖြင့် ကိုယ်တိုင်ကိုယ်ကျ လူတွေ့ မေးမြန်းခဲ့ပါသည်။ လက်ဖက်တောင်သူများကို အဓိကပစ်မှတ်ထားသတင်းကောက်ခံခဲ့ပြီး လယ်သမား များကိုလည်း တွေ့ဆုံမေးမြန်းခဲ့ပါသည်။ အတိဒုက္ခရောက်သူအားလုံးမှာ လယ်ယာခြံမြေများကို မှီခိုစားသောက် နေကြရသူများဖြစ်ပါသည်။

ကွင်းဆင်းသုတေသီများအပြင် မိမိတို့ဌာနချုပ်ရုံးတွင်ရှိ သုတေသနပြုသူများမှလည်း တွေ့ဆုံမေးမြန်း ရရှိသည့်အချက်အလက် များကို ဆန်းစစ်လေ့လာသုံးသပ်ခြင်း၊ မြန်မာပြည်မြေယာ ဥပဒေ နှင့်နိုင်ငံတကာဥပဒေ များကိုလေ့လာပြီး လယ်ယာမြေသိမ်း ဆည်းခြင်းနှင့်စပ်လျဉ်းသည့် နောက်ခံဥပဒေများကိုသုတေသနပြုခဲ့ ကြပါသည်။ ရုံးတွင်းရှိသုတေသီများမှာ တွေ့ဆုံမေးမြန်းခြင်း ပုံစံနှင့် ကြိုတင်မေးခွန်းများကိုပြင်ဆင်ပေးခဲ့ပါသည်။ အခြားသတင်းအချက်အလက်များကိုမူ ထွက်ရှိပြီးသော လယ်ယာမြေ သိမ်းဆည်းခံရခြင်းအစီရင်ခံစာများနှင့် ဥပဒေရေးရာဂျာနယ်များမှ ရယူအသုံးပြုထားပါသည်။

သတင်းအချက်အလက်များကောက်ယူရာတွင် မိမိတို့၏ကွင်းဆင်းသုတေသီများမှာ အခက်အခဲများစွာနှင့် ရင်ဆိုင်ကြုံတွေ့ခဲ့ရပါသည်။ လယ်ယာမြေသိမ်းခံရသူများမှာ ယင်းတို့၏လုံခြုံရေးအတွက်စိုးရိမ်မှုကြောင့် လူတွေ့ မေးမြန်းရန် အမြဲတစေ ကြောက်ရွံ့တုန်လှုပ်လေ့ရှိကြသည်။ အချို့သူများမှာ အဏာပိုင်များကတွေ့ရှိပြီး ဖမ်းဆီးအပြစ်ပေးမည်ကို စိုးရိမ်ပြီး သတင်း အချက်အလက် လုံးဝမပေးကြချေ။ ကွင်းဆင်းသတင်းကောက်ယူ သူများမှာ သတင်းအချက်အလက်ရှာဖွေ သုတေသနပြုစဉ် လုံခြုံရေးစစ်ဆေးရေးဂိတ်များကို ရှောင်ရှားရခြင်း အစရှိသည့်အတားအဆီးအန္တရာယ်များနှင့်အကြိမ်ကြိမ်ရင်ဆိုင်ခဲ့ကြရသည်။ မိမိတို့၏ ကွင်းဆင်းလေ့လာသူများ မှာ သုတေသနပြုစဉ်ကာလအတွင်း လေ့လာတွေ့ရှိချက်များနှင့် ထင်မြင်ယူဆချက်များ အပေါ် ပြန်လည်ဖွင့်ဟ ပြောဆိုခြင်းများလည်း ပြုလုပ်ခဲ့ပါသည်။

ကွင်းဆင်းသတင်းကောက်ယူသူများသည် မျက်နှာချင်းဆိုင်လူတွေ့မေးမြန်းခြင်းများကို ပြုလုပ်ခဲ့ကြပြီး၊ MP3အသံဖမ်းစက်နှင့် စာအုပ်မှတ်တမ်းများဖြင့် သတင်းအချက်အလက်များကိုမှတ်တမ်းပြုခဲ့ပါသည်။ သုတေသနပြုလုပ်ပြီးရရှိသည့် သတင်းအချက် အလက်များမှာ အရည်အသွေးပြည့်မီပါသည်။ တွေ့ရှိသည့် သက်သေများကို ကင်မရာဖြင့် ဓါတ်ပုံရိုက်မှတ်တမ်းပြုခြင်းများ လည်း ပြုလုပ်ခဲ့ပါသည်။ တအာင်းဒေသရှိ မြို့ပြနှင့်ကျေးလက်ဒေသ နှစ်ခုစလုံးတွင်ပြုစုကောက်ယူခဲ့ပြီး၊ ဆက်သွယ်ရေး လမ်းခရီးအလွန် ကြမ်းတမ်းသော တအာင်းဒေသတွင် ဆိုင်ကယ်စီးနင်းခြင်းဖြင့်တဖုံ၊ ခြေလျင်လျှောက်၍တမျိုး ခက်ခဲကြမ်းတမ်းစွာဖြင့် သိမ်းဆည်း ခံရသူများကိုလူတွေ့မေးမြန်းနိုင်ရန် သွားလာလှုပ်ရှားခဲ့ကြရပါသည်။ သတင်းအချက်အလက်များကို အလွန်စွန့်စားစွာဖြင့် အန္တရာယ်ကြားတွင်ကောက်ယူခဲ့ကြရသည်။ ထို့ပြင် ယခုအစီရင်ခံစာတွင် တအာင်း ကျောင်းသားနှင့်လူငယ်များအစည်းအရုံး– TSYO အနေဖြင့် လူတွေ့ မေးမြန်း မှုတွင်ပါဝင်သည့် လယ်ယာ မြေသိမ်းခံရသူများ၏ မိသားစုလုံခြုံရေးအတွက် အကာအကွယ်ပေးရန် အမည်ရင်းကိုအသုံးမပြုထားပေ။

## လယ်ယာမြေသိမ်းဆည်းခြင်း နောက်ခံသမိုင်း

ဤအစီရင်ခံစာသည် ရှမ်းပြည်မြောက်ပိုင်းမှ တအာင်း(ပလောင်)ဒေသရှိ မြို့နယ် ၁၀ မြို့နယ်ကို ရည်ရွယ်လုပ်ဆောင်ခဲ့ပါသည်။ လွန်ခဲ့သောနှစ်ပေါင်းများစွာမှ ဗြိတိသျှကိုလိုနီလက်ထပ်ကတည်းကပင် မိမိတို့၏ဒေသကို တောင်ပိုင်နယ် အဖြစ်သတ်မှတ် ခေါ်ဝေါ်ခဲ့သည်။ မြန်မာပြည်လွတ်လပ်ရေးရရှိပြီးနောက် ၁၉၆၂ ထိကာလကြာရှည်စွာပင် ရှမ်းပြည်နယ်ကောင်စီ၏ အုပ်ချုပ်မှု အောက်သို့ရောက်ရှိခဲ့ပြီး၊ ယခုအခါတွင် စစ်တပ် အုပ်ချုပ်မှုအောက်သို့ကျရောက်လျှက်ရှိသည်။ မြန်မာစစ်တပ်အာဏာသိမ်း ပြီးနောက်မှ ယနေ့အချိန်ထိ မိမိတို့၏တအာင်းဒေသမှာ စစ်အုပ်စု၏ ထိန်းချုပ်မှုလက်အောက်သို့ လုံးဝကျရောက်ခဲ့ပါသည်။



သုတေသနစစ်တမ်းများအရ တအာင်းဒေသရှိ ခြံမြေများနှင့် လယ်ယာမြေအချို့ကို SPDC စစ်အုပ်စုအာဏာမသိမ်းခင်ကပင် စစ်တပ်က နှုတ်မိန့်ဖြင့် သိမ်းယူခဲ့ကြသော်လည်း၊ ခြံမြေအဓမ္မသိမ်းခံရကြောင်း ရေးသားမှတ်တမ်းပြုထားသည့် စာရွက်စာတမ်း အထောက်အထားများမတွေ့ရှိရပေ။ သို့သော် မြန်မာပြည်ကို စစ်အုပ်စုအာဏာသိမ်းပြီးနောက် ဒေသအနှံ့အပြားတွင် စစ်တပ်အင်အား နှစ်ဆကျော်တိုးချဲ့ခဲ့သည်။ ထို့ကြောင့် တအာင်းဒေသတွင် လယ်ယာခြံမြေ အဓမ္မသိမ်းဆည်းမှုများ ယခင် ကထက် ပိုမိုတိုးပွားလာခဲ့သည်။

စစ်တပ်စခန်းများတိုးချဲ့တည်ဆောက်ခြင်း၊ စစ်တပ်ပိုင် စိုက်ပျိုးရေးခြံမြေများပြုလုပ်ခြင်း၊ အာဏာပိုင်တို့၏ ဆောက်လုပ်ရေး စီမံချက်နှင့် အစိုးရဝင်ငွေရရှိမည့် စီမံကိန်းများဆောင်ရွက်ခြင်းတို့အတွက် သက်ဆိုင်ရာ အာဏာပိုင်များက ခြံမြေများ မတရားသဖြင့်သိမ်းယူခြင်း စသည်ဖြင့် ခြံမြေအတင်းအဓမ္မ သိမ်းဆည်းမှုများ ဖြစ်ပွားရခြင်း အကြောင်းအရင်းများစွာရှိပါသည်။ ဥပမာ– ၂၀၀၄ ခုနှစ်တွင်စတင်ခဲ့သော စစ်အုပ်စု၏ ကြက်ဆူ စိုက်ပျိုးရေးစီမံကိန်းကြောင့် တအာင်းဒေသအတွင်း ခြံမြေဧကပေါင်းများစွာ သိမ်းပိုက်ခံခဲ့ကြရသည်။ ထိုကိစ္စအပြင် စစ်ခေါင်းဆောင်များနှင့် ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်များ ပူးပေါင်းပြီးလည်း လယ်ယာ မြေများ သိမ်းယူခဲ့ကြသည်။ အချို့နေရာများတွင် စစ်တပ်ကလယ်ယာခြံမြေများအဓမ္မသိမ်းယူပြီး စီးပွားရေးသမားများ အား ရောင်းချခဲ့ကြသကဲ့သို့ ထိုမြေများကို ဒေသခံပြည်သူများအားပြန်လည်အငှားချထားသည်ကိုလည်း တွေ့ရှိရ ပါသည်။

တအာင်းဒေသအတွင်း လယ်ယာခြံမြေ အဓမ္မသိမ်းဆည်းမှုများဖြစ်ပေါ်ရခြင်း အဓိကအကြောင်းအရင်းမှာ ၂၀၀၀ ခုနှစ် ကတည်းကပင် မြန်မာစစ်တပ်စခန်းများတိုးချဲ့တည်ဆောက်နေခြင်းဖြစ်သည်။ မြန်မာစစ်တပ် ခြေမြန်တပ်ရင်း ၁၃၀ နှင့် ၁၄၄ တို့ တအာင်းဒေသတွင်အခြေစိုက်သည့်အချိန်မှစ၍ ဒေသအတွင်း လယ်ယာခြံမြေ အဓမ္မ သိမ်းဆည်းမှုများ ပိုမိုတိုးများလာသည်။ ၂၀၀၀ နှင့် ၂၀၀၇ ခုနှစ်အတွင်းတွင် မန်တုန်နှင့်နမ့်ခမ်းမြို့နယ်ရှိ ကျေးလက် ပြည်သူတို့၏ မြေများကို စစ်တပ်ကသိမ်းယူခဲ့ကြ သည်။ သိမ်းယူသည့်မြေများကို စစ်တပ်စခန်းများ တည်ဆောက်သည့်အပြင် တပ်တွင်းစားနပ်ရိက္ခာဖူလုံရေးအတွက်ပါ အသုံးပြုခဲ့ကြသည်။ ရွှေလီရေကာတာ အမှတ် ၁၊ ၂၊ ၃ နှင့် လက်ရှိတည်ဆောက်နေသည့် ရွှေ ရေနံနှင့် သဘာဝဓါတ်ငွေ့ ပိုက်လိုင်း အစရှိသော ကြီးမားသည့်စီမံကိန်းများကို တအာင်းဒေသတွင် ဆောက်လုပ်နေဆဲဖြစ်သည်ကို တွေ့ရှိရပါသည်။

ဒေသခံကျေးလက်ရွာသားများမှာ စစ်တပ်ထံမှ လယ်ယာမြေသိမ်းခံရသည့်လျော်ကြေးငွေများ မရရှိသေးချေ။ ထို့အပြင် ခြံမြေများ သိမ်းယူခံရပြီးနောက် ကျေးလက်ရွာသားတို့သည် လျော်ကြေးမရပဲ မတရား သိမ်းယူခံခဲ့ ရသော ယင်းတို့၏ခြံမြေများ တွင် အတင်းအဓမ္မလုပ်အားပေးခိုင်းစေခြင်း ခံခဲ့ကြရပါသည်။ စစ်အုပ်စုသည် ဒေသ ဖွံ့ဖြိုးရေးအတွက် အကြောင်းပြပြီး ထိုကဲ့သို့ ချိုးဖောက်ရခြင်းဖြစ်ရန် ကြိုးပမ်းခဲ့ကြပြီး ရွာသားများကို ကြက်ဆူ စိုက်ခင်းတွင် စိုက်ပျိုးခိုင်းခြင်း၊ လမ်းဖောက်လုပ်ခိုင်းခြင်း၊ စစ် အုပ်စု၏ အခြားလုပ်ငန်းစီမံချက်များတွင် ခိုင်းစေခြင်း အစရှိသည့် စစ်အုပ်စုလိုအပ်ချက်များပြည့်မီရန်အလို့ငှာ အတင်းအဓမ္မ လုပ်အားပေးခိုင်းစေမှုများ ဆက်တိုက် ပြုလုပ်ခဲ့ကြသည်။

# လယ်ယာမြေသိမ်းဆည်းမှုအကျဉ်းချုပ်ပြဇယား

| လယ်ယာမြေသိမ်းဆည်းခြင်းရည်ရွယ်ချက်နှင့်နေရာ | လယ်မြေသိမ်းဆည်းခံသူများ | သိမ်းဆည်းခံရသောမြေပမာဏ(ခန့်မှန်းခြေ) | သိမ်းဆည်းချိန် |
|---|---|---|---|
| ရွှေလီရေကာတာနှင့်ရွှေလီ ရေအားလျှပ်စစ် အမှတ် (၁၊ ၂၊ ၃) ရေလွှမ်းမိုးမှုကြောင့်ပျက်ဆီးသည့် မြေပမာဏ | YUPD/ Asia World Company Ltd and Huaneng Lancan River Hydropower Company Ltd, Colenco Power Engineering Ltd (CPE) of Switzerland | ၃၇ ၈၈၂ ဧက | ၂၀၀၁–၁ ခုနှစ်တွင် စတင် သိမ်းဆည်းခံရပြီး ယနေ့ အထိဆက်လက်ခံစားရနေ |
| မန်တုံစစ်တပ်စခန်း | ၁၃၀–တပ်ရင်း | ၁၀၀ ဧက | ၁၉၉၉ တွင်စတင်သိမ်းဆည်းခံရပြီး ယနေ့အထိဆက်လက်ခံစား ရနေ |
| ကွတ်ခိုင်ရှိ တပ်စခန်းတည်ဆောက်ရန် | အမှတ် (၃၅၂) အမြောက်တပ်ရင်း | ၁၀၀ ဧက | ၁၉၉၉ တွင်စတင်သိမ်းဆည်းခံရပြီး ယနေ့အထိဆက်လက် ခံစားနေရသည် |
| နမ့်ခမ်းမြို့နယ် မန်တပ်ကျေးရွာ | တပ်ရင်း အမှတ်(၁၄၄) | ၅၀ ဧက | သက္ကရာဇ် ၂၀၀၀နှင့် ၂၀၀၇ အကြားတွင် သိမ်းဆည်းခံရ |
| ကွတ်ခိုင်မြို့နယ် အင်မိန်းကျေးရွာအုပ်စု | ဗျူဟာမှူးနှင့် မယက ဦးညွန့်ဝေ ပူးပေါင်းသိမ်းဆည်း | ၁၀၀၀ ဧက | သက္ကရာဇ် ၂၀၀၃ နှင့် ၂၀၀၄ ကာလတွင် သိမ်းဆည်းခံရ |
| လောင်းကစားဝိုင်းဖွင့်ရန် ကွတ်ခိုင်–နမ့်ဖတ်ကာရွာ ရပ်ကွက်(၂)ရှိ ရန်အောင်မြင်ကျောင်း ဝတ္တကမြေသိမ်းဆည်း | ၂၀၀၄–ခုတွင် ရွာဥက္ကဋ္ဌနှင့် နမ့်ဖက်ကာ ရဲခခန်းမှူး ဦးဆောင် သောင်း နှင့် ၂၀၀၅–ဦးအိုက်စိုင်း တို့မှသိမ်းဆည်း | ၁၃ ဧက | ၂၀၀၄–၂၀၀၄ တွင်သိမ်းဆည်းခံရပြီး ၂၀၀၈–၂၀၀၉ တွင်လည်း ကျန်နေသော မြေများကို သိမ်းယူရန် ခြိမ်းခြောက်ထားသည်။ |
| တပ်စခန်းနှင့်ရန်ပုံငွေအတွက် သိန်းနီမြို့နယ် မိုင်းလီရွာတွင်သိမ်းဆည်း | သိန်းနီအခြေစိုက် စကခ (၁၆) | ၁၀၀ ဧက | ဩဂုတ်လ ၂၀၁၀ တွင် သိမ်းဆည်းခံရသည်၊ |
| လားရှိုးမြို့ကိုရေပေးဝေရန်အတွက် နန့်စာင်ရွာတွင်ရေကာတာ တည်ဆောက်ရေး | လားရှိုးစစ်တိုင်းမှူး အမိန့်ဖြင့် သိမ်းဆည်း | ၁၀၀ ဧက | ၂၀၁၀–ဖေဖော်ဝါရီလ တွင် လာရောက်သိမ်းဆည်းသည် |

| | | | |
|---|---|---|---|
| ရထားလမ်းတည်ဆောက်ရေးအတွက် သီပေါမြို့နယ် ဆွတ်လမ်းရွာ ပန်စောက်ရွာများ | မြန်မာနိုင်ငံမီးရထား ပို့ဆောင်ရေး ဝန်ကြီးဌာန | ၁၀၀ ဧက | ၂၀၀၈–၂၀၀၉ တွင်စတင် သိမ်းဆည်းခံရပြီး ယနေ့အထိ ဆက်လက်ခံစားရနေ |
| ကျောက်မဲမြို့နယ်–နောင်တိန် ကျေးရွာအုပ်စုနှင့်တောင်စလစ်ကျောင်းရွာ အုပ်စု | ကျောက်မဲမြို့အာဏာ ပိုင်များနှင့်ရဲတပ်ဖွဲ့ ဝင်များ | ၁၃၀၀ ဧက | ဖေဖော်ဝါရီလ ၂၀၁၀ တွင်း သိမ်းဆည်းခဲ့သည် |
| နမ့်ဆမ်မြို့နယ် လွယ်ကန်ကျေးရွာ လက်ဖက်စိုက်ပျိုးရန် | လားရှိုးစစ်တိုင်းမှူး အမိန့်ဖြင့် နဂါးပုံကုမ္ပဏီမှ သိမ်းဆည်းသည် | ၅၀၀ ဧက | ဖေဖော်ဝါရီလ ၂၀၁၀တွင်း သိမ်းဆည်းခဲ့သည် |
| နမ့်ဆန်နှင့်မန်တုံဒေသတွင် လမ်းမတိုးချဲ့တည်ဆောက်ရန် | နမ့်ဆန်အာဏာပိုင်များ သဘောတူညီမှုဖြင့် မန်းမြင့်မိုရ်ဟိန်း ဖြူဇင်ချမ်းသာရွှေမြေ ကုမ္ပဏီလီမိတက် ***EXCELLENCE ENGINEERINGCo.,LTD*** | ၁၀၀၀ ဧက | ၂၀၀၅– တွင်စတင် သိမ်းဆည်းခံရပြီး ယနေ့အထိ ဆက်လက်သိမ်းဆည်းနေ |
| နမ်းခမ်းနှင့် ဘော်တွင်း အထိ လမ်း တလျောက်ဓါတ်အားလိုင်း တည်ဆောက်ရန်နှင့် သိုလှောင်ရုံများ တည်ဆောက်ရန် | YMEC (China), Asia World | မသိ | ၂၀၀၈ လမ်းတလျောက် ဓါတ်အားလိုင်း တည်ဆောက်ရန်နှင့် သိုလှောင်ရုံများ တည်ဆောက်ရန် မြေယာများသိမ်းဆည်း |
| ရွှေလီရေအားဓါတ်လိုင်းတည်ဆောက်ရေး နှင့် လိုင်းတလျောက် စိမ်းလမ်းရေး | နမ်းခမ်းမြို့နယ် မယက အဖွဲ့ | ၄၅ ဧက | ၂၀၀၅– တွင်စတင် သိမ်းဆည်းခံရပြီး ယနေ့အထိ ဆက်လက်ခံစားရနေ |
| အာဏာပိုင်များနှင့် ပူးတွဲပြီး မိုင်းတူဖော်ရန် | မန်တုံမြို့နယ် အာဏာပိုင်အဖွဲ့ | ၁၅၀ ဧက | မေလ ၂၀၀၇– သိမ်းဆည်းခဲ့ပြီး ဒေသခံ တောင်သူများနှင့်ဆွေးနွေးခြ င်း လျော်ပေးခြင်းမရှိပါ |
| လမ်းတိုးချဲ့တည်ဆောက်ရန်အတွက် တပ်မင်းသားရွာ၊ မန်ကန်ရွာသားများ တွင် ခြံများသိမ်းဆည်း | ဗိုလ်ကြီးသန်းထွန်း | မသိ | ၂၀၁၀–တွင်ဖြစ်ပွားပြီး အဓမ္မလုပ်အားပေး ခြင်းများလည်း ပါဝင်ရှိခဲ့သည်။ |

| | | | |
|---|---|---|---|
| နမ္မတူမြို့နယ် နားဆိုင်းရွာတွင် အာဏာပိုင်များသိမ်းဆည်း | နမ္မတူမြို့နယ် အာဏာပိုင်များ | ၄၀၀ ဧက | ၂၀၀၉–တွင်စတင် သိမ်းဆည်း ပြီး ၂၀၁၀–ဇူလိုင်အထိဆက်လက်ဖြစ်ပွားနေ |
| ပြည်သူ့စစ်အဖွဲ့ရန်ပုံငွေအတွက် မွေးမြူရေးနှင့် စိုက်ပျိုးရေးများ ပြုလုပ်ရန် | မူဆယ်မြို့နယ် နမ့်အွယ်ရွာ ဥက္ကဋ္ဌနှင့် ဒေသခေါင်းဆောင် ဦးညီစိန်။ မန်တုံဌာနေပြည်သူ့စစ် | ၆ ဧက | ၂၀၁၁–ဇူလိုင်လတွင် စတင်သိမ်းဆည်းခံရသည် |
| ပြည်သူ့စစ်အဖွဲ့ရန်ပုံငွေအတွက် မွေးမြူရေးနှင့်စိုက်ပျိုးရေးများပြုလုပ်ရန် | မူဆယ်မြို့နယ် နမ့်အွယ်ရွာ ဥက္ကဋ္ဌ | ၁၈ ဧက | ၂၀၁၁–ဇွန်လတွင် စတင်သိမ်းဆည်းခံရသည် |
| ငါးဂဏန်းကုမ္ပဏီများ တည်ဆောက်ရန် | မူဆယ်မြို့အာဏာပိုင်များမှ သိမ်းဆည်း | ၆၈ ဧက | ၂၀၀၆–တွင်စတင်သိမ်းဆည်းခံရပြီး ယနေ့အထိဆက်လတ်ခံစားရနေ |
| နေကြာပင်များစိုက်ပျိုးရန် | မူဆယ်မြို့အာဏာပိုင်များမှ သိမ်းဆည်း | ၇၀ ဧက | ၂၀၁၀တွင်စတင်သိမ်းဆည်းခံရပြီး ယနေ့အထိ ဆက်လတ်ခံစားရနေ |




ပုံစံပြ ဇယား (၁) လယ်ယာမြေသိမ်းဆည်းခြင်း ရည်ရွယ်ချက်ဇယား




ပုံစံပြဇယား (၂)တအာင်းဒေသရှိမြို့နယ် အလိုက်နှိုင်းယှဉ်မှုပြ လယ်ယာမြေသိမ်းဆည်းမှုများ

## လယ်ယာမြေ၊ အိမ်ရာမြေ အဆောက်အအုံများနှင့် စပ်လျဉ်းသည့် ဥပဒေ ကန့်သတ်ချက်များ

### နိုင်ငံတကာဆိုင်ရာ ဥပဒေ ကန့်သတ်ချက်များ

လယ်ယာမြေ၊ အိမ်ရာမြေအဆောက်အအုံ အခွင့်အရေးဆိုင်ရာ ဥပဒေသည် လယ်ယာမြေ၊ အိမ်ရာမြေ အဆောက်အအုံ အခွင့်အရေးများကို ရည်ညွှန်းသည်။[၁] အိမ်ယာမြေဆောက်လုပ်ပိုင်ဆိုင်ခွင့် အခွင့်အရေးကို အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေး ကြေညာစာတမ်းတွင် အသိအမှတ်ပြုထားပြီး၊ အတင်းအဓမ္မ နှင်ထုတ်ခြင်းသည် အလွန်ဆိုးရွားသော လူ့အခွင့်အရေး ချိုးဖောက်မှု ဖြစ်သည်ဟု နိုင်ငံတကာ အသိုင်းအဝန်းက လက်ခံထားကြသည်။

နိုင်ငံတကာဥပဒေပါ လယ်ယာမြေ၊ အိမ်ရာမြေ အဆောက်အအုံ အခွင့်အရေးသည် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေညာစာတမ်း၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု အခွင့်အရေးဆိုင်ရာ နိုင်ငံတကာ သဘောတူညီမှုစာချုပ် ICESCR ၊ ကလေးအခွင့်အရေးဆိုင်ရာ သဘောတူညီမှုစာချုပ် CRC နှင့် အမျိုးသမီးများအား နည်းလမ်းပေါင်းစုံဖြင့်ခွဲခြားဖိနှိပ်မှု ပပျောက်ရေးဆိုင်ရာ သဘောတူညီမှုစာချုပ် CEDAW တို့တွင်လည်း ပါရှိသည်။ မြန်မာနိုင်ငံသည် CRC နှင့် CEDAW စာချုပ်နှစ်ခုစလုံးကိုလက်မှတ်ရေးထိုးပါဝင်ထားပြီး၊ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေညာစာတမ်းမှာ တရားဝင်ဥပဒေ စာတမ်းနှင့် နိုင်ငံတကာ ဓလေ့ထုံးတမ်းဥပဒေအဖြစ် ကျယ်ကျယ်ပြန့်ပြန့် လက်ခံကြပြီးဖြစ်သည်။[၂]
အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေညာစာတမ်းတွင် အိမ်ယာမြေဆောက်လုပ်ပိုင်ဆိုင်ခွင့် အခွင့်အရေးမှာ လုံလောက် ပြည့်ဝသော နေထိုင်မှုဘဝရရှိရေး အခွင့်အရေးအတွက် မရှိမဖြစ်ပါဝင်ရမည့်အပိုင်းဖြစ်သည်ဟု ဖော်ပြထားသည်။ ကြေညာ စာတမ်း ပါ ပုဒ်မ ၁၇ တွင်–

> “လူတိုင်းသည် မိမိတဦးတည်းဖြစ်သော်လည်းကောင်း အခြားသူများနှင့်ဆက်စပ် ပူးပေါင်း၍ သော်လည်းကောင်း အိမ်ယာမြေပိုင်ဆိုင်ခွင့်ရှိစေရမည်။” နှင့် “မည်သူမျှ သူတပါး၏ပစ္စည်းဉစ္စာများကို ဥပဒေမဲ့မတရားသိမ်းယူခြင်း မရှိစေရ။”[၃]

၎ါကြေညာစာတမ်း သည် နိုင်ငံတကာလူအခွင့်အရေးသဘောတူညီချက်များ မြောက်များစွာ ထွက်ပေါ်လာစေရန် တွန်းအား ဖြစ်စေခဲ့ပြီး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု အခွင့်အရေးဆိုင်ရာ နိုင်ငံတကာ သဘောတူညီမှုစာချုပ် ICESCR ဦးစွာထွက်ပေါ် လာသည်။ ICESCR စာချုပ်သည် လုံလောက် ပြည့်ဝသော နေထိုင်မှုဘဝရရှိရေး အခွင့်အရေး အပါအဝင် လူ့အခွင့်အရေး အခြေခံလိုအပ်ချက်များကို အဓိက စုစည်းထားပြီး ICESCR၏ဖော်ပြချက်အမှတ် ၄ တွင် အောက်ပါ အတိုင်းဖော်ပြထားသည်။

သက်ဆိုင်ခွင့်သက်တမ်းကာလ ဥပဒေအရလုံခြုံခွင့် – လူတိုင်းသည် အတင်းအဓမ္မနှင်ထုတ်ခြင်း၊ ထိပါးနှောင့်ယှက်ခြင်းနှင့် အခြားသော ခြိမ်းခြောက်မှုများကို ခုခံကာကွယ်ရန်အာမခံပေးနိုင်သည့်

---

[1] Leckie, S. &Simperingham, E., *Housing, Land and Property Rights in Burma: The Current Legal Framework*, Displacement Solutions & the HLP Institute, 2009
[2] Leckie&Simperingham, *Housing, Land and Property Rights in Burma,*2009, p10-11
[3] Universal Declaration of Human Rights, take from internet source - www.uhdr.org

သက်ဆိုင်ခွင့်သက်တမ်းကာလ ဥပဒေအရလုံခြုံခွင့် ဒီဂရီ ရရှိခံစားနိုင်သည်။ နိုင်ငံအစိုးရတို့သည် လူပုဂ္ဂိုလ်များနှင့် အစုအဖွဲ့တို့အား ထိုကာကွယ်မှုများကင်းမဲ့နေပါက အတိုင်း အတာ တခုအထိ အကာအကွယ်ပေးရန် တာဝန်ယူရမည်ဖြစ်ပြီး၊ ထိုအတိုင်းအတာကိုလည်း ယင်းအုပ်စုများနှင့် ဆွေးနွေးညှိနှိုင်းရမည်။

အတင်းအဓမ္မနှင်ထုတ်ခြင်းသည် အလွန်ဆိုးရွားသော လူ့အခွင့်အရေး ချိုးဖောက်မှု ဖြစ်သည်ဟု နိုင်ငံတကာ အသိုင်းအဝန်းက လက်ခံကြေညာထားပြီးဖြစ်သည်။ ဥပဒေအရမှတ်ယူနိုင်သော အတင်းအဓမ္မနှင်ထုတ်မှုများ အတွက် တိကျသည့် ဥပဒေအဆင့် အတန်းသတ်မှတ်ချက်များအပေါ် ယင်းတို့ကျေနပ်မှုရှိစေရမည်။ အတင်းအဓမ္မ နှင်ထုတ်ခြင်းများမှာ ထူးခြားသော အခြေအနေ များတွင်သာ ဦးစွာဖြစ်ပျက်သင့်ပါသည်။ ဒုတိယအနေဖြင့် နိုင်ငံအစိုးရများမှ အင်အားအသုံးပြုမှုကို ရှောင်လွှဲနိုင်သမျှ၊ နည်းပါးနိုင်သမျှ အမြင်ဖြင့်ဆောင်ရွက်ရန်အတွက် အတင်းအဓမ္မနှင်ထုတ်ခြင်းမပြုမီ ထိခိုက်ခံရမည့် လူပုဂ္ဂိုလ်များနှင့် ဖြစ်နိုင် သည့် အခြားနည်းလမ်းများ အားလုံး အပေါ် ဆွေးနွေးညှိနှိုင်းခြင်းများပြုလုပ်ရမည်။

နောက်ဆုံးတွင် အတင်းအဓမ္မနှင်ထုတ်ခြင်း အတွက် အကျိုးသင့်အကြောင်းသင့် ဆောင်ရွက်ပြီးဖြစ်သည်ဟု ယူဆပြီးမှသာလျှင် နိုင်ငံတကာလူ့အခွင့်အရေးဥပဒေကန့်သတ်ချက်များအတိုင်း လုပ်ဆောင်ကြရမည်။ အကျိုးသင့်အကြောင်းသင့် ဆောင်ရွက်ခြင်း ဟုဆိုရာတွင် ထိခိုက်နစ်နာမှုအတွက် ဆွေးနွေးညှိနှိုင်းခြင်း၊ ထိခိုက်နစ်နာသူအားလုံးကို အလုံအလောက် အသိပေးခြင်း၊ အတင်းအဓမ္မနှင်ထုတ်ခြင်း ဆောင်ရွက်သူ အားလုံးကို သိသာစွာခွဲခြားသိမြင်နိုင်ခြင်း၊ သိမ်းလိုက်သည့်အိမ်၊ မြေတို့ကို မည်သည့်ရည်ရွယ်ချက်အတွက် အသုံးပြုကြမည်ကို သတင်းအချက်အလက်ပေးခြင်း၊ ထိခိုက်နစ်နာသူများအတွက် ကြောင်းကျိုး သင့်သည့် အချိန် အတိုင်းအတာပေးခြင်း၊ တရားရုံးများမှတဆင့်လျော်ကြေးရရှိရန်ကြိုးပမ်းရာတွင် ဖြစ်နိုင်သမျှ ဥပဒေအကူအညီ ပေးခြင်းတို့ပါဝင်သည်။

အခြေခံအားဖြင့် အထက်ဖော်ပြချက်များနှင့်ကိုက်ညီသော်ငြားလည်း အတင်းအဓမ္မ နှင်ထုတ်မှုများသည် လူပုဂ္ဂိုလ်များကို အိုးမဲ့အိမ်မဲ့ (သို့မဟုတ်) အတိဒုက္ခရောက် အားနည်းသွားသည်အထိ အခြားသူများ၏ လူအခွင့် အရေးချိုးဖောက်မှု မဖြစ် သင့်ပေ။ ICESCR အရ အတင်းအဓမ္မနှင်ထုတ်မှုကြောင့် ထိခိုက်နစ်နာသူများကို သင့်လျော်သည့်နေရာတွင် အခြေချနေ ထိုင်ရန်ရှာဖွေပေးခြင်း၊ နေအိမ်ဆောက်လုပ်ပေးခြင်း (သို့) စိုက်ပျိုးမြေ ဖော်ဆောင်ပေးခြင်း အစရှိသည့် အရင်းအနှီးများရယူနိုင်ရန် အစိုးရများမှဆောင်ရွက်ပေးရမည်ဖြစ်ပြီး၊ ခွဲခြား နိမ့်ချသည့်ဆောင်ရွက်ချက်များဖြင့် အဓမ္မနှင်ထုတ်မှုလုံးဝမပြုရပါ။[၄]

ICESCR စာချုပ်ကို လက်မှတ်မထိုးသည့်နိုင်ငံအနည်းငယ်တွင် မြန်မာနိုင်ငံလည်းပါဝင်သည်။ မြန်မာနိုင်ငံ အနေဖြင့် ထိုစာချုပ်ကို လက်မှတ်မထိုးခဲ့သော်လည်း ICESCR အခြေခံစည်းမျဉ်းများကို နိုင်ငံတကာတွင် ကျယ်ကျယ်ပြန့်ပြန့် လက်ခံစောင့်ထိန်းလာကြသည်။[၅] မြန်မာနိုင်ငံသည် ICESCR စာချုပ်ပါ မည်သည့် ပြဋ္ဌာန်း ချက်များကိုမျှ စောင့်ထိန်း လိုက်နာခြင်းမရှိကြောင်း ယခုအစီရင်ခံစာတွင် ထူးခြားထင်ရှားစွာ သက်သေတည် နေပါသည်။ ခြံမြေအတင်းအဓမ္မ သိမ်းပိုက်ခံ ရသူများသည် အိုးမဲ့အိမ်မဲ့ဖြစ်ပြီး အသက်မွေးဝမ်းကျောင်း ဆုံးရှုံး သွားစေမည့် အတင်းအဓမ္မနှင်ထုတ်ခြင်းကို အချိန်တိုင်း ရင်ဆိုင်ကြုံတွေ့နေကြရပါသည်။

---

[4] COHRE, A Brief Guide to International Housing and Land Rights, p12

[5] Leckie&Simperingham, Housing, Land and Property Rights in Burma: The Current Legal Framework, 2009

လယ်ယာမြေ၊ အိမ်ရာမြေအဆောက်အအုံ အခွင့်အရေးနှင့်ဆက်စပ်သည့် ဒုတိယမြောက် နိုင်ငံတကာဥပဒေမှာ အမျိုးသမီးများ အား နည်းလမ်းပေါင်းစုံဖြင့်ခွဲခြားဖိနှိပ်မှု ပပျောက်ရေးဆိုင်ရာ သဘောတူညီမှုစာချုပ် CEDAW ဖြစ်ပြီး၊ ထိုစာချုပ်ကို မြန်မာနိုင်ငံက အတည်ပြုလက်မှတ်ရေးထိုးခဲ့ပြီးဖြစ်သည်။ ကျေးလက်ဒေသရှိ အမျိုးသမီးများ အိမ်ရာပိုင်ဆိုင်ခွင့်ကို အထူး အခွင့်အရေးအဖြစ်ကာကွယ်စောင့်ရှောက်ရမည်ဟု CEDAW စာချုပ်၏ ပြဋ္ဌာန်းချက်တွင် လုပ်ဆောင်ချက်တချက် အဖြစ် ပါဝင်သည်။ စာချုပ်အဖွဲ့ဝင်နိုင်ငံများအနေဖြင့် "အမျိုးသမီးများအား လယ်ယာဥယျာဉ်ခြံမြေများ ပြုပြင်ပြောင်းလဲမှုနှင့် မြေယာ ပြန်လည် နေရာချထားရေး ကိစ္စရပ်များတွင် တန်းတူညီမျှဆက်ဆံခံရခြင်းကို သေချာစေရန်ဆောင်ရွက်ရမည်" ဟု CEDAW စာချုပ်တွင် တောင်းဆိုထားသည်။ ထို့အတူ အိမ်ထောင်ပြုကြသူနှစ်ဦးနှစ်ဘက်လုံးတွင် "လက်ထပ်ထိမ်းမြားရာတွင် ပစ္စည်း ဥစ္စာများ ပိုင်ဆိုင်ခွင့်၊ ရှာဖွေခွင့်၊ စီမံခန့်ခွဲပိုင်ခွင့်၊ သုံးစွဲခွင့်နှင့် ရွှေ့ပြောင်းပိုင်ခွင့်တို့တွင် တူညီသည့် အခွင့်အရေး ရှိသည်ကို လေးစားလိုက်နာရမည်" ဟု စာချုပ်တွင်ပါရှိသည်။

ယေဘုယျအားဖြင့် အမျိုးသမီးများအတွက် တန်းတူညီမျှခွင့်ကို မြှင့်တင် ထားပါသည်။ ထိုကဲ့သို့ပြဋ္ဌာန်းထားသော နိုင်ငံတကာဥပဒေကန့်သက်ချက်ကို မြန်မာအစိုးရမှ လက်မှတ်ရေးထိုး အတည်ပြုခဲ့ သော်လည်း အမျိုးသမီးများ မှာ လယ်ယာမြေ၊ အိမ်ရာမြေအဆောက်အအုံ အခွင့်အရေး (သို့) မြေယာပြန်လည် နေရာချထားရေးကိစ္စ ရပ်များတွင် ယင်းတို့နှင့်ယင်းတို့၏မိသားစုအတွက် အကျိုးခံစားခွင့်ရရှိရန်မလုပ်ဆောင်နိုင်သေးချေ။

ကလေးအခွင့်အရေးဆိုင်ရာ သဘောတူညီမှုစာချုပ် CRC ကိုလည်း မြန်မာနိုင်ငံက အတည်ပြုလက်မှတ် ရေး ထိုး ခဲ့ပြီးဖြစ်သည်။ ကလေးသူငယ်များ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုနှင့် နိုင်ငံသားအခွင့်အရေး ဆိုင်ရာများကို ဤသဘောတူညီမှု စာချုပ်တွင် သဘောတူပြဋ္ဌာန်းထားသည်။ CRC စာချုပ်သည် အစိုးရများ အနေဖြင့် ကလေးသူငယ်တို့၏အကျိုးစီးပွားကို အကောင်းဆုံးဆောင်ရွက်ရန် ကလေးသူငယ်များ၏ လိုအပ်ချက် တခုချင်းစီကို ကိုင်တွယ်ဖြေရှင်းထားပါသည်။ ကလေးသူငယ်များ ပြည့်မီသောနားခိုရန် အိမ်ရာဆိုင်ရာ အခွင့်အရေးကို စာချုပ်ကအသိအမှတ်ပြုထားသည်။[၆] CRC စာချုပ်ကို မြန်မာ အစိုးရက အတည်ပြု လက်မှတ် ရေးထိုးခဲ့ပြီးဖြစ်သော်လည်း မိသားစုများ၏လယ်ယာမြေများ အတင်းအဓမ္မ သိမ်းပိုက်ခံရသည့် အချိန်တွင် "ကလေးသူငယ်တို့၏ အကျိုးစီးပွားကိုအကောင်းဆုံး ဆောင်ရွက်ရန်" ဟူသည်ကို ထည့်သွင်းစဉ်းစားခြင်း လွန်စွာ ရှားပါးနေသည်ကို ယခုအစီရင်ခံစာတွင်တင်ပြထားသည်ကို သက်သေသာဓကအဖြစ် တွေ့မြင်နိုင် ပါသည်။

[၆] COHRE, A Guide to Housing, Land and Property Rights in Burma, 2009, Geneva, p12

# မြန်မာနိုင်ငံ ပြည်တွင်းဥပဒေ ကန့်သတ်ချက်များ

မြန်မာနိုင်ငံနှင့်ဆက်နွယ်လာလျှင် နိုင်ငံတကာဥပဒေကန့်သတ်ချက်မှာ လေးနက်မှုမရှိကြောင်း တွေ့မြင်ရသည်။ နိုင်ငံတကာ လူ့အခွင့်အရေးစာချုပ်များတွင် ပါဝင်ကြသည့်နိုင်ငံတကာအသိုင်းအဝိုင်းတွင် မြန်မာနိုင်ငံသည် လက်မှတ်ရေးထိုးအတည်ပြုပြီး လိုက်နာခြင်း မရှိသည့် အဆိုးရွားဆုံးမှတ်တမ်းဝင်နိုင်ငံ တနိုင်ငံတွင်ပါဝင်နေသည်ကို အားလုံးကျယ်ပြန့်စွာသိရှိပြီးဖြစ်သည်။ မြန်မာအစိုးရသည် လက်မှတ်ရေးထိုးအတည်ပြုထားသည့် စာချုပ်အပါအဝင် နိုင်ငံတကာသဘောတူညီမှုစာချုပ်များကို ဆက်လက် လစ်လျူရှုထားလျှက်ရှိသည်။

မြန်မာအစိုးရသည် ပြည်တွင်းရှိ မြေယာဥပဒေကိုလည်း လိုက်နာခြင်းမရှိဘဲ လစ်လျူရှုထားသည်။ မြန်မာနိုင်ငံတွင် မြေယာ ဆိုင်ရာဥပဒေများ ရှိသော်လည်း အဓိပ္ပါယ်နှစ်ခွဖြစ်နေခြင်းနှင့် ရှေ့နောက် မညီပဲ ဆန့်ကျင် ကွဲလွဲမှုများ ဖြစ်နေသည်ကို တွေ့ရှိ ရပါသည်။ မြေယာသိမ်းယူပိုင်ခွင့်နှင့်စပ်လျဉ်းပြီး အဓိကကျသော ဖော်ပြချက် တခုတွင် – ပြည်သူလူထုတို့၏ အခြေခံအခွင့်အရေး များကို ထည့်သွင်းစဉ်းစားခြင်းမရှိပဲ မြေယာမှန်သမျှ အားလုံးကို နိုင်ငံတော်ကပိုင်ဆိုင်သည်– ဟု ဖော်ပြထားခြင်းမှာ မြန်မာ နိုင်ငံသားတို့၏ လယ်ယာ မြေ၊ အိမ်ရာမြေ အဆောက်အအုံ အခွင့်အရေးများ၊ အခြားဥပဒေများနှင့် ရှေ့နောက်မညီပဲ ဆန့်ကျင်ကွဲလွဲနေ သည်ကို တွေ့ရသည်။ ဥပမာ–

> “နိုင်ငံတော်မှ နိုင်ငံသားများအား ပစ္စည်းပိုင်ဆိုင်ခွင့်၊ အမွေဆက်ခံခွင့်၊ ကိုယ်ပိုင်လုပ်ကိုင်ခွင့်၊ တီထွင်ခွင့်နှင့် မူပိုင်ခွင့်တို့ကို ဥပဒေ ပြဋ္ဌာန်းချက်နှင့်အညီ ခွင့်ပြုရမည်” မြန်မာနိုင်ငံ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ –ပုဒ်မ ၃၇ (ဂ)

အထက်ဖော်ပြပါ ပုဒ်မ ၃၇ (ဂ)သည် နိုင်ငံသားများမှာ ပစ္စည်းဥစ္စာပိုင်ဆိုင်ခွင့်နှင့် အမွေဆက်ခံပိုင်ခွင့်ရှိသည်ဟု ရှင်းလင်းစွာ ဖော်ပြထားသော်လည်း အခြားတဘက်တွင်မူ ပေးအပ်ထားသည့်အခွင့်အရေးကို ပြန်လည်ရုတ်သိမ်းကန့်သတ်ထားသည်ကို အောက်ဖော်ပြပါ ပုဒ်မတွင်တွေ့မြင်နိုင်သည်။ မြန်မာပြည်ရှိအရာအားလုံးကို နိုင်ငံတော်ကပိုင်ဆိုင်ရန် အခွင့်အာဏာရှိသည်ကို ထင်ရှားစွာဖော်ပြထားသည်မှာ ပုဒ်မ၏ရှေ့ပိုင်းတွင် ဖော်ပြချက်များနှင့် ဆန့်ကျင်ကွဲလွဲနေကြောင်း တွေ့မြင်ရပါသည်။

> “နိုင်ငံတော်သည် နိုင်ငံတော်ရှိ မြေအားလုံး၊ မြေပေါ်မြေအောက်၊ ရေပေါ်ရေအောက်နှင့် လေထုအတွင်းရှိ သယံဇာတ ပစ္စည်းအားလုံး၏ ပင်ရင်းပိုင်ရှင်ဖြစ်သည်” မြန်မာနိုင်ငံ ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေ –ပုဒ်မ ၃၇ (က)

အိမ်ရာ၊ ခြံမြေနှင့် ပစ္စည်းဥစ္စာ ပိုင်ဆိုင်မှုအခန်းကဏ္ဍတို့တွင် စစ်အုပ်စုက တင်းကြပ်စွာဦးစီးချုပ်ကိုင်ထားသည်။ ထိုကဲ့သို့ ချုပ်ကိုင်ခြင်း၏ဦးတည်ချက်မှာ နိုင်ငံအာဏာကိုလက်ဝယ်တွင်ထားရှိကာ မြန်မာပြည်သူထုတရပ်လုံးနှင့်

အရင်းအမြစ် အားလုံးကို ထိန်းချုပ်ထားရန်ဖြစ်ပြီး မြန်မာပြည်ရှိတိုင်းရင်းသားလူမျိုးစုတို့မှာ အမှန်တကယ် ထူးခြားစွာ ဖိနှိပ်ခံနေကြရပါသည်။

မြန်မာအစိုးရသည် လယ်ယာခြံမြေများအဓမ္မသိမ်းပိုက်ရန် လယ်ယာမြေပိုင်ဆိုင်ခွင့်အက်ဥပဒေ (၁၈၉၄)ကို အဓိက အသုံးပြုခဲ့ ကြသည်။ ဤအက်ဥပဒေတွင် အများပြည်သူအကျိုးစီးပွားအတွက်လိုအပ်လာလျှင် နိုင်ငံတော်က မည်သည့်လယ်မြေကိုမဆို သိမ်းပိုက်နိုင်ပြီး၊ မူလပိုင်ရှင်များအား ပြည့်ဝသော လျော်ကြေးငွေပေးရ မည်ဟု ပြဌာန်းထားသည်။ ဤအက်ဥပဒေသည် မြန်မာနိုင်ငံတွင် အသုံးပြုမှုအများဆုံးဖြစ်သည်။ အက်ဥပဒေ တွင် သတိပေးနိုးတစ်စာပေးအပ်ရန်၊ လယ်ယာမြေသိမ်းယူမှုကို ကန့်ကွက်နိုင်သည့်လုပ်ထုံးလုပ်နည်းများ၊ မြေယာ များကိုတန်းဖိုးသတ်မှတ်ရန်၊ မြေယာပိုင်ဆိုင်မှု လုပ်ထုံးလုပ်နည်းအဆင့်ဆင့်၊ တရားရုံးလုပ်ထုံး နှင့် အသနားခံစာ တင်ခြင်း၊ လယ်ယာမြေများကိုယာယီသိမ်းယူရန်လုပ်ထုံးလုပ်နည်းများနှင့် ဥစ္စာပစ္စည်း ပိုင်ဆိုင်မှု အတွက် ပူးပေါင်း ဆောင်ရွက်ရမည့်အချက်များ အစရှိသည့် လုပ်ထုံးလုပ်နည်းများစွာကိုဖော်ပြထားပါသည်။

အက်ဥပဒေတွင် အာဏာပိုင်များက လယ်ယာမြေ၏ မူလပိုင်ရှင်များအား လျော်ကြေးပေးရန်လိုအပ်သည်ဟု ဖော်ပြထား သော်လည်း လယ်မြေသိမ်းယူခြင်းအတွက်လျော်ကြေးငွေမှာ လယ်မြေ၏ထိုက်တန်သည့်တန်ဖိုးထက် အဆမတန်လျော့နည်း သည့်ပမာဏကိုသာရရှိခြင်းနှင့် အချို့မှာလုံးဝမရရှိကြသည်ကို မိမိတို့၏ ယခု အစီရင်ခံစာ တွင် တွေ့မြင်နိုင်ပါသည်။ မြန်မာနိုင်ငံ ၏ အိမ်ရာ၊ ခြံမြေနှင့် ပစ္စည်းဥစ္စာ ပိုင်ဆိုင်မှုအခွင့်အရေးများ(၂၀၀၉)ပါ ရွှေ့ပြောင်းနေရာချခြင်းဆိုင်ရာဖြေရှင်းမှုများအရ ၁၉၆၂ ခုနှစ်ကတည်းက သိမ်းယူခဲ့သည့်လယ်ယာမြေများစွာမှာ လယ်ယာမြေပိုင်ဆိုင်ခွင့် အက်ဥပဒေပါပြဌာန်းချက်များနှင့်အညီ သိမ်းယူခဲ့ကြောင်းရှင်းချက်ထုတ်ထားပါသည်။[၁]

လယ်ယာမြေ၊ အိမ်ရာမြေအဆောက်အအုံအခွင့်အရေးများကို နိုင်ငံတကာဥပဒေအရကာကွယ်ထားပါသည်။ မြန်မာနိုင်ငံသည် ထိုဥပဒေပါ အချို့သောတာဝန်ဝတ္တရားများကို ပြည်တွင်းဥပဒေ အဖြစ်ပြောင်းလဲ ကျင့်သုံးခဲ့ သော် လည်း ထိုဥပဒေများမှာ လက်တွေ့အကောင်အထည်ဖော်ခြင်း မရှိသေးသည်ကို ဤအစီရင်ခံစာတွင် ကောက်ခံရရှိခဲ့သည့် လယ်ယာမြေ သိမ်းခံရသူများ ထုတ်ဖော်ပြောဆိုချက်များတွင် တွေ့မြင်နိုင်မည်ဖြစ်သည်။ ထို့ပြင် အထူးသဖြင့်တိုင်းရင်းသားဒေသနှင့် ပြည်သူအများအတွက် အရေးဖြစ်သော ရိုးရာဓလေ့ ထုံးတမ်း ဥပဒေ ကို အစိုးရက အသိအမှတ်မပြုပါ။ ဌာနေတိုင်းရင်းသားပြည်သူများမှာ ဘိုးဘွား စဉ်ဆက်ကတည်းက နှစ်ပေါင်း များစွာပိုင်ဆိုင်လုပ်ကိုင်ခဲ့သော မြေယာများကို မိမိတို့ဒေသအတွင်းရှိ ရိုးရာဓလေ့ ထုံးတမ်းများအရ ဆင့်ကဲလက်လွှဲခဲ့သဖြင့် မိမိတို့၏ဓလေ့ထုံးတမ်းဥပဒေအရ မိသားစုပိုင် လူမှုအသိုင်းဝိုင်းပိုင်များ ဖြစ်သည်ဟု မြေယာ ပိုင်ဆိုင်မှု အရင်းအမြစ်အပေါ် ရှုမြင်ထားကြပါသည်။ (COHRE မြန်မာနိုင်ငံအစီရင်ခံစာ)

ဒေသတွင်းသြဇာအာဏာ ရှိသူတို့က နှစ်ပေါင်းများစွာကပင် ရိုးရာဓလေ့ထုံးတမ်း ပုံစံများအရသာ အလုပ် လုပ်ခဲ့ကြပြီး လယ်ယာပိုင်ဆိုင်ကြောင်းစာရွက် စာတမ်းများထုတ်ပေးခြင်း မရှိသလောက်နည်းပါးလှပါသည်။ လယ်ယာမြေများကိုလည်း ရောင်းချခြင်း သို့မဟုတ် အခြားသူများအား လွှဲပြောင်းပေးအပ်ခြင်း နည်းပါးလှပြီး ဘိုးဘွားမျိုးရိုးစဉ်ဆက်အလိုက် ပြောင်းလွှဲ အမွေဆက်ခံခြင်းသာ ပြုလုပ်လေ့ရှိပါသည်။

[1] Leckie & Simperingham, 2009, p23 *through Burma's Lower Parliament and is currently awaiting approval from the Upper House*

မြန်မာပြည်တွင် လယ်ယာမြေ၊ အိမ်ရာမြေအဆောက်အအုံ အခွင့်အရေးများ အတွက် အရေးတယူ ဆောင်ရွက်မည် ဆိုပါက ထိုဓလေ့ထုံးတမ်းဥပဒေများကို လစ်လျူရှုထားခြင်း မပြုသင့်ပေ။ အထူးသဖြင့် ဌာနေတိုင်းရင်းသားလူမျိုးများနှင့် သက်ဆိုင်သည့်ကိစ္စရပ်များတွင် ရိုးရာဓလေ့ထုံးတမ်းများကို အလေးထားသင့်ပါသည်။ ဒေသခံတို့၏ဓလေ့ထုံးတမ်းများကို ထပ်ကာထပ်ကာမျက်ကွယ်ပြုထားပြီး သဘာဝသယံဇာတ ပေါကြွယ်ဝသော တိုင်းရင်းသား ဒေသများတွင် လယ်ယာမြေများကို အတင်းအဓမ္မသိမ်းယူခြင်း၊ ဖိအားပေးနှင်ထုတ်ခြင်းများ ပြုလုပ်ခဲ့ကြပါသည်။ တရားဥပဒေစိုးမိုးမှုကင်းမဲ့ခြင်းနှင့် လုပ်ငန်းရှင် ကိုယ်ကျိုးစီးပွားတို့ကြောင့် အခြေအနေများမှာပိုမိုဆိုးရွား လာလျှက်ရှိသည်။

မှတ်ချက်။ ။ TSYO မှယခုအစီရင်ခံစာမထုတ်မီကာလအတွင်းပင် မြန်မာအစိုးရက ၂၀၁၁ လယ်ယာမြေဥပဒေတရပ်ကိုဥပဒေပြုရန်ပြင်ဆင်လျှက်ရှိသည်ဟု လေ့လာသိရှိရပါသည်။[၂]

---

[2]*Close to the time of print TSYO learned of Burmese Government plans to pass a New Land Law into legislation.We are **not** entirely certain of the exact content of this law however based on media reports it is said to contain ramifications for compensation received by the victims of land confiscation, which will ultimately be decided by the Government. Secondly it has been inferred that compensation for land taken will **only** be given to land owners who possess Land Grant Documents. Thirdly the new land law is said to stipulate that the confiscation of land will be deemed wholly appropriate if it is needed for the purpose of development projects. This law has already been passed through Burma's Lower Parliament and is currently awaiting approval from the Upper House.*

# လယ်ယာမြေသိမ်းဆည်းခြင်း

## ဆိုးရွားမှုအခြေအနေ



လက်ဖက်ခြံကို ဖျက်ဆီးနေသော ဖွံ့ဖြိုးရေးစီမံကိန်း

## လယ်ယာမြေသိမ်းဆည်းခြင်း ဆိုးရွားမှုအခြေအနေ

TSYOသုတေသနပြုချက်အရကောက်ခံရရှိခဲ့သော တအာင်းဒေသရှိသိမ်းဆည်းခံရသည့် လယ်ယာခြံမြေပမာဏမှာ ခန့်မှန်းခြေ ၄၂၉၄၀–ဧကကျော်ရှိပါသည်။ မြန်မာပြည်၏နယ်မြေအကျယ်အဝန်းနှင့်နှိုင်းယှဉ်လျှင်များပြားသည့်ပမာဏဟု မဆိုနိုင် သော်လည်း၊ လယ်ယာမြေပမာဏထက် လယ်ယာခြံမြေ သိမ်းဆည်းခံရခြင်းကြောင့် ဒေသခံပြည်သူများ၊ အိမ်ခြံမြေများနှင့် အသက်မွေးဝမ်းကျောင်းတို့ကို ထိခိုက်ခံစားရသည့်နောက်ဆက်တွဲပြဿနာကို အလေးအနက်ထားသတိပြုရန် အရေးကြီးပါ သည်။ လက်ဖက်တောင်သူတဦးမှာပုံမှန်အားဖြင့်လယ်ယာခြံမြေ ပျမ်းမျှ ၅ ဧကခန့်ပိုင်ဆိုင်ကြသည်။ ခြံမြေ ၄၂၉၄၀–ဧကကျော် အတင်းအဓမ္မသိမ်းဆည်းခြင်းကိုခံခဲ့ရသည်ဟုဆိုလျှင် မိသားစု ၈၅၈၈ စု၏ မှီခိုအားထားရာခြံမြေများကို အာဏာပိုင်တို့မတရားသိမ်းပိုက်လိုက် သည်ဟု ဆိုရမည်ဖြစ်သည်။ ထို့ကြောင့် ၈၅၈၈ စုခန့်ရှိသောတအာင်းမိသားစုတို့၏မိသားစုဘဝနှင့် အသက်မွေးဝမ်းကြောင်းလုပ်ငန်းတို့မှာ ရက်စက်စွာ ရုတ်တရက်လုယူသိမ်းပိုက်ခြင်းခံခဲ့ကြရပြီး၊ ထက်ဝက်ကျော်မှာ နေအိမ်များ မှ အတင်းအဓမ္မရွှေ့ပြောင်းနှင်ထုတ်ခံခဲ့ကြရပါသည်။

လွန်ခဲ့သောဆယ်နှစ်တာကာလအတွင်းတွင် ရခိုင်၊ မွန်၊ ကရင်၊ ရှမ်း၊ ကချင်နှင့် ပအိုဝ်း လူထုအခြေပြုအဖွဲ့များကယင်းတို့၏ နယ်မြေဒေသရှိ လယ်ယာမြေသိမ်းဆည်းခံရမှုနှင့်ပတ်သက်သည့် အစီရင်ခံစာများ ထုတ်ဝေခဲ့ကြသည်။[1] ထိုအချက်များ မှာ မြန်မာနိုင်ငံအတွင်း လယ်ယာခြံမြေသိမ်းဆည်းခံရမှုပမာဏ ကြီးမားကျယ်ပြန့်စွာဖြစ်ပေါ်နေသည်ကိုဖော်ညွှန်းနေပြီး၊ ထိုလယ်ယာမြေသိမ်းပိုက်ခံရခြင်းကြောင့် တိုင်းရင်းသားလူမျိုးတိုင်းဆိုးရွားသည့်လူ့အခွင့်အရေးချိုးဖောက်မှုများကို ခံစားနေခဲ့ ကြရသည်။ ထိုသတင်းအချက်အလက်များကို စုစည်းသုံးသပ်လိုက်ပါက လယ်ယာခြံမြေသိမ်းယူခံရသည့် ဆိုးရွားသည့်ပြဿနာမှာ တအာင်းလူမျိုးကသာ ခံစားနေရသည်မဟုတ်ဘဲ မြန်မာပြည်ရှိ တိုင်းရင်းသားလူမျိုးအားလုံး ထိုပြဿနာနှင့် ရင်ဆိုင်နေရသည်ကို တွေ့ရှိရပါသည်။ အစပြုအခြေအနေတွင်ပင် တအာင်းဒေသရှိ ခြံမြေ ဧကမှာ မြန်မာအစိုးရ၏ နိုင်ငံသားတို့အပေါ်ကျရောက်မည့်ဆိုးကျိုးများကိုထည့်သွင်းစဉ်းစားခြင်း၊ အသိပေးခြင်းမပြုဘဲ ဆက်လက်သိမ်းပိုက်ခြင်းကို ကံဆိုးမိုးမှောင်ကြီးစွာရင်ဆိုင်နေရသည်။ ထိုကဲ့သို့လယ်ယာခြံမြေများဆက်လက်အသိမ်းပိုက်ခံနေရသည့် အကြောင်းအရင်း နောက်ခံအခြေအနေအသေးစိပ်အချို့ကို အောက်တွင်ဖော်ပြထားပါသည်။

တအာင်းဒေသတွင် အကြောင်းအမျိုးမျိုးကြောင့် လယ်ယာခြံမြေအတင်းအဓမ္မသိမ်းဆည်းခံရမှုများ လွန်ခဲ့သည့်ကိုးနှစ်ခန့်မှစ၍ ထူးခြားစွာတိုးများလာသည်။ အခြေခံအကြောင်းအရင်းများမှာ မြန်မာအစိုးရမှ တရုတ်နိုင်ငံနှင့်ပူးပေါင်းပြီး ရှမ်းပြည်နယ် မြောက်ပိုင်းရှိ ရွှေလီမြစ်တလျှောက်တွင် ကြီးမားသည့်ဖွံ့ဖြိုးရေးနှင့် သဘာဝအရင်းအမြစ်များ ထုတ်ယူသုံးစွဲသည့် စီမံချက်များ ကြောင့်ပင်ဖြစ်သည်။

ထိုစီမံချက်များထဲမှ ရွှေလီရေအားလျှပ်စစ်စီမံချက်မှာ ၂၀၀၂ ခုနှစ်တွင် ပထမဦးဆုံးစတင်သည့် စီမံချက်ဖြစ်သည်။ ရွှေလီမြစ်ပေါ် တွင် ရေကာတာသုံးခု တည်ဆောက်မည်ဖြစ်သည်။ ရွှေလီရေကာတာအမှတ်(၁)မှာ တည်ဆောက်ပြီးစီးသွားပြီဖြစ်ပြီး ထိုစီမံချက်ကြောင့်ဖြစ်ပေါ်သည့် ထိခိုက်နစ်နာမှုများကို TSYO မှ သတင်းအချက်အလက်

---

[1] Holding Our Ground, Combined publications AASYC, MYPO and PYO, 2007; Tyrants, Tycoons and Tigers ,Kachin Networking Development Group, 2010;No Land to Farm, HURFOM, 2003

ကောက်ခံပြီး ၂၀၀၇ ခုနှစ်တွင် “စစ်ဖိနပ်အောက်ကရေကာတာ” အစီရင်ခံစာကို ထုတ်ဝေခဲ့သည်[၂]။ အခြား ရေကာတာ နှစ်ခုမှာလက်ရှိဆောက်လုပ်ဆဲဖြစ်ပြီး ထိုဒေသရှိ လယ်ယာခြံမြေများကို စီမံချက်ဆောင်ရွက်ရန် အလို့ငှာ ဆက်လက်သိမ်ဆည်းနေလျှက်ရှိသည်။ ထို ကြီးမားသည့် ရေကာတာ သုံးခု ပေါင်းလျှင် ရေအား လျှပ်စစ်မီးစွမ်းအားပမာဏ စုစုပေါင်း ၁၄၂၀ မီဂါဝပ် ထွက်ရှိနိုင်မည်ဖြစ်သည်။ ရေကာတာမှ ထွက်ရှိသည့် ရေအားလျှပ်စစ်မီးမှာ မြန်မာပြည်သူလူထုအတွက်အကျိုးရှိနိုင်မည်ဟု မြန်မာအစိုးရမှ နိုင်ငံပိုင်သတင်းစာတွင် ထုတ်ပြန်ထားခဲ့သော်လည်း၊ အမှန်တကယ်တွင်မူ ရေအားလျှပ်စစ်စွမ်းအား၏ ၈၅ ရာခိုင်နှုန်းကို တရုတ်နိုင်ငံသို့ရောင်းချပြီးဖြစ်သည်။ ရေအားလျှပ်စစ်ဓါတ်အားပေးဌာနမှ လုပ်ငန်းများ အကောင် အထည်ဖော်ရန်နှင့် တအာင်း ဒေသတွင်း အကျိုးခံစားရမည့်သူများမှာ စစ်တပ်ရင်းစခန်းများ၊ မြို့ပြစက်ရုံ အလုပ်ရုံ



**တအာင်းရေိယာတွင်ခြံမြေသိမ်းပြီး လျှပ်စစ်ဓါတ်အားလိုင်းတိုင် တည်ဆောက်ပုံ**

ကြီးများနှင့် မြင့်မားသည့် လျှပ်စစ်မီး ဝန်ဆောင်မှုနှုန်းထားကို တတ်နိုင်သည့် ငွေကြေးရှင် စစ်ခေါင်းဆောင်များက ၁၅ ရာခိုင်နှုန်းခန့်အသုံးပြုမည်ဖြစ်သည်။

မြန်မာအစိုးရနှင့် အပြန်အလှန်သဘောတူညီမှုစာချုပ်လက်မှတ်ရေးထိုးထားကြသည့် ကုမ္ပဏီများစွာတို့မှာ ရေကာတာ ဆောက်လုပ်ရေးတွင် ပါဝင်ပတ်သက်ကြသည်။ ရွှေလီရေကာတာ အမှတ်(၁)စီမံချက်မှာ မြန်မာ လျှပ်စွမ်းအင်ဝန်ကြီးဌာနနှင့် ယူနန်စွမ်းအင်ဖွံ့ဖြိုးရေးပူးတွဲကုမ္ပဏီ YUPP တို့အကြား သဘောတူထားသည့် စီမံချက်ဖြစ်သည်။ ရွှေလီရေကာတာ အမှတ် (၂) စီမံချက်မှာ အေးရှဝေါလ်ကုမ္ပဏီလီမိတက်နှင့် ဟွေနန်လန်စင်း မြစ်ရေအားလျှပ်စစ်ကုမ္ပဏီတို့၏ ပူးပေါင်းဆောင်ရွက်မှု ဖြစ်သည်။ ရွှေလီရေကာတာ အမှတ်(၃)စီမံချက်ကို

[2] TSYO, *“Under The Boot”*, 2007

ကိုလန်ကိုအင်ဂျင်နီယာရင်းစွမ်းအား ဆီွစ်ကုမ္ပဏီ CPE နှင့်ဆွေးနွေး ညှိနှိုင်းဆောင်ရွက်ရန် စီမံပြီးဖြစ်သည်။ (အသေးစိပ်ကို "စစ်ဖိနပ်အောက်ကရေကာတာ" အစီရင်ခံစာတွင်လေ့လာနိုင်သည်။)

တအာင်းဒေသအပေါ် တိုက်ရိုက်ဆိုးကျိုးသက်ရောက်စေသော ဒုတိယဖွံ့ဖြိုးရေးစီမံကိန်းမှာ ရွှေသဘောဝ ဓါတ်ငွေ့နှင့် ရေနံ ပိုက်လိုင်းဆောက်လုပ်ရေး စီမံချက်တို့ဖြစ်သည်။ ရွှေ သဘောဝဓါတ်ငွေ့နှင့် ရေနံပိုက်လိုင်း ဆောက်လုပ်ရေး စီမံချက်သည် မြန်မာ ပြည်အနောက်ဘက်ကမ်းခြေ ဘင်္ဂလားပင်လယ်အော်မှ တရုတ်နိုင်ငံ ယူနယ်ခရိုင်သို့အရောက် ပိုက်လိုင်းများ နိုင်ငံတနံတလျား ဖြတ်သန်းဖောက်လုပ်ပြီး ပို့ဆောင်ပေးရမည့် စီမံချက်ဖြစ်သည်။ ကြီးမားသည့်ပိုက်လိုင်းနှစ်ခုသည် ရခိုင်ပြည်နယ်၊ မကွေးတိုင်း၊ မန္တလေးတိုင်းနှင့် ရှမ်းပြည်နယ်ရှိ တောင်တန်းများ၊ လွင်ပြင်များ၊ သစ်တောများ၊ မြစ်ချောင်းများ၊ တိုင်းရင်းသားလူမျိုးပေါင်းစုံ နေထိုင်သည့် ကျေးရွာများနှင့်မြို့များ အစရှိသည်တို့ကို ဖြတ်သန်းဖောက်လုပ်မည်ဖြစ်သည်[၃]။

CNPC မှ ထိုပိုက်လိုင်းဖြင့် တင်ပို့မည့် သဘောဝ ဓါတ်ငွေ့နှင့်ရေနံများသည် တရုတ်နိုင်ငံရှိ စက်ရုံနှင့် လုပ်ငန်းများအတွက်လိုအပ်သည့် စွမ်းအင်များကို ဖြည့်ဆည်း ပေးမည်ဖြစ်ပြီး မြန်မာ့အာဏာရှင်အတွက် ဒေါ်လာဘီလီယမ်ပေါင်းမြောက်များစွာ ရရှိစေမည်ဖြစ်သည်။ ဒေသခံများ အတွက်မူ အနည်းငယ်သာ အကျိုးပြုနိုင်လိမ့်မည်။ ပိုက်လိုင်းများကို ဆောက်လုပ်နေပြီဖြစ်ပြီး ရှမ်းပြည် မြောက်ပိုင်းရှိ တအာင်းဒေသ



ရွှေလီရေကာတာ(၁)လုံခြုံရေးအတွက် အခြေစိုက်ထားသော ခလရ (၁၄၄)တပ်ရင်း အဝင်ဂိတ်

[၃] Asian Development Bank Website – www.adb.org/document/pwg-fg-rptcc-annex5-mya.pdf

အပါအဝင် ပိုက်လိုင်းလမ်းကြောင်း တလျှောက်ရှိ ဒေသခံပြည်သူများအပေါ် ကြီးမားသည့် ဆိုးကျိုးများကျရောက်နေလျှက်ရှိသည်။ ရွှေပိုက်လိုင်းစီမံချက်အတွက် နမ္မတူနှင့် မန်တုံမြို့နယ်ရှိ တအာင်းပြည်သူများမှာ ယင်းတို့၏နေအိမ်များ အတင်းပြောင်းရွှေ့ခြင်း၊ ခြံမြေများသိမ်းပိုက်ခြင်း အစရှိသည် တို့ကိုခံနေကြရပြီဖြစ်သည်။ ထိုပြင် ပိုက်လိုင်းဖောက်လုပ်ခြင်းကြောင့် စစ်တပ်များတိုးချဲ့လာသဖြင့် ဒေသခံ ပြည်သူများအပေါ် ဆိုးကျိုးများစွာသက်ရောက်နေလျှက်ရှိပြီး၊ စီမံချက်နှင့်စပ်လျဉ်းသည့် အကြောင်းအရာ သတင်းအချက်အလက်များကို မည်သူမှသိခွင့်မရှိခဲ့ချေ။ ယင်းတို့၏ခြံမြေနှင့်ပိုင်ဆိုင်မှုအတွက် လျှော်ကြေးငွေ တစုံတရာ ရရှိနိုင်မည်ကိုပင် မသိရှိနိုင်သေးပေ။

တအာင်းဒေသတွင် စတင်ပြုလုပ်လာသည့် တတိယစီမံကိန်းမှာ တရုတ်နိုင်ငံ တောင်ပိုင်းအစွန်ရှိ ရွှေလီမြို့ မီးရထားလမ်း နှင့်ဆက်သွယ်ရန် မြန်မာနယ်စပ် ရှမ်းပြည်မြောက်ပိုင်း မူဆယ်မြို့မှရခိုင်ပြည်နယ်အနောက်ပိုင်း ပင်လယ် ဆိပ်ကမ်းမြို့ ဖြစ်သည့်ကျောက်ဖြူမြို့ထိ သွယ်သန်းဖောက်လုပ်မည့် တရုတ်–မြန်မာ သယ်ယူပို့ဆောင်ရေး မီးရထားလမ်းစီမံကိန်းဖြစ်သည်။ ထိုစီမံချက်အတွက် နှစ်ဖက်အပြန်အလှန် သဘောတူညီချက်စာချုပ်ကို တရုတ် မီးရထားအင်ဂျင်နီယာရင်းကော်ပိုရေးရှင်းနှင့် ပြည်ထောင်စုမြန်မာနိုင်ငံ မီးရထားသယ်ယူပို့ဆောင်ရေးဝန်ကြီးဌာန တို့က ၂၇ ရက် ဧပြီလ ၂၀၁၁ ခုနှစ်တွင် လက်မှတ်ရေး ထိုးခဲ့ကြသည်။ စီမံချက်ပထမအဆင့် အဖြစ် တအာင်းဒေသရှိ ၁၂၆ ကီလိုမီတာရှည်လျားသည့် မူဆယ်–လားရှိုး သွယ်တန်းပေး မည့် မီးရထားလမ်းကို တံတားကြီး/ငယ် ၄၁ စင်း၊ ဥမင်လိုဏ်ဂူ ၃၆ ဂူနှင့် မီးရထားဘူတာ ၇ ခုပါဝင်ဖြည့်စွက်ဖောက်လုပ်မည် ဖြစ်သည်။ သယ်ယူပို့ဆောင်ရေးလမ်းကြောင်းမှာ တရုတ်နှင့်မြန်မာ စီးပွားရေးကူးသန်း ရောင်းဝယ်မှုကိုများစွာအကျိုးပြုမည် ဖြစ်ပြီး၊ တရုတ်နိုင်ငံအတွက်သေချာကျသည့် မြန်မာဆိပ်ကမ်းကို ဝင်ရောက်အသုံးပြုခွင့်လည်းရရှိသွားမည်ဖြစ်သည်။ ၃ နှစ် အတွင်း စီမံကိန်းပြီးမြောက်ရန် ခန့်မှန်းထားကြသည်[၆]။



ရွှေလီရေကာတာ(၁)တွင် မြေသိမ်းပြီး စစ်စခန်းတည်ဆောက်ကြခြင်း



လက်ဖက်ခြံများကို ဖျက်ဆီးကာ လမ်းဖောက်လုပ်ခြင်း

ဤစီမံချက် သည် တအာင်းပြည်သူလူထုတို့၏လယ်ယာခြံမြေနှင့် အသက် မွေးဝမ်းကြောင်းလုပ်ငန်းတို့ကို မြောက် များစွာ သိမ်းယူလိမ့်မည်ဟု TSYO မှခန့်မှန်းယူဆထားပါသည်။

တအာင်းပြည်သူမြောက်များစွာတို့မှာ  သဘာဝအရင်းအမြစ်ထုတ်ယူသုံးစွဲသည့်ဖွံ့ဖြိုးရေးစီမံချက်ကို ယင်းတို့၏ဒေသတွင် ပြု လုပ်သဖြင့် မကောင်းမှုဆိုးကျိုးကို ဦးဆုံးခံစားကြရပြီး၊ လက်ရှိ ဆောက်လုပ်နေသော ရွှေလီရေကာတာ ၃ ခုနှင့် လျှပ်စစ်မီးတိုင် သွယ်တန်းရာတွင် အတင်းအဓမ္မလုပ်အားပေးခိုင်းစေခြင်းနှင့် ခြံမြေသိမ်းယူခြင်းတို့ ကျယ်ပြန့်စွာဖြစ်ပွားနေပါသည်။ ယခုအချိန် တွင် ရွှေသဘာဝဓါတ်ငွေ့နှင့်ရေနံပိုက်လိုင်းကို ရွှေလီရေအားလျှပ်စစ်မီးတိုင်သွယ်တန်းရာလမ်းကြောင်းနှင့် မီးရထားလမ်း ဖောက်လုပ်သွယ်တန်းရာ လမ်းအတိုင်းဆောက်လုပ်ရန် စီမံထားပြီးဖြစ်သည်။ ထိုကဲ့သို့ပြုလုပ်ခြင်းမှာ တအာင်းပြည်သူလူထု တို့ လူ့အခွင့်အရေးချိုးဖောက်မှုမျိုးစုံ၊ သဘာဝပတ်ဝန်းကျင်ပျက်ဆီးမှုဆိုးကျိုးများနှင့် လယ်ယာခြံမြေသိမ်းယူမှုများ အစရှိသည် တို့ကိုပိုမိုခံစားစေရန် စီမံချက်ရလာဒ်အဖြစ်ဦးတည်နေပါသည်။

[4] http://www.chinadaily.com.cn/bizchina/2011-04/28/content_12412367.htm

# လူ့အခွင့်အရေးထိပါးချိုးဖောက်မှုများနှင့် အကျင့်ပျက်လာဘ်စားမှု



လမ်းတည်ဆောက်ခြင်းကြောင့် လက်ဖက်ခင်းများ ပျက်စီးသည့်အတွက် လူနေမှုဘဝကို ဆုံးရှုံးရခြင်း

## လူ့အခွင့်အရေးထိပါးချိုးဖောက်မှုများနှင့် အကျင့်ပျက်လာဘ်စားမှု

မြန်မာပြည်ရှိလူဦးရေ ၇၅ ရာခိုင်နှုန်းမှာ စိုက်ပျိုးရေးလုပ်ငန်းကို အဓိကလုပ်ကိုင်ကြသည်။[၁] မြန်မာပြည်ရှိ အခြားတိုင်းရင်းသား အုပ်စုများကဲ့သို့ပင် တအာင်းတိုင်းရင်းသားလူမျိုးများသည်လည်း ခြံမြေစိုက်ပျိုးခြင်းဖြင့် အသက်မွေးဝမ်းကျောင်းပြုကြပါသည်။ ထို့ကြောင့် မြေယာဥပဒေဆိုင်ရာကိစ္စရပ်များသည် ယင်းတို့၏ လူမှုအသိုင်းအဝန်းဘဝနှင့် အသက်မွေးဝမ်းကျောင်းတို့အတွက် အချက်အခြာကျလှပါပေသည်။ တအာင်းလူမျိုးတို့သည် ယင်းတို့နေထိုင်သောရေမြေကို အထူးခင်မင်တွယ်တာတတ်ကြသည်။

တွေ့ဆုံမေးမြန်းစဉ် ရွာသားတဦးပြောပြသည်မှာ "လားရှိုးနဲ့သီပေါမြို့နယ် အကြားမှာရှိတဲ့ ရှမ်း၊ ပလောင်နဲ့အခြား တိုင်းရင်းသားလူမျိုးတွေရဲ့ လက်ရှိ သီးနှံစိုက်ပျိုးဖြစ်ထွန်းတဲ့ခြံမြေတွေကို စစ်တပ်က မတရား သိမ်းပိုက်ခဲ့တယ်။ ဒေသခံ ပြည်သူလူထုတွေယုံကြည်သက်ဝင်တဲ့ ဘာသာရေးကို လည်းဖျက်ဆီးခဲ့ကြတယ်[၂]။ ဓလေ့ထုံးတမ်းဥပဒေများကို လက်တွေ့ကျင့်သုံးခြင်းနှင့် လယ်ယာခြံမြေများ ပိုင်ဆိုင်သည့်စာချုပ်မရှိခြင်းတို့ကြောင့် မြေယာအခွင့်အရေးအပေါ် အဓိပ္ပာယ်နှစ်ခွထွက်နေသော ပြည်တွင်းဥပဒေနှင့် တရားဥပဒေစိုးမိုးရေးကင်းမဲ့သော မြန်မာပြည်တွင် အာဏာပိုင်များနှင့် စီးပွားရေးကုမ္ပဏီများလုပ်ဆောင်နေသူများမှာ အခွင့်အရေးများ ထင်သလို ကျယ်ပြန့်စွာချိုးဖောက်နိုင်ရန် ဖြစ်စေပါသည်။ အထူးသဖြင့်တိုင်းရင်းသားဒေသများတွင် ပိုများသည်။ အာဏာပိုင်များက ခြံယာမြေများပိုင်ဆိုင်သည့် စာရွက်စာတမ်းမရှိသည်ကိုအသုံးပြု၍ လယ်ယာမြေသိမ်းယူပြီး အာဏာအလွဲသုံးစားမှုပြုလုပ်သောအခါတွင် တိုင်းရင်းသား ဒေသများတွင်ရှိသည့် ရိုးရာဓလေ့ထုံးတမ်းဥပဒေအရ လက်တွေ့နေထိုင်ကျင့်သုံးကာ ဘိုးဘွားစဉ်ဆက်ကတည်းက ထိုမြေယာ ပေါ်တွင် စိုက်ပျိုးနေထိုင်ခဲ့ကြကြောင်းကို ထိုရွာသားများက လူတွေ့မေးမြန်းသူများကိုရှင်းပြခဲ့ပါသည်။[၃]"

> *"ကျနော်အရမ်းဝမ်းနည်းတယ်၊ ဘာဖြစ်လည်းဆိုတော့ ကျနော်တို့ရဲ့ခြံမြေကို သူတို့ မတရား သိမ်းပြီးတဲ့ နောက်သုံးရက်မှာပဲ ကျနော့်အမျိုးသမီး ဆုံးသွားတယ်။ ပြီးတော့ ကျနော့်သား နှစ်ယောက်လည်း အရမ်းဝမ်းနည်းကြပြီး သူတို့အမေ သေဆုံးခဲ့တဲ့ နေရာမှာ ဆက်နေချင်စိတ်မရှိတော့လို့အိမ်ကနေထွက်သွားကြတယ်။ အထက်တန်းကျောင်းတက်နေတဲ့ သမီးနှစ်ယောက်ကလည်း ကျောင်းကနေ ထွက်လိုက်ရပြီ။ ကျနော်တို့ဟာ ခြံလုပ်ငန်းကိုပဲ လုပ်တတ်တယ်၊ အခြားလုပ်ငန်းလုပ်တဲ့ အတွေ့အကြုံ မရှိတာကြောင့် အခြား အလုပ် ပြောင်းလုပ်ဖို့ အရမ်းခက်ခဲပါတယ်"*

[1] COHRE Burma Country Report, 2007, p. 10

[2] Interview #29

[3] According to the limitation act states

အသက်မွေးဝမ်းကျောင်းဆုံးရှုံးမှုသည် လူမှုအဖွဲ့အစည်းအပေါ် အကြီးအကျယ်ထိခိုက်ဖျက်ဆီးသည့် ဆိုးကျိုးများသက်ရောက် စေပြီး၊ ရွှေ့ပြောင်းအလုပ်လုပ်ရခြင်းနှင့် ပြည်တွင်းရွှေ့ပြောင်းဒုက္ခသည်ပမာဏကို တိုးမြှင့်များပြားစေပါသည်။ လယ်ယာမြေ သိမ်းယူခံရပြီးနောက် ခံစားရသည့် ဆုံးရှုံးမှုအသိနှင့် ယူကျုံးမရဖြစ်မှုတို့ကို မေးမြန်းခံရသူများက ကွင်းဆင်းလုပ်သားများကို ရင်ဖွင့်ရှင်းလင်းပြသည်မှာ–

> "ကျနော်အရမ်းဝမ်းနည်းတယ်၊ ဘာဖြစ်လည်းဆိုတော့ ကျနော်တို့ရဲ့ခြံမြေကို သူတို့မတရားသိမ်းပြီးတဲ့ နောက်သုံးရက်မှာပဲ ကျနော့်အမျိုးသမီး ဆုံးသွားတယ်။ ပြီးတော့ ကျနော့်သားနှစ်ယောက်လည်း အရမ်းဝမ်းနည်းကြပြီး သူတို့အမေ သေဆုံးခဲ့တဲ့ နေရာမှာ ဆက်နေချင်စိတ်မရှိတော့လို့ အိမ်ကနေ ထွက်သွားကြတယ်။ အထက်တန်းကျောင်းတက်နေတဲ့ သမီးနှစ်ယောက် ကလည်း ကျောင်းကနေ ထွက်လိုက်ရပြီ။ ကျနော်တို့ဟာ ခြံလုပ်ငန်းကိုပဲလုပ်တတ်တယ်၊ အခြားလုပ်ငန်းလုပ်တဲ့ အတွေ့အကြုံ မရှိတာကြောင့် အခြားအလုပ်ပြောင်းလုပ်ဖို့ အရမ်းခက်ခဲပါတယ်"[၄]

နှစ်ကာလများစွာကပင် အာဏာပိုင်နှင့်စစ်ခေါင်းဆောင်များ၏ကိုယ်ကျိုးစီးပွားအတွက် တအာင်းဒေသရှိ လယ်ယာခြံမြေ သိမ်းယူမှု ပိုမိုများပြားလာခဲ့သည်ကို တွေ့ရှိရသည်။ တရားဥပဒေစိုးမိုးရေးကင်းမဲ့မှုနှင့် အကျင့်ပျက်ချစားမှုများက စီးပွားရေး ငွေကြေးရှင်များအား တိုင်းရင်းသားဒေသတွင် နေထိုင်ကြသည့် ပြည်သူများ၏ မည်သည့် အခွင့်အရေ မျိုးကိုမဆို ချိုးဖောက်ရန် ခွင့်ပြုလိုက်သကဲ့သို့ ဖြစ်နေပါသည်။ ယခု အခန်းတွင် ကောက်နုတ်ဖော်ပြထားသော ၂၀၀၈ မှ ၂၀၁၁ ခုနှစ်ထိ TSYO ကောက်ခံခဲ့သောလူတွေ့မေးမြန်းမှုများအရ အောက်ဖော်ပြပါ အခန်းကဏ္ဍများတွင် နိုင်ငံတကာဥပဒေစံနှုန်းနှင့် ပြည်တွင်း ဥပဒေများအား ကျူးလွန် ချိုးဖောက်ကြောင်းဖော်ပြလျှက်ရှိပါသည်။

- လျှော်ကြေးပေးခြင်းနှင့် တာဝန်ရှိမှု
- အတင်းအဓမ္မလုပ်အားပေးများ လက်တွေ့ခိုင်းစေမှု
- အတင်းအဓမ္မ နှင်ထုတ်ခြင်းနှင့် နေရာရွှေ့ပြောင်းစေခြင်း
- အခွင့်အရေးများကို ထိပါးချိုးဖောက်ခြင်း
- အကျင့်ပျက်လာဘ်စားခြင်း

နိုင်ငံတကာဥပဒေစံနှုန်းများအရ အစိုးရအနေဖြင့် ပြည်သူများ၏ လုံလောက်သောအိမ်ရာပိုင်ဆိုင်ခွင့်ကို လေးစားမှု၊ ကာကွယ်မှု နှင့် ကူညီမှုများ ပြုလုပ်ပေးရမည်ဖြစ်သည်။[၅] ထိုစံနှုန်းများမှထွက်ပေါ်လာသော အောက်ပါ အခြေခံစည်းမျဉ်းများကို အများ ပြည်သူတို့အား နှင်ထုတ်ရွှေ့ပြောင်းရာတွင် အစိုးရအနေဖြင့် လိုက်နာကျင့်သုံးသင့်ပါသည်–

---

[4] "အဲဒီလက်ဖက်ခြံကို ကျနော်တို့ရဲ့ဘိုးဘွားမိဘတွေစိုက်ပျိုးခဲ့ပြီး ဒီခြံကိုပဲ မှီခိုလုပ်ကိုင်စားသောက်ရတယ်။ ကျနော်တို့ လက်ဖက်စို၊ လက်ဖက်ခြောက် နှစ်တိုင်းလုပ်ပါတယ်၊ တခါတလေ တောင်ယာစပါးစိုက်ပါတယ်၊ ဒါလဲတော်တော်နဲပါတယ်၊ ဒီ လက်ဖက်ခြံကိုပိုင်ဆိုင်တဲ့ စာချုပ်မရှိပါဘူး၊ ဒါပေမဲ့ ကျနော်တို့ပတ်ဝန်းကျင်မှာရှိတဲ့သက်ကြီးရွယ်အိုတွေက ဒီခြံမြေတွေကို ကျနော်တို့ဘိုးဘွားမိဘ အစဉ်အဆက်ပိုင်ဆိုင်လုပ်ကိုင်ခဲ့ကြတာကို ကောင်းကောင်းသိပါတယ်။ ကျနော်တို့မိသားစုပဲ လက်ဖက်ခြံပိုင်တဲ့စာချုပ်စာတမ်းမရှိတာမဟုတ်ဘူး၊ အခြားခြံလုပ်ငန်းရှင်တွေလည်း ကျနော့်လိုပဲမရှိကြပါဘူး"ဟု လက်ဖက်ခြံ မတရားသိမ်းခံရသည့် နမ့်ဆန်ရွာသားတဦးကပြောပြခဲ့သည်။

[5] Interview #16



ကွတ်ခိုင်ရှိ ဒေသခံခြံမြေမှ ရဲစခန်းပိုင်ဖြစ်သော ခြံစိုက်ခင်းများ

• မဖြစ်မနေထူးခြားသောအခြေအနေ ပေါ်ပေါက်မှသာ နှင်ထုတ်ခြင်းပြုရန်

• နိုင်ငံတော်မှ အထူးသဖြင့် ပမာဏကြီးမားသောလူအုပ်စုများကို နှင်ထုတ်ရွှေ့ပြောင်းရန် စီစဉ်မှုတိုင်းသည် ထိခိုက်ခံစားရမည့်သူများနှင့် ဖြစ်နိုင်ခြေရှိသည့်အခြားအစားထိုးနည်းလမ်းများလေ့လာစူးစမ်းပြီး ဆွေးနွေးညှိနှိုင်းခြင်း၊ အင်အားသုံးဖိအားပေးမှုမျိုးကို ရှောင်ကြဉ်ရန်(သို့) အတတ်နိုင်ဆုံးလျှော့သုံးရန် စသည်တို့ကို စေ့စပ်သေချာစွာ ဦးစားပေးရန်

• နှင်ထုတ်ရွှေ့ပြောင်းခြင်းများကို ဆောင်ရွက်ရာတွင် နိုင်ငံတကာလူ့အခွင့်အရေးဥပဒေနှင့် အကြောင်းပြချက်ခိုင်လုံမှု၊ အချိုးကျမှု ယေဘုယျ အခြေခံစဉ်းစားချက်များနှင့်အညီ လေးစားလိုက်နာမှုရှိစေရန်[6]

မြန်မာပြည်တွင် စစ်အခြေစိုက်စခန်းများတည်ဆောက်ရန်နှင့် ကြီးမားသည့် သဘာဝအရင်းအမြစ်ထုတ်ယူသုံးစွဲခြင်း၊ ဖွံ့ဖြိုးရေး စီမံကိန်းများ၊ စီးပွားရေးလုပ်ငန်းအကျိုးစီးပွားပိုရရှိရန် (သို့) အာဏာပိုင် များ၏ ပုဂ္ဂိုလ်ရေးအကျိုးအမြတ် တို့အတွက် မည်သည့် သတိပေးချက်(သို့) သင့်လျော်သောဆွေးနွေးတိုင်ပင်မှုမပြုပဲ လူမျိုးစုအစုအဖွဲ့ပိုင်မြေများကို သိမ်းယူနေဆဲဖြစ်သည်။ ပြည်သူ လူထုတို့သည် သတိပေးမှု၊ ဆွေးနွေးတိုင်ပင်မှု၊ နစ်နာကြေးပေးခြင်း မပါရှိပဲ နှင်ထုတ်ခံရခြင်း သို့မဟုတ် အဓမ္မရွှေ့ပြောင်းခံ ရခြင်းများ အမြဲခံကြရသည်။ အချို့ဖြစ်စဉ်များတွင် အာဏာပိုင်များက သတိပေးချက်၊ ရှင်းလင်းချက်မပြုပဲ အလံများ အလွယ် တကူစိုက်ထူလိုက်ရုံမျှဖြင့် နောက်ပိုင်းတွင် ထိုမြေယာကိုသိမ်းယူလိုက်ပြီးဖြစ်သည်ဟု မိမိတို့၏ ကွင်းဆင်းလေ့လာသူများ ပေးပို့ချက်များတွင် ဖော်ပြထားသည်။ မြေယာပိုင်ဆိုင်မှုဂရမ်များမရှိခြင်းကြောင့် အာဏာပိုင်များအတွက် ထိုလယ်ယာမြေများ ကို သိမ်းယူပြီး အလွယ်တကူပိုင်ဆိုင်ခွင့်ရရှိကြသည်။

[6] COHRE, A guide to Housing Land and Property Rights in Burma, p.22 - 23

“တကယ်လို့ လူတွေက မြေယာပိုင်ဆိုင်တဲ့ဂရမ်မရှိဘူးဆိုရင် ဘယ်သူမှ မြေယာပိုင်ရှင်မဖြစ်နိုင်ပါဘူး။ အစိုးရက ဒီနေရာမှာ မြန်မာ့ရဲစခန်းတည်ဆောက်မယ်ဆိုတာသိသလား။ ဒါကြောင့် မင်းတို့ ဒီနေရာကနေ ရွှေ့ပြောင်းပေးပြီး အခြားနေရာမှာ အိမ်အသစ်ဆောက်ပြီးနေကြ။”[7]

တအာင်းဒေသတွင် အင်အားသုံး နှင်ထုတ်ခြင်းနှင့် ပြည်တွင်းဥပဒေများကိုချိုးဖောက်မှုများ ဖြစ်ပေါ်နေသည်မှာ နိုင်ငံတကာ စံနှုန်းများနှင့် တာဝန်ဝတ္တရားများကို လိုက်နာရန်ပျက်ကွက်ခြင်းသာလျှင်မကပဲ လုပ်အားပေးခိုင်းစေခြင်းအစရှိသည့် လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် ခွဲခြားဆက်ဆံခြင်းများ ဖြစ်ပွားစေကာ ပြည်သူလူထုတို့ကို များစွာ အတိဒုက္ခရောက်စေပါသည်။




တအာင်းဒေသရှိ မြန်မာ စစ်တပ်စခန်းတည်ရှိရာပြ မြေပုံ

7 Interview #8

### ဖြစ်စဉ် (၁) စစ်အင်အားတိုးချဲ့မှုကြောင့် တအာင်းဒေသတွင် ချိုးဖောက်မှုတိုးများလာခြင်း

၁၉၉၉ ခုနှစ် မတ်လ၌ မန်တုန်မြို့နယ်တွင် ခြေမြန်တပ်ရင်း ၁၃၀ တပ်စခန်း အခြေချရန်အတွက် ကချင်မိသားစု ၃ စု၊ ပလောင်မိသားစု ၂ စုတို့၏ ခြံမြေ ၂၀ ဧကကျော်ကိုသိမ်းယူပြီး တပ်စခန်းများ တည်ဆောက်ခဲ့သည်။ ထိုအပြင် စစ်တပ်စခန်း များ ထပ်မံဆောက်လုပ်ရန်နှင့် ပုဂ္ဂိုလ်ရေးဝင်ငွေများ ရရှိရန်အတွက် ထိုဒေသရှိ ခြံမြေများဆက်လက်သိမ်းယူခဲ့သည်။ ခမရ–၁၃၀ တပ်ရင်းသည် ဆယ်နှစ် တာကာလအတွင်း အနည်းဆုံး ခြံမြေဧက ၁၀၀ ကျော်သိမ်းယူခဲ့သည်ကို TSYO မှ ၂၀၀၉ ခုနှစ်တွင် ကောက်ခံ ရရှိခဲ့သည်။

ထိုနှစ်အတွင်းတွင်ပင် ကွတ်ခိုင်မြို့နယ်သို့ အမြောက်တပ်ရင်း အမှတ် ၃၅၂ ရောက်ရှိလာပြီး၊ ဒေသ ခံပြည်သူများ၏ စိုက်ပျိုးမြေ ဧက တရာကျော်ကို မတရားသိမ်းယူကာ တပ်စခန်းသစ်များ တည် ဆောက်ခဲ့ကြသည့်အပြင် သိမ်းယူခဲ့သော အချို့ခြံမြေများကို ပင် ဒေသခံ အချို့အားပြန်လည်အငှား ချခဲ့သည်။ နောက်တဖန် ၂၀၀၀ ခုနှစ်၌ နမ့်ခမ်းမြို့နယ် မန်တပ်ကျေးရွာတွင် ခြေမြန် တပ်ရင်း ၁၄၄ ရောက်ရှိ လာပြီး စိုက်ပျိုးထားသည့်ခြံမြေ ၁၀ ဧကကျော်ကို စတင်သိမ်းယူကာတပ်စခန်း ဆောက်လုပ်ခဲ့သည်။ နောက်ပိုင်းတွင်လည်း ဆက်လက်သိမ်းယူကြသဖြင့် ၂၀၀၇ ခုနှစ် ရောက်သော အချိန်တွင် ဒေသခံရွာသားများ၏ ခြံမြေ ၁၃၂ ဧကကိုသိမ်းယူပြီးဖြစ်သည်။

မကြာသေးမီကာလ ဇန်နဝါရီ ၂၀၁၁ ခုနှစ်တွင်ပင် လားရှိုးအခြေစိုက် အရှေ့မြောက်တိုင်းစစ်ဌာနချုပ် အမိန့်ဖြင့် နမ့်ဆန်မြို့နယ်ရှိ မြေဧက ၅၀၀ ကျော်ကို သိမ်းယူခဲ့ပြီး နဂါးပုံလက်ဖက်ကုမ္ပဏီကို လွှဲ ပြောင်းပေးခဲ့သည်။ ထိုနည်းတူစွာပင် တအာင်းဒေသရှိ အခြားမြို့နယ်များတွင်လည်း အထက် ဖော် ပြပါ ပြဿနာများနှင့် ရင်ဆိုင်နေကြရပါသည်။ လားရှိုးတိုင်း စစ်ဒေသဌာနချုပ်မှ တိုင်းမှူး နှင့် အမှတ် ၁ စစ်ဆင်ရေးမှူး၊ အမြောက်တပ်ရင်း အမှတ် ၃၅၂နှင့် ခြေမြန်တပ်ရင်း ခမရ ၁၄၄၊ ခမရ ၁၃၀ နှင့် ခမရ ၃၂၄ တို့သည် ဤအစီရင်ခံစာတွင်ဖော်ပြထားသည့် လယ်ယာခြံမြေ များသိမ်း ယူသည့် အမှု ဖြစ်ရပ်များနှင့် တိုက်ရိုက်ပတ်သက်တာဝန်ရှိသူများဖြစ်ပြီး၊ တအာင်းဒေသရှိ အခြား မြေယာ သိမ်းယူ မှု၌လည်း သွယ်ဝိုက် ဆက်စပ်လျှက်ရှိပါသည်။[1]

[1] From research collected from TSYO’s Information and Human Rights Documentation Department

စစ်တပ်မှ ယင်းတို့၏အသက်မွေးဝမ်းကျောင်းအတွက်ပါမက ကိုယ်ပိုင်အကျိုးအမြတ်အတွက်လည်း စိုက်ပျိုးခြံမြေများ သိမ်းယူ ကြသည်ကို တွေ့ဆုံမေးမြန်းမှုများတွင် ဖော်ပြထားပါသည်။ စိုက်ပျိုးရေးနှင့် တောင်သူလယ်သမား များအား ကာကွယ်သည့် ဥပဒေ (၁၉၆၃) အရ တောင်သူလယ်သမားအခွင့်အရေးကို အသိအမှတ်ပြုပြီး၊ အတင်းအဓမ္မနှင်ထုတ်ခြင်းမှ ကာကွယ် ထားသည်ဟု ပြဋ္ဌာန်းထားသော်လည်း၊ အာဏာပိုင်များနှင့် စစ်ခေါင်းဆောင်များသည် စီးပွားရေးလုပ်ငန်းရှင်များအား လယ်ယာခြံမြေများရောင်းချရန် (သို့) လမ်း၊ ရေကာတာကဲ့သို့ ဖွံ့ဖြိုးရေးနှင့်အရင်းအမြစ်ထုတ်ယူရေးစီမံကိန်းများ ပြုလုပ်ရန် ခွင့်ပြုစေခြင်းတို့အတွက် ရွာသားများ၏ လယ်ယာမြေများကို သိမ်းယူခြင်း၊ နေအိမ်မှအတင်းအဓမ္မနှင်ထုတ်ခြင်းများပြုလုပ် နေကြသည်ကို တွေ့ဆုံမေးမြန်းမှုများတွင် ဖော်ပြထားပါသည်။

“နမ့်ဖက်ကာ၊ ရပ်ကွက် ၂ မှာရှိတဲ့ ရန်အောင်မြင် ဘုန်းကြီးကျောင်းပိုင်တဲ့ သာသနာပိုင်မြေယာ ၁၃ ဧကကျော်ကို ၂၀၀၄ –၂၀၀၅ ခုနှစ်လောက်တုန်းက အာဏာပိုင်တွေသိမ်းယူခဲ့ပါတယ်။ ပြီးတော့ တရုတ်လုပ်ငန်းရှင်တွေဆီကို လွှဲပြောင်း ရောင်းစား လိုက်ပြီး၊ အခုသူတို့ တရားမဝင်လောင်းကစားရုံဖွင့်ထားတယ်။ ကျနော်တို့ ရိုးရာဘိုးဘွားပိုင်ခြံမြေတွေကို တရုတ်တွေ ပိုင်ကုန်ပြီ”[၁]ဟု ရွာသားတဦးကပြောပြခဲ့ပါသည်။ “တပ်ရင်းမှူး တင်မောင်ဝင်း ခမရ ၁၃၀ ကို လာထိန်းချုပ် တာဝန်ယူခဲ့တဲ့ ၂၀၀၃ကတည်းက ခြံမြေတွေနဲ့လက်ဖက်ခြံတွေကို သူ့ရဲ့ အသက်မွေးဝမ်းကျောင်းအတွက် အသုံးပြုခဲ့ပါတယ်”[၂] ဟု ထိုဒေသရှိအခြားရွာသားတဦးကပြောပြပါသည်။

စစ်တပ်နှင့်အာဏာပိုင်များ၏ ကျူးလွန်ချိုးဖောက်မှုများ မြင့်တက်များပြားလာခြင်းမှာ ကြီးမားသည့် ဖွံ့ဖြိုးရေးစီမံကိန်းများ ကြောင့်လည်း ပါဝင်သည်။ တရားဥပဒေစိုးမိုးမှုကင်းမဲ့ခြင်းနှင့် ခွဲခြားဖိနှိပ်သည့် အကျင့်ပျက်လာဘ်စားမှုများက စီးပွားရေး လုပ်ငန်းအခွင့်အလမ်းများတွင် အကျိုးအမြတ်အတွက်ရင်းနှီးမှုများပေးအပ်ရန် လယ်ယာမြေသိမ်းယူခြင်းနှင့် ပြည်သူများအား နေအိမ် မှ အတင်းရွှေ့ပြောင်းရန်နှင်ထုတ်ခြင်းတို့ကို ကျူးလွန်ပြုလုပ်ရန် အာဏာပိုင်များအား ခွင့်ပြုထားသည်။

“ပြည်သူ့စစ်တွေက မိုင်းတူးနေတဲ့အလုပ်သမား ၁၂ ယောက်ကိုဖမ်းမိတယ်၊ အချို့ကတော့ထွက်ပြေးကြတယ်၊ နောက်တော့ တရုတ်လုပ်ငန်းရှင်တွေက သက်ဆိုင်ရာအာဏာပိုင်တွေကို ပိုက်ဆံမပေးခင်အထိတော့ သူတို့ထိန်းသိမ်းခံရတယ်၊ ပြည်သူ့စစ် ခေါင်းဆောင်တွေကအဲဒီသတ္တုတူးတဲ့အကြောင်း သူတို့ကိုအသိမပေးလို့ စိတ်ဆိုးပြီး ခဏဖမ်းတာပါ။ ဒါပေမဲ့ နောက်ပိုင်းမှာ တရုတ်ကုမ္ပဏီက လားရှိုးတိုင်းမှူးနဲ့ပြန်စေ့စပ်တော့ အဲဒီသတ္တုမိုင်း ပြန်တူးခွင့် အခုရသွားပြီ။ တရုတ် ၂၅ ယောက်နဲ့ ပလောင်အလုပ်သမားအချို့ အဲဒီသတ္တု တူးဖော်တဲ့ အလုပ်လုပ်နေကြတယ်၊ နောက်လူတွေလည်းထပ်လာမယ်လို့ သူတို့ ပြောတယ်၊ ဘယ်လိုပဲဖြစ်ဖြစ် အဲဒီသတ္တုတွင်းတူးဖို့ မြေတွေသိမ်းခံရတဲ့ လက်ဖက်ခြံပိုင်ရှင်ကတော့ ဘာလျော်ကြေးငွေမှ အခုထက်ထိမရသေးပါဘူး”[၃] ဟု ရွာသားတဦးပြောပြခဲ့သည်။

---

[1] Interview #43

[2] Interview #43

[3] From TSYO’s Information and Human Rights Documentation Department fieldworker news, Tuesday, 05, April 2011

လမ်းဖောက်လုပ်ခြင်း၊ လျှပ်စစ်ဓါတ်အားပေးလိုင်းစီမံကိန်း၊ ရေကာတာများနှင့် သဘာဝအရင်းအမြစ်များ ထုတ်ယူခြင်း တို့မှာ တိုင်းရင်းသားဒေသများတွင် ဖြစ်ပေါ်နေသော ပြည်သူများ၏ အသက်မွေးဝမ်းကျောင်းများ ထိခိုက်စေသည့် အစိုးရ၏ ဖွံ့ဖြိုးရေး စီမံချက်များဖြစ်သည်။ ထိုစီမံချက်များမှာ ဒေသခံပြည်သူများအတွက် မည်ကဲ့သို့ တိုက်ရိုက်(သို့) တွယ်ဝိုက်အကျိုးပြုမည်ကို ရှင်းလင်းစွာမသိရချေ။ သို့သော် ဖြစ်စဉ်များစွာတွင် အသက်မွေးဝမ်းကျောင်းများကို လုံခြုံမှုကင်းမဲ့မှုများ တိုးပွားလာစေသည် ကို ထင်ရှားစွာတွေ့လာရသည်။ သိမ်းယူခဲ့သောခြံမြေရှိ စီးပွားရေးလုပ်ငန်းခွင်ဒေသများမှာ ဒေသခံလူထုများအား အစား အသောက်နှင့် ဆေးဖက်ဝင်အပင်များ၏အရင်းအမြစ်ဖြစ်သော သောက်သုံးရေနှင့် သဘာဝသစ်တောများအားမည်ကဲ့သို့ အန္တရာယ်ဖြစ်လာစေမည်ကို အချို့လူတွေ့မေးမြန်းချက်များတွင် သတင်းအချက်အလက်များတွေ့ရသည်။

ထိုကဲ့သို့ ခြံမြေ မတရားသိမ်းယူခံရသည့် ရွာသားတဦးက “ဒီတောမြေက ဒေသခံတွေအတွက် တကယ်ပဲ အရေးကြီးတဲ့နေရာ ဖြစ်ပါတယ်၊ ဘာဖြစ်လဲဆိုတော့ ကျနော်တို့သောက်သုံးရေကအဲဒီနေရာက လာတာပါ။ သူတို့သစ်တောတွေ အားလုံးခုတ်ပြီး လက်ဖက်စိုက်ကြမယ် ဆိုရင်တော့ ကျနော်တို့အနာဂတ်မှာ ရေတော်ပြတ်တဲ့ ဒဏ်မလွဲမသွေ ခံရမှာဖြစ်တယ်”[၄] ဟု ပြောပြခဲ့ပါသည်။

“မီးရထားလမ်းဟာ လူတွေအတွက်ဘယ်လိုအကျိုးပြုမယ်၊ ကောင်းတာတွေဘာရမလဲဆိုတာ ကျနော်တို့ နားမလည်ပါဘူး။ အခုချိန်မှာတော့ ပြည်သူလူထုတွေက သူတို့ရဲ့ခြံမြေကနေ အင်အားသုံးနှင်ထုတ် ရွှေ့ပြောင်းတာ နေ့တိုင်းခံနေကြရပါတယ်” ဟု အခြားရွာသားများကပြောပါသည်။ တခါတရံတွင် ရွာသားများမှာ လမ်းဖောက်လုပ်ရန်အတွက် အတင်းအဓမ္မလုပ်အားပေးရကြောင်း “ကုမ္ပဏီဆီကနေ ဘာလျော်ကြေးငွေမှမရတဲ့အပြင် လမ်းဖောက်ရာမှာ မြေတူးဖို့ဆိုပြီး ကျနော်ငွေ ကျပ်ရှစ်သောင်းပေးရတယ်။ အချို့လူတွေ လေးငါးထောင်ကျပ်ပေးရတယ်”[၅] ခံရသူ ရွာသားများကပြောပြပါသည်။


စစ်တပ်တိုးချဲ့ ချထားမှု သက်သေအဖြစ် တအာင်းဒေသတွင်း ခလရ ၁၄၄ စစ်ရေးလေ့ကျင့်မှုပြုလုပ်နေစဉ်

[4] Interview #32

[5] Interview #32

**ဖြစ်စဉ် (၂) အတင်းအဓမ္မရွှေ့ပြောင်း နှင်ထုတ်ခြင်းကို ဦးတည်စေသည့် ကြီးမားသည့်ဖွံ့ဖြိုးရေးစီမံကိန်းများ**

ရှမ်းပြည်နယ်မြောက်ပိုင်း နမ့်ခမ်းမြို့နယ်နှင့် ၁၇ မိုင်သာကွာဝေးသော မန်တပ်ရွာတွင် စစ်တပ်နှင့် YMEC တရုတ်စွမ်းအင် ကုမ္ပဏီတို့က ရွှေလီရေကာတာ အမှတ် (၁) ကို ဆောက်လုပ်ခဲ့သည်။ ထိုကုမ္ပဏီနှင့် အေးရှားဝေါလ်တို့ ဓါတ်ကြိုးလိုင်းများ နမ္မတူ ဘော်တွင်း သတ္တုတွင်းသို့ သွယ်တန်းဆောက်လုပ်သည့်အချိန်တွင် ရွှေလီရေကာတာ ဓါတ်အားလိုင်း စီမံကိန်း လမ်း တလျှောက်နေထိုင်သော ဒေသခံရွာသားများမှာ မည်သည့် လျော်ကြေး မျှမရ ရှိဘဲ အိမ်ခြံမြေများသိမ်းယူခံရပြီး နေရာသစ်သို့ ရွှေ့ပြောင်းပေးခဲ့ရသည်။ ပါဝါ လိုင်းများဆောက်လုပ်ရန်အတွက် ထိုကုမ္ပဏီ မှ ရွာသားတို့၏နေအိမ်များကို အတင်း အဓမ္မ ရွှေ့ပြောင်းစေခဲ့သည်။

"ကုမ္ပဏီဆီကနေ ဘာလျော်ကြေးမှမရလို့ အိမ်ဆောက်ဖို့ ကျမ အကြွေးအတင်ခံပြီး မြေ နေရာသစ်ဝယ်ခဲ့ရတယ်။ သူတို့က ကျမတို့ကို အင်အားသုံး အဓမ္မနေရာရွှေ့ပြောင်းဖို့နှင် ထုတ်ခဲ့တယ်– မင်းတို့မရွှေ့ဘူးဆိုရင် အနာဂတ်မှာ မင်းတို့မိသားစု အတွက် ပြဿနာအကြီးကြီးဖြစ်လာလိမ့်မယ်လို့ သူတို့ပြောတယ်။ လျှပ်စစ်ဓါတ်ကြိုးတွေက မင်းတို့ ရဲ့အိမ်ကို ကောင်းကောင်း ဒုက္ခပေးလိမ့်မယ်၊ သူတို့ကျမတို့ကို ဘာလျော်ကြေးမှမပေးချင်လို့ အဲဒီလိုခြိမ်းခြောက်တယ်ဆိုတာ ကျမသိပါတယ်။ အခုတော့ ဒီလိုဒုက္ခတွေနဲ့ ကျမတို့ ရင်ဆိုင် နေရပြီ၊ သူတို့ရဲ့ဒီစီမံကိန်းကနေလည်း ဘာလျှပ်စစ်မှ ရဖို့မမျှော်ကိုးပါဘူး။"

ကိုးကား။ ။ လူတွေ့မေးမြန်းမှု – ၃၆

လယ်ယာခြံမြေများသိမ်းယူခြင်းဖြစ်စဉ်နှင့် အတင်းနှင်ထုတ်ရွှေ့ပြောင်းခြင်း နောက်ပိုင်းတွင် စစ်တပ်နှင့် အာဏာပိုင် များမှာ ကျေးလက်ရွာသားများ၏အခွင့်အရေးတို့ကို ချိုးဖောက်ရုံတင်မကပဲ လူမှုအသိုင်းအဝိုင်းကိုလည်း ခြိမ်းခြောက် အနိုင်ကျင့် လေ့ရှိကြပါသည်။ "မင်းတို့ရဲ့ခြံမြေတန်ဖိုးအပြည့် လျော်ကြေးမပေးရင်လည်း ရတယ်၊ စစ်ခေါင်းဆောင်တွေရဲ့ အမိန့်နဲ့ သိမ်းတာဖြစ်တဲ့အတွက် ငါတို့လုပ်ချင်သလိုလုပ်လို့ရတယ်လို့ ကျမတို့ကို ခြိမ်းခြောက်ပြောဆိုတယ်"[၁] ဟု ရွာသူ တဦး ပြောပါသည်။

[1] From TSYO's Information and Human Rights Documentation Department Fieldworker news released on www.palaungland.org

### ဖြစ်စဉ် (၃) အခွင့်အရေးများ ထိပါးချိုးဖောက်ခြင်း လူတွေ့မေးမြန်းမှု (၁၈)

“ကျနော်တို့အရမ်းဆင်းရဲပါတယ်။ အိမ်တအိမ်ထဲမှာမိသားစု ၃ စုနေရပြီး မီးသွေးဖုတ်တာရယ် လက်ဖက်နဲ့နဲ လုပ်တာရယ်၊ အဲဒီဝင်ငွေနဲ့ပဲ မိသားစုကိုထောက်ပံ့ရတယ်။ သူတို့ကျနော်တို့ရဲ့ တောမြေကိုမသိမ်းခင် ကျနော့်ဆီလာပြီးပြောတယ်–ဒါက အစိုးရစီမံချက်ပဲ၊ ဒီမြေပတ်ဝန်းကျင်မှာရှိတဲ့ သတ္တုတွေကို ငါတို့တူးဖော်ထုတ်ယူမယ်၊ ဒီပတ်ဝန်းကျင်မှာရှိတဲ့ မြေပိုင်ရှင်တွေ အားလုံးနဲ့လည်း သဘောတူညီချက်လုပ်ပြီးပြီ။ ခင်ဗျားတို့တောမြေအတွက်ဆုံးရှုံးမှုတွေနဲ့အညီ ကျနော်တို့ နစ်နာကြေးပေးပါမယ်၊ အလုပ်ရှာလို့မရရင် ခင်ဗျားတို့အသက်မွေးဝမ်းကျောင်းအတွက် အလုပ်ကောင်းကောင်း ရှာပေးပါ့မယ်၊ မပူပါနဲ့လို့ ပြောတယ်။ ပြီးတော့ သူတို့ကျနော့်ကို ငွေကျပ်လေးသိန်းပေးပြီး၊ ပေးဖို့ကျန်တဲ့ငွေကိုတော့ နောက်တပတ်မှအပြည့်လာပေးမယ်၊ အခုငွေလုံလုံလောက်လောက်မပါလာဘူးတဲ့။ ဒါပေမဲ့ နောက်အပတ်ကိုရောက်တဲ့အခါ သူတို့မလာတော့ပါဘူး၊ နစ်နာကြေးတွေ မပေးသေးပါဘူး၊ ကျနော်တို့ သုံးလေးခါလောက် သူတို့ဆီသွားပြီးလျော်ကြေးငွေတောင်းခဲ့ပါတယ်။ ဒါပေမဲ့ သူတို့ပြောတာက မင်းတို့ဆီမှာ နစ်နာကြေးပေးမယ်ဆိုတဲ့စာချုပ်စာတမ်းရှိလား၊ ဘယ်မှာလဲ။ ဘာတွေလာပြောနေလဲမသိဘူး။ မင်းတို့ မကျေနပ်ရင် ကြိုက်တဲ့တရားရုံးသွားတိုင်လို့ရတယ်လို့ပြောတယ်။ ကျနော်လည်းသူတို့ကို ဘာမှပြန်မပြောနိုင်တော့ ဘာလျော်ကြေးမှထပ်တောင်းလို့မရတော့ပါဘူး” ဟု တာကွန်အိုက်ပန် ကပြောပြခဲ့ပါသည်။

၂၀၀၇ ခုနှစ် မေလ ၁၃ ရက်နေ့တွင် သတ္တုတူးဖော်ရေးစီမံကိန်းအတွက်လယ်ယာမြေ သိမ်းယူခဲ့ခြင်းကြောင့် ခြံမြေပိုင်ရှင်များမှာ ခြံမြေ ၁၅၀ ကေကျော်ဆုံးရှုံးခဲ့ပြီး စိုက်ပျိုးထားသည့် လက်ဖက်နှင့်သီးနှံများအတွက် ငွေကျပ်သန်းပေါင်းများစွာ လက်လွတ် ဆုံးရှုံးခဲ့ကြရသည်။ ထိုမြေယာများကိုသာ မှီခိုစိုက်ပျိုးလုပ်ကိုင်ကြရသဖြင့် ဒေသခံလူထုမြောက်များစွာ အလုပ်လက်မဲ့ဖြစ်ခဲ့ကြရပါသည်။ လယ်ယာမြေများကိုဆုံးရှုံးယုံတင်မဟုတ်ပဲ စိုက်ပျိုးထားသည့်ရင်းနှီးမြှုပ်နှံမှုငွေများလည်း အရှုံးနှင့် ရင်ဆိုင်ခဲ့ ရသည်။ ပိုင်ဆိုင်မှုပစ္စည်းများဆုံးရှုံးသည့်အပြင် အကူအညီမဲ့မှုနှင့် စိတ်ဓါတ်ကျဆင်းမှုများလည်းခံစားနေကြရပါသည်။ ပစ္စည်း ဥစ္စာနှင့်အလုပ်အကိုင်များဆုံးရှုံးသည့်အပြင် ဘဝလုံခြုံမှုကင်းမဲ့သဖြင့် အာဏာပိုင်များ၏ လူ့အခွင့်အရေးချိုးဖောက်မှုမျိုးစုံကို ခံစားနေကြရပါသည်။

TSYO ကောက်ယူခဲ့သည့် လူတွေ့မေးမြန်းမှုအရေအတွက်တော်တော်များများတွင် ရွာသားများသည် ယခင်က နစ်နာကြေး ရမည်ဟုသဘောတူညီချက် ရရှိခဲ့သော်လည်း လက်တွေ့တွင်မရရှိကြသည် ကိုတွေ့ရှိရသည်။ ခြံမြေပိုင်ရှင် တဦးလျှင် နစ်နာကြေး ကျပ်ငွေ ၅၀၀၀ မှ ၅၅၀၀၀ အကြားရရှိတတ်ပါသည်။ မြန်မာနိုင်ငံ၏ လက်ရှိ မရှိမဖြစ်စားသောက်ကုန်များ၏ အမှန်တကယ်ကုန်ဈေးနှုန်း နှင့်နှိုင်းယှဉ်လိုက်လျှင် နစ်နာကြေးပမာဏမှာ မတန်တဆနည်းလွန်းနေသဖြင့် ရွာသားများမှာ ပြည့်မီသောနစ်နာကြေးနှင့် အလှမ်းဝေးနေလျှက်ရှိပါသည်။ ရှမ်းပြည်နယ်မြောက်ပိုင်း နမ့်ဆန်မြို့နယ်တွင် အရည်အသွေး နိမ့်သော ဆန်တအိတ်တန်ဖိုးမှာ ၂၄၀၀၀

ကျပ်(ဆန်တအိတ်ကို ၄ ဦးရှိသောမိသားစုအတွက် တလခန့်စားသောက်နိုင်သည်) ဆီ တပိဿာ ၃၆၀၀၊ ဆား–၆၀၀၊ ကြက်သွန်ဖြူ –၂၂၀၀ နှင့် ကြက်သွန်နီ – ၂၀၀၀ ကျပ်ခန့် အသီးသီးဈေးနှုန်းရှိပါသည်။[၁]

နစ်နာကြေးများမှာ ခြံမြေများ၏ အမှန်တကယ်ပေါက်ဈေးကို ပခာနမထားဘဲ မတရားသဖြင့် သဘောတူစေခဲ့ကြသည်။ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် သိမ်းယူခဲ့သည့် ခြံမြေ ၅၀၀ ဧကမှာ ယမန်နှစ်ပေါက်ဈေးနှင့် တွက်ချက်လျှင်ပင် ခန့်မှန်းခြေ အနည်းဆုံး ကျပ်ငွေ သန်းပေါင်း တထောင့်နှစ်ရာ ကျော်ခန့်တန်ဖိုးရှိသည်ဟု နမ့်ဆန်ဒေသရှိ ရွာသားတဦးက မှတ်ချက်ပေး ခဲ့ပါသည်။[၂] ရွာသားများမှာ ပေးအပ်သည့်လျော်ကြေးငွေမှာ ခြံမြေ၏အမှန်တကယ်ပေါက်ဈေးထက် နိမ့်ကျနေပြီး တရားမျှတမှု မရှိသည်ကို သိကြသော်လည်း၊ အာဏာပိုင်များထံ ပြန်လည်တောင်းဆိုလျှင် ဖမ်းဆီးခြင်းခံရမည်ဖြစ်သဖြင့် ထုတ်ဖော်ပြောဆို ရန် ကြောက်ရွံ့နေခဲ့ကြပါသည်။

ချိုးဖောက်မှုများမှာ ရပ်တန့်မသွားချေ။ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၅၉[၃] နှင့် ၂၀၀၇ ခုနှစ်တွင် အိုင်အယ်အို နှင့် သဘောတူညီ ချက်များ အတည်ပြုခဲ့သော်လည်း၊ ဒေသခံ ရွာများမှာ လယ်ယာခြံမြေ အသိမ်းခံရသည့် အပြင် လမ်းဖောက်လုပ် ခြင်း (သို့) အခြား ဖွံ့ဖြိုးရေး စီမံကိန်းများတွင် အခကြေးငွေမရရှိဘဲ အတင်းအဓမ္မလုပ်ပေးခိုင်းစေခြင်းခံကြရသည်။ ထို့ပြင် သိမ်းယူ ခံခဲ့ရသောခြံမြေများကို ပြန်လည် အငှားရယူပြီးစိုက်ပျိုးနေရသည်ဟု အစီရင်ခံစာ အတွက် ကွင်းဆင်း လေ့လာသူများ က ခြံမြေ သိမ်းပိုက်ခံရသူများနှင့် လူတွေ့ မေးမြန်းစဉ်တွေ့ ရှိခဲ့ရသည်။ စစ်တပ်သိမ်းယူ ခဲ့သည့် လယ်ယာမြေများကို ရွာသားများထံ ပြန်လည်အငှား ချခဲ့ကြောင်း လူတွေ့မေးမြန်းမှု အရေအတွက်များစွာကြုံခဲ့ရသည်။ ငှားခမှာ တနှစ်လျှင် ကျပ်ငွေ ၅၀၀၀ မှ ၂၅၀၀၀ ဝန်းကျင် ခန့်ဖြစ်ပြီး အချို့ဒေသများတွင် ရွာသားများအား စိုက်ပျိုးထားသည့် ဆန်စပါးသီးနှံများဖြင့် အငှားခ ပေးရန် ခွင့်ပြုသည်ကိုလည်း တွေ့ခဲ့ရပါသည်။

နစ်နာကြေးများမှာ ခြံမြေများ၏ အမှန်တကယ်ပေါက်ဈေးကို ပခာနမထားဘဲ မတရားသဖြင့် သဘောတူစေခဲ့ကြသည်။ အရှေ့မြောက်တိုင်း စစ်ဌာနချုပ် သိမ်းယူခဲ့သည့် ခြံမြေ ၅၀၀ ဧကမှာ ယမန်နှစ် ပေါက်ဈေးနှင့် တွက်ချက်လျှင်ပင် ခန့်မှန်းခြေ အနည်းဆုံး ကျပ်ငွေ သန်းပေါင်း တထောင့်နှစ်ရာ ကျော်ခန့် တန်ဖိုးရှိသည်ဟု နမ့်ဆန်ဒေသရှိ ရွာသား တဦးက မှတ်ချက်ပေးခဲ့ပါသည်။

ရွာသားများအနေဖြင့် ယင်းတို့၏လယ်ယာခြံမြေကိုမည်ကဲ့သို့ပြန်လည်ရယူနိုင်အောင်ပြုလုပ်ရမည်ကို မသိရှိနိုင်သဖြင့် စစ်တပ် ကျူးလွန်ခဲ့သော ချိုးဖောက်မှုများကို တခါတရံ လူအများသိရှိစေရန်မပြုလုပ်ဝံ့ကြချေ။ ၂၀၁၀ ဩဂုတ်လ တွင် "သိန္နီအခြေစိုက် အမှတ် ၁၆ စစ်ဒေသကွပ်ကဲရေးမှူးက သိန္နီမြို့ကနေ မိုင်လီရွာအထိရှိတဲ့ခြံမြေကေ ၁၀၀ ကျော်သိမ်းယူခဲ့တယ်။ အဲဒီစစ်တပ်က စိုက်ပျိုးမြေတွေကိုသိမ်းလိုက်ယုံတင်မကပဲ

[1] Ta'ang (Palaung) Working Group, Monopoly Tea Farms, 2011, p.7

[2] Interview #32

[3] The union prohibits forced labour except hard labour for crime duly convicted and duties assigned by the Union in accordance with the law and the interests of the public



လမ်းဖောက်လုပ်ခြင်းမှ ဒေသခံ လက်ဖက်ခြံများကို ဖျက်ဆီးနေခြင်း

တကောကို နှစ်သောင်းခွဲနှုန်းနဲ့ရွာသားတွေကိုပြန် တနှစ်စာအငှားချခဲ့တယ်။" ဟု စစ်တပ်ထံခြံမြေ လက်လွှတ်ဆုံးရှုံးခဲ့သူရွာသူတဦးကပြောပြပါသည်။ သူမဆက်လက်ရင်ဖွင့်ပြသည်မှာ "ကျမတို့ စိုက်ပျိုးမြေတွေ အသိမ်းခံခဲ့ကြရပေမဲ့ ဘယ်မှာသွားတိုင်ရမလဲ၊ အကူအညီဘယ်မှာယူရမလဲ ဆိုတာမသိဘူး။ အလားတူပဲ ခြံမြေသိမ်းခံရတာ မကျေနပ်ပေမဲ့လည်း ခြံမြေစိုက်ပျိုးဖို့ပြန်ငှားကြရပါတယ်၊ ဘာဖြစ်လဲဆိုတော့စိုက်ပျိုးရေးကကျမတို့ရဲ့ အဓိက အသက်မွေး ဝမ်းကျောင်းလေ။"[4]


ဒေသခံ ခြံမြေကို သိမ်းပိုက်ပြီး တပ်စခန်း စိုက်ခင်းပြုလုပ်ထားပုံ

[4] From TSYO's Information and Human Right Documentation Department fieldworker news August 2010

## ဖြစ်စဉ် (၄) အဓမ္မလုပ်အားပေးခိုင်းစေခြင်း– လယ်ယာမြေများသိမ်းပိုက်ခြင်းနှင့်အတူ လမ်းဖောက်လုပ်ရေးအတွက် အဓမ္မလုပ်အားပေးခိုင်းစေခြင်း

နမ့်ဆန်မြို့ အစိုးရအာဏာပိုင်တို့သည် ဒေသခံများ၏ စိုက်ပျိုးမြေများကို လျော်ကြေးငွေ မပေးဘဲ သိမ်းယူသည့်အပြင် ရွာသားများကို လမ်းဖောက်လုပ်ရာတွင် အလုပ်လုပ်ရန် အဓမ္မခိုင်းစေခဲ့သည်။

ရှမ်းပြည်မြောက်ပိုင်း၊ ကျောက်မဲခရိုင် နမ့်ဆန်မြို့ရှိ ဗိုလ်ကြီးသန်းထွန်း သည် တပ်မင်းသားနှင့် မန်ကန်ရွာရှိ ရွာသားများပိုင် စိုက်ပျိုးမြေများကို ဆွေးနွေးမေးမြန်းခြင်းမပြုဘဲလမ်းဖောက်လုပ်ရန်အတွက် သိမ်းယူခဲ့သည်ဟု ရွာသားတဦးပြောပြခဲ့သည်။ လယ်ယာမြေပိုင်ရှင်များမှာ ဆုံးရှုံးမှုအတွက် မည်သည့် နစ်နာကြေးမျှ မရရှိချေ။

“အာဏာပိုင်တွေ လမ်းဖောက်လုပ်တဲ့အချိန်မှာဆိုရင် လမ်းဘေးဝဲယာမှာရှိတဲ့ စိုက်ပျိုးခြံမြေအားလုံးကို ဘယ်သူ့ကိုမှမပြောဘဲ ဖျက်ဆီးပစ်ကြပါတယ်။ အဲဒီလမ်းဖောက်လုပ်တာကြောင့် လမ်းဆောက်လုပ်ရေးအတွက် စိုက်ပျိုးခြံမြေတွေသိမ်းခံရတဲ့နေရာမှာ တောင်မကျေးရွာအုပ်စုက ရွာတွေ အဆိုးရွားဆုံး ခံကြရတယ်။ အချို့မိသားစုဆိုရင် ပိုင်ဆိုင်တဲ့ခြံက ပမာဏနဲ့တဲ့အပြင် အခုလို ဘာလျော်ကြေးမှမရဘဲ သိမ်းယူခံကြတော့ ဘာမှမတတ်နိုင်ဘဲ ငိုနေကြပါတယ်။ ကားလမ်းဘေးမှာနေထိုင်တဲ့ အချို့ရွာသား တွေကတော့ စိုက်ပျိုးမြေအသိမ်းမခံရပေမဲ့ နေအိမ်တွေသိမ်းခံရတာကြောင့် ဘာမှမလုပ်နိုင်ဘဲ ငိုနေကြပါတယ်။ ဘယ်သူ့ကိုမှ လည်း ပြောပြဖို့မလုပ်ချင်တော့အောင် ရင်နာနေကြတယ်။”

လမ်းဖောက်လုပ်နေသည့်အချိန်တွင် ကျေးလက်ရွာသားများအား မိသားစုတစုလျှင် တဦးစီ လမ်းဖောက်လုပ်ရာတွင် လာရောက်လုပ်အားပေးရန် အာဏာပိုင်များကဆင့်ခေါ်သတ်မှတ်ခဲ့သည်။ ထိုကဲ့သို့ လာရောက် လုပ်အားပေးခြင်းမပြုပါက ကျပ်ငွေငါးထောင် ဒဏ်ရိုက်ခံကြရသည်။ ကုန်တင်ကားပိုင် သော မိသားစုများမှာ ဆီတပီပါ ပေးကြရပြီး၊ မပေးသောသူများမှာ ကျပ်ငွေ ၇၀၀၀၀ ဒဏ်ငွေဆောင်ကြရသည်။

“ဘာအခကြေးငွေမှမရဘဲ တောင်မကျေးရွာအုပ်စုက ရွာသားတွေဟာ လမ်းဖောက်လုပ်တဲ့နေရာမှာ ၁၅ ရက်ကျော် အလုပ်လုပ်ခဲ့ရပါတယ်။ အဲဒီရွာသားတွေဟာ ရေတွင်းတတွင်းပါ တူးရတယ်။ သူတို့ခိုင်းတဲ့ အတိုင်း မလုပ်ဘူးဆိုရင် အထက်က ပြောတဲ့အတိုင်း အာဏာပိုင်တွေရဲ့ အရေးယူခြင်းကိုခံကြရမှာ ဖြစ်တယ်။”

ရွာသားများမှာ ဗိုလ်ကြီးသန်းထွန်းနှင့် လမ်းဖောက်လုပ်ရေးအပေါ် ကျေနပ်မှုလုံးဝမရှိပေ။ “လမ်းဖောက်လုပ်ရေးဟာ ဒေသဖွံ့ဖြိုးရေးလို့ပြောပေမဲ့ အဲဒီဗိုလ်ကြီးအတွက် ကျနော်တို့ အလုပ် မလုပ်ချင်ပါဘူး။ ကျနော်တို့လို ကားမရှိတဲ့လူတွေအတွက် အရမ်းနစ်နာတယ်။ တကယ်တော့ အဲဒါဟာ ဒေသဖွံ့ဖြိုးရေးမဟုတ်ဘဲ သူ့ရဲ့ကိုယ်ကျိုးစီးပွားကိုမြှင့်တင်ဖို့ပဲ။ ဥပမာ အဲတာ မတိုင်ခင် ဟင်တပ်ရွာက လက်ဖက်ခြံတွေသူသိမ်းယူခဲ့သေးတယ်။ ကျနော်တို့ တလနီးပါးအကြာလမ်းဖောက်ခဲ့ရတယ်။ ကျနော်တို့ မကျေနပ်ဘူး၊ ဒါပေမဲ့ ဘာမှလည်းမလုပ်နိုင်ဘူး”ဟု လမ်းဖောက်လုပ်ရေးတွင် လုပ်အားပေးရာမှ ပြန်လာသော ရွာသားတဦးပြောပြပါသည်။[၁]

[1] From TSYO's Information and Human Rights Documentation Department fieldworker news, Oct 11, 2010



သိမ်းပိုက်ထားသည့် မြေပေါ်၌  လမ်းဖောက်ရာတွင် အဓမ္မလုပ်အားပေးရခြင်းများလည်းရှိနေ

**TSYO** ပြုလုပ်ခဲ့သည့် လူတွေ့မေးမြန်းမှုများကို သုံးသပ်ကြည့်ရာတွင် တအာင်းဒေသရှိခြံမြေများကို အတင်းအဓမ္မသိမ်းယူစဉ် မည်သည့် နိုင်ငံတကာစံနှုန်းနှင့် ပြည်တွင်းဥပဒေ ကိုမျှလေးစားလိုက်နာခြင်း မရှိသည်ကိုတွေ့ရပါသည်။ နှစ်ကာလ အတန်ကြာသည်အထိ  တရားဥပဒေစိုးမိုးရေးကင်းမဲ့မှု၊အဓိပ္ပါယ် နှစ်ခွထွက်သောဥပဒေများ၊ ကျယ်ပြန့်သည့်အကျင့်ပျက်ချစားမှုတို့သည် အာဏာပိုင်များအား စစ်တပ် အခြေစိုက်   တပ်စခန်းတည်ဆောက်ရန်၊ ကြီးမားသည့်သဘာဝအရင်းအမြစ်များထုတ်ယူရန်၊ ဖွံ့ဖြိုးရေး စီမံကိန်းများ၊ စီးပွားရေးအကျိုးအမြတ်(သို့)အာဏာပိုင်များ၏ ပုဂ္ဂလိကအကျိုးစီးပွား တို့အတွက် ဒေသခံ ပြည်သူများ ၏ လယ်ယာခြံမြေများကိုမတရားသိမ်းယူရန်ခွင့်ပြုထားသကဲ့သို့ဖြစ်နေပါသည်။

ဤဖြစ်စဉ်များတွင် ဒေသခံအသိုင်းအဝိုင်းတို့ မှာ ကြိုတင်အသိပေးခံရခြင်း ဆွေးနွေးခြင်း၊ နစ်နာကြေး ပေးခြင်း မရှိဘဲ နှင်ထုတ်ခံရခြင်း၊ မတရားရွှေ့ပြောင်းခြင်းတို့ကို ခံခဲ့ကြရသည်။ အလွန်ဆိုးရွားသော လူ့အခွင့်အရေးချိုးဖောက်ကြီးများဖြစ်သည်။ လယ်ယာခြံမြေများသိမ်းယူခံရပြီး နောက် အသက်မွေး ဝမ်းကျောင်းများပါ နောက်ဆက်တွဲအနေဖြင့် ဆိုးရွားသည့်အကျိုး သက်ရောက်မှုများကို ဒေသခံ ပြည်သူများ ရင်ဆိုင်ကြရသည်။ နောက်ပိုင်းအခန်းကဏ္ဍတွင် လယ်ယာမြေသိမ်းဆည်းခြင်းကြောင့် လူမှု ရေး၊ စီးပွားရေးတို့အပေါ် ဆိုးကျိုးသက်ရောက်မှုများကိုအသေးစိပ်ဖော်ပြထားပါသည်။

# လယ်ယာမြေသိမ်းဆည်းခြင်းကြောင့် လူမှုရေး၊ စီးပွားရေး တို့အပေါ် ဆိုးကျိုးသက်ရောက်မှုများ



အဓမ္မရွှေ့ပြောင်းစေမှုသည် ဒေသခံများအတွက် အိုးအိမ်မဲ့ဘဝသို့ဆင်းသက်စေခြင်း



*"အရင်တုန်းက လယ်မြေတွေမှာ စပါးစိုက်တယ်။ ဒါကြောင့် လယ်မြေကနေ လုံလောက်တဲ့ အစား အသောက်တွေရကြတယ်။ အခုတော့ အာဏာပိုင်တွေ လယ်တွေကိုသိမ်းလိုက်တဲ့အချိန်ကတည်းက ဝင်ငွေရဖို့ ဈေးတွေမှာ ဟင်းသီးဟင်းရွက်ပဲရောင်းစား နေကြရပါတယ်။ နားတဲ့အချိန် အနားယူရတဲ့ အချိန်ဆိုတာမရှိဘူး၊ နားတာနဲ့ ထမင်းငတ်မှာပဲ"*[၁]

ခြံမြေသိမ်းခံရသူများအတွက် လယ်ယာခြံမြေသိမ်းဆည်းခံရခြင်းအတွက် ထိခိုက်မှုအဖြစ်ဆုံးမှာ အသက် မွေးဝမ်းကျောင်းများ ဆုံးရှုံးခြင်းဖြစ်သည်။ အသက်မွေးဝမ်းကျောင်းသည် မိမိတို့ဘဝရပ်တည်ရှင်သန်ရေးအတွက် ကူညီထောက်ပံ့ပေးသကဲ့သို့ မိမိတို့လုံလောက်သောဝင်ငွေရှိမှသာလျှင် မိမိတို့မိသားစုအတွက် လုံလောက်သောစားနပ်ရိက္ခာနှင့် ခိုလုံရာနေအိမ်များ ရရှိနိုင်မည်။ တအာင်းဒေသတွင် ပုံစံအမျိုးမျိုးဖြင့် လယ်ယာမြေများ သိမ်းပိုက်ခံကြရသည်။ လက်ဖက်နှင့်စပါး စိုက်ပျိုးသူများ လယ်ယာခြံမြေသိမ်းပိုက်ခံရပြီးနောက် စိုက်ပျိုးရန် လယ်ယာခြံမြေမရှိတော့သကဲ့သို့ အခြားမွေးမြူရေးဖြင့် အသက်မွေးဝမ်း ကျောင်းပြုသူများမှာလည်း ယင်းတို့၏နွားများကို မွေးမြူရန် မြေနေရာမရှိတော့ပေ။ ပြည်သူများ၏ ဘဝမှာ အံ့သြတုန်လှုပ်ဖွယ် ပြောင်းလဲလာခဲ့ရပြီး သူတို့မှာ တနေ့လုပ် တနေ့စားဘဝဖြင့် မိသားစုကို ဖူလုံစွာထောက်ပံ့နိုင်ရန်အတွက် အလုပ်ကြိုးစား လုပ်ကြရသည်။ မိသားစု စားဝတ်နေရေးအတွက် ဘဝကိုခက်ခဲကြမ်းတမ်းစွာ ရုန်းကန်ကြရပါသည်။

လယ်ယာခြံမြေသိမ်းဆည်းမှုမှာ သိမ်းဆည်းခံရသူများအတွက် ဒုက္ခပြဿနာမြောက်များစွာကို ယူဆောင် လာပေးသည်။ ယင်းတို့၏ ရပ်ရွာ မြို့နယ်များတွင်ဆက်တိုက်ဖြတ်ပေါ်နေသော လယ်ယာခြံမြေသိမ်းယူမှုကြောင့် လယ်ယာခြံမြေ၊ နေအိမ်နှင့် အသက်မွေးဝမ်းကျောင်းတို့ကို လက်လွှတ်ဆုံးရှုံးလိုက်ရသော ရွာသားများသည် အခြားလူမှုရေး၊ စီးပွားရေးပြဿနာများ နှင့်လည်းရင်ဆိုင်ရဖွယ် သံသယမကင်းဖြစ်လာကြသည်။

လယ်ယာခြံမြေသိမ်းခံရသောသူများမှာ ယေဘုယျအားဖြင့် လယ်ယာခြံမြေသာ သိမ်းပိုက်ခံရသည်မဟုတ်ဘဲ အခြား ကြီးမားသည့် ဆိုးကျိုးများကိုလည်းခါးသီးစွာခံကြရသည်။ တအာင်းပြည်သူလူထုအများစုမှာ လက်ဖက်ခြံလုပ်ငန်းအပေါ်သာ အသက် မွေးဝမ်းကျောင်းအတွက် မှီခိုလုပ်ကိုင်စားသောက်ကြပြီး ထိုခြံမြေများ လက်လွှတ်ဆုံးရှုံးလိုက်ရသည့်အချိန်တွင် မိသားစုတို့၏ လူမှုနေထိုင်ရေးဘဝအတွက် ဆက်လက်ရပ်တည်ရန် ပုံမှန်ဝင်ငွေမရရှိတော့ချေ။ ထိုအချက်သည် မိသားစုဝင် ကလေးငယ်များ အတွက် အလွန်အန္တရာယ်ကြီးသည့် ဆိုးကျိုးများရရှိစေနိုင်သည်။ စီးပွားရေးကျပ်တည်းမှုကြောင့် ကလေးများကို ပညာ သင်ကြားရန် ဆက်လက် မထောက်ပံ့နိုင်တော့သဖြင့် အတင်းအဓမ္မကျောင်းထွက်ခိုင်းကာ မိသားစုစားဝတ်နေရေးအတွက် လုပ်ငန်းခွင်တွင် အလုပ်ကူလုပ်ခိုင်းကြရသည်။ သားသမီးများမှာ အထက်တန်းပညာအဆင့်ကိုပင် ဆည်းပူးခွင့်မရတော့ပေ။

**TSYO** ကွင်းဆင်းသတင်းကောက်ယူသူများသည် အစီရင်ခံစာအတွက် အရည်အသွေးပြည့်မီသော သတင်း အချက်အလက် များကောက်ခံစဉ် သိမ်းယူခံသောရွာသားများ၏ လယ်ယာ မြေသိမ်းယူခြင်း နောက်ဆက်တွဲဆိုးကျိုးများကို စုံစမ်းလေ့လာခဲ့ပါသည်။ အားလုံး လူ့အခွင့်အရေးချိုးဖောက်မှုများဖြစ်နေပြီး ကွင်းဆင်း လေ့လာသူတဦး မှတ်ချက်ပေးသည်မှာ–

[1] Taken from an interview with TSYO Fieldworker about their observations in the field

> “ကျမအတွေ့အကြုံအရဆိုရင်တော့ မူလတန်းကျောင်းပြီးတဲ့ အသက်ဆယ်နှစ်ကျော် ယောက်ျားရော မိန်းကလေးပါ ကျောင်း ဆက်မတက်နိုင်ပဲ ထွက်ကြရပါတယ်။ လက်ဖက်ခြံတွေသိမ်းခံရလို့ မိသားစုတွင်း စီးပွားရေးကျပ်တည်းတာကြောင့်ပဲ၊ မိန်းကလေး တွေဆိုရင် မျက်နှာသာမပေးခံရဘူး၊ အရင်ထွက်ရတယ်။ ကျောင်းကနေထွက်ပြီးတဲ့နောက် ခြံအလုပ်နဲ့ အိမ်တွင်း မီးဖိုချောင်အလုပ် အစရှိတဲ့ အိမ်အလုပ်မျိုးစုံ ကူလုပ်ကြရတယ်။ ကျောင်းစရိတ်ကလည်းကြီးတဲ့အတွက် သူတို့မိဘ တွေက ကျောင်းဆက်ထားဖို့ မပံ့ပိုးပေးနိုင်တော့ဘူး၊ ၁၀၅ မိုင်မှာဆိုရင် မယ်သီလရှင်တွေဖွင့်ထားတဲ့ အခမဲ့ကျောင်းမှာ တက်လို့ရတဲ့ အခွင့်အလမ်းရှိတာတောင် မိဘတွေခွင့်မပြုလို့ အဲဒီကလေးတွေ ကျောင်းမတက်ရဘူး။ ဒါကတော့ မိဘတွေဟာ မိသားစု စားသောက်ဖို့ အလုံအလောက် မရှိတဲ့ အတွက်ပဲဖြစ်တယ်။ ဒါကြောင့် ကလေးတွေဟာ ငယ်ငယ်ရွယ်ရွယ်နဲ့ ကျောင်းထွက်ကြ ရတယ်။”[၂]

မိဘများသည် တနေ့လုပ်တနေ့စားဘဝဖြင့် မိသားစုကိုခက်ခဲစွာရှာဖွေကြိုးပမ်း ကျွေးမွေးနေရသဖြင့် အခြား ရွေးချယ်စရာ မရှိကြ၍သာ သားသမီးများ၏ ပညာသင်ကြားခွင့်ကို မလွှဲမရှောင်သာ ပိတ်ပင်ကြရသည်။ နိုင်ငံ တွင်ရှိကလေးသူငယ်များ၏ အနာဂတ်ပညာရေးမျှော်လင့်ချက်ကင်းမဲ့နေခြင်းကို အစိုးရကကြိုးပမ်း



ဆောင်ရွက်မည့် အလားအလာခြေလှမ်းများ မတွေ့ရှိရ သေးပေ။ မြန်မာလူငယ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားပေးဆောင်ရွက်မှုမပြုခြင်းသည် ပြဿနာများပိုမိုကြီးမားလာစေရန် အားဖြည့်နေသကဲ့သို့ဖြစ်ပြီး၊ လူငယ်များ ကျောင်းစောစီးစွာ ထွက်ရသဖြင့် အနာဂတ်တွင် အရည်အချင်းများကင်းမဲ့ကာ အခြားအလုပ်များရှာလုပ်ရန် အတွက် အရည်အသွေးမပြည့်ဝပဲ အခက်အခဲများနှင့် ရင်ဆိုင်ကြရမည်။

[2] Taken from an interview with TSYO Fieldworker about their observations in the field




တရုတ်နယ်စပ်မြို့သို့ ရွှေ့ပြောင်းပြီးအလုပ်လုပ်ရန်အတွက် ရောက်ရှိလာသော တအာင်းလူငယ်များ

ပညာရေးနိမ့်ကျမှုသည် လူမှုစီးပွားအကျပ်အတည်းသို့ ပိုမိုဦးတည်နေသည်မှာ သံသယရှိလိမ့်မည် မဟုတ်ပေ။ လက်ဖက်ခြံ လုပ်ငန်းကိုသာလုပ်ကိုင်ရန် အရည်အချင်းကိုသာပိုင်ဆိုင်ကြသော တအာင်းလူမျိုးတို့သည် စိုက်ပျိုး လုပ်ကိုင်ရန် ခြံမြေများ မရှိတော့သည့်အချိန်တွင် ကလေးငယ်များကျောင်းတွင် ပညာဆက်လက်သင်ယူရန် စရိတ် မထောက်ပံ့နိုင်တော့ပဲ မိဘများ ကဲ့သို့ပင် ပုံမှန်အတန်းပညာမရရှိခဲ့ကြသကဲ့သို့ ကလေးများလည်း အရည်အချင်း ကင်းမဲ့သည့် စက်ဝိုင်းသံသရာ လည်ပတ်ကာ အဆုံးမသတ်နိုင်ပဲ ဖြစ်နေပါမည်။ မိဘများထံမှ အမွေရမည့် လယ်ယာခြံမြေမရှိတော့သည့်အတွက် ထိုလူငယ်များ၏ အခြေအနေမှာ ပိုမိုဆိုးရွားဖွယ်သာရှိတော့သည်။ ဤအခြေအနေသည် လူငယ်များအား မိသားစုစားဝတ်နေရေးအတွက် ဝင်ငွေရသည့်အလုပ်များရှာဖွေရန် အခြားရပ်ဝေးဒေသသို့ ရွှေ့ပြောင်းအလုပ်သမားဘဝအဖြစ်ထွက်ခွာစေမည့် အကြောင်း တရားများ ဖြစ်ပါသည်။

ထိုက်တန်သည့်နစ်နာကြေး မပေးဘဲ လယ်ယာခြံမြေသိမ်းယူခံရသော ဒုက္ခသည်များသည် အိုးမဲ့အိမ်မဲ့နှင့် နေရာ ရွှေ့ပြောင်း အလုပ်ရှာစေခြင်းများ ဖြစ်ပေါ်စေရန် ဖန်တီးနေပါသည်။ လက်ဖက်ခြံများသိမ်းယူပြီး လမ်းမကြီး ဖောက်လုပ်ရန်အတွက် နမ့်ဆန်မှမန်တုန်သို့ အတင်းရွှေ့ပြောင်းခံရသည့် လက်ဖက်ခြံရှင်မိသားစုများအကြောင်း လူတွေ့မေးမြန်းမှုများစွာ ရရှိခဲ့ပါသည်။ လတ်တလော ၂၀၁၁ ခုနှစ် ဖေဖော်ဝါရီလတွင် ဟိုမိန်းရွာမှ မိသားစုနှစ်စုမှာ အတင်းအဓမ္မနေအိမ်ရွှေ့ပြောင်းခြင်းခံခဲ့ရပါသည်။

“အဲဒီလမ်းမကြီးဘေးမှာနေတဲ့ ကျမတို့ မန်မောက်ရွာက မိသားစုတစုဟာ အတင်းအဓမ္မ ပြောင်းရွှေ့ခံခဲ့ရတယ်။ ကျမ ဆိုရင် အိမ်ကနေဆိုင်၊ ဆိုင်ကနေအိမ်အဖြစ် နေရာပြောင်းခံရတာ သုံးခါတောင်ရှိပြီ”ဟု အိမ်ဆိုင်ရောင်းသူ အမျိုးသမီးတဦးက ရင်ဖွင့်ပြပါသည်။[3] လက်ဖက်ခြံ၊ တောနှင့် စိုက်ပျိုးမြေများ မကြာခဏသိမ်းယူခံရသဖြင့် ရွာသားများမှာ အလွန်စိတ်ပျက် နေကြရပါသည်။

လက်ဖက်ခြံသိမ်းယူခံခဲ့ရသည့် ဒေသခံရွာသားတဦးမှာ အခြားပုံမှန်ဝင်ငွေနှင့် အသက်မွေးဝမ်းကျောင်း မရှိဘဲ ဖြစ်နေပါသည်။ ထိုကြောင့် နမ့်ဆန်၊ မူဆယ်နှင့် ကွတ်ခိုင်ရှိ လယ်ယာခြံမြေသိမ်းယူခံရသော ရွာသားများမှာ တရုတ်–မြန်မာနယ်စပ်သို့ သွားရောက်ကာ ရွှေ့ပြောင်းအလုပ်သမားများအဖြစ် အလုပ်လုပ်ကြရပါသည်။ ပမာဏကြီးမားသောရွှေ့ပြောင်းအလုပ်သမား တအာင်းလူမျိုးများအတွက် မတူညီကွဲပြားသော

[3] Taken from research released by TSYO on www.palaungland.org



မိဘမဲ့ဂေဟာမဟုတ်ပါ– မိဘများ ဝေးလံသည့်ဒေသတွင် ရွှေ့ပြောင်းပြီး အလုပ်လုပ်ကြသည့်အတွက် ဘုန်းတော်ကြီးမှ ကလေးများကို စောက်ရှောက်ထားရပုံ

အကျိုးဆက်များစွာရှိပြီး၊ ကျန်ခဲ့သော မြို့ရွာများတွင် လူငယ်အရေအတွက် ပျောက်ကွယ်လုနီးပါး နည်းပါးလာခဲ့ပါသည်။ လူတွေ့မေးမြန်းခံရသူတဦးက –

“ကျမတို့ရွာကလူတွေ အတော်များများ ကချင်ကျောက်စိမ်းတွင်းနဲ့ တရုတ်ဘက်ကို ထွက်သွားကြတယ်။ ဒီကနေ့ အခြေအနေမှာ အသက်ကြီးတဲ့လူကြီးတွေနဲ့ ကလေးပဲ ရွာမှာကျန်တယ်၊ ရွာမှာဘာအလုပ်မှလည်းရှာလို့မရဘူး၊ ဒါကြောင့် လူတွေကို အခြားအဝေးတနေရာဆီ ထွက်သွားဖို့ ဖိအားပေးသလိုဖြစ်နေတယ်။ ဒီကိစ္စဟာ ကျမတို့ရဲ့ ကျေးလက်ရိုးရာဘဝကို ပျောက်ဆုံးစေပြီးတော့ ယဉ်ကျေးမှုအတွက် တကယ်အန္တရာယ်ရှိပါတယ်။ ကျမတို့ရဲ့ တန်ဖိုးနဲ့ မိသားစုဘဝ တဖြေးဖြေး ပျောက်ကွယ်လိမ့်မယ်”[၄]

မိမိရပ်ရွာကိုချန်ထားပြီး အဝေးသို့ထွက်ခွာသူများမှာ တဦးတည်းခံစားရသည်မဟုတ်ဘဲ တရုတ်နိုင်ငံသို့ ရွှေ့ပြောင်း အလုပ် သမားအဖြစ်အလုပ်လုပ်ကြသောတအာင်းလူမျိုးတို့သည် ခေါင်းပုံဖြတ်အမြတ်ထုတ်မှု များခံစားကြရပြီး၊ ရွှေ့ပြောင်းအလုပ် သမားများမှာ နည်းပါးသည့်လုပ်အားခဖြင့် ဆိုးဝါးသည့်လုပ်ငန်းခွင်တွင် အချိန်နာရီကြာရှည်စွာ အလုပ်လုပ်ကြရပါသည်။ အမျိုးသမီးအများစုမှာ ခေါင်းပုံဖြတ်အမြတ်ထုတ်ခံကြရသည်။ အချို့မိသားစုများမှာ အလုပ်ပွဲစားများမှတဆင့် တရုတ်ပြည်ရှိ စက်ရုံအလုပ်ရုံများတွင်အလုပ်လုပ်ရန် သမီးငယ်များကိုခွင့်ပြုခဲ့ကြသော်လည်း၊ တခါတရံမှာ ထိုကဲ့သို့ဖြစ်မလာဘဲ အမျိုးသမီး ငယ်များမှာ တရုတ်ပြည်တွင် ရောင်းစားခံကြရပြီး၊ တရုတ်အမျိုးသားများနှင့်အတင်းအဓမ္မလက်ထပ်ရန်(သို့)ပြည့်တန်ဆာရုံတွင် လိင်အလုပ်သမအဖြစ် လုပ်ကိုင်ကြရခြင်းဖြင့် မိသားစုများကိုနောက်တဖန် ပြန်လည်ဆုံတွေ့ခွင့်မရှိတော့ပေ။[၅]

---

[4] Interview #51

[5] PWO, Stolen Lives, 2011, p19

လယ်ယာမြေသိမ်းယူခြင်းသည် တအာင်းလူမျိုးတို့၏ ယဉ်ကျေးမှုနှင့် ရိုးရာဓလေ့ထုံးတမ်းများကို အကြီးအကျယ် ထိခိုက်စေ ပါသည်။ နှစ်သစ်ကူးအခါသကြ်န်၊ ဝါတွင်းကာလနှင့်သီးတင်းကျွတ်အချိန်များတွင် တအာင်း လူမျိုးတို့ သည် ရွာနီးချင်း တရွာနှင့် တရွာလှည့်လည်သွားလာပြီး ဘုန်းကြီးကျောင်းများတွင်အလှူဒါနပြုလုပ်ခြင်း၊ ရွာရှိ သက်ကြီးရွယ်အိုများ ဆွေမျိုးများကို လှူဖွယ်ပစ္စည်းဖြင့်ကန်တော့ခြင်း အစရှိသည့် ရိုးရာဓလေ့ထုံးတမ်းများကို ပြုလုပ်မြဲဖြစ်သည်။ သို့သော် လယ်ယာခြံမြေများ အသိမ်းပိုက်ခံဘဝသို့ ကျရောက်သောအခါ ဝင်ငွေများနိမ့်ကျ လာပြီး ပြုလုပ်မြဲ ရိုးရာဓလေ့ထုံးတမ်းများကို ကြာရှည် မပြုလုပ်နိုင်တော့ပါ။

“အရင်တုန်းကဆိုရင် သီးတင်းကျွတ်အချိန်ခါ(အောက်တိုဘာလ)ရောက်ရင် ကျနော်တို့ အခြားရွာတွေ တရွာပြီးတရွာသွားပြီး အလှူအတန်းပြုလုပ်လေ့ရှိပါတယ်။ ဒါပေမဲ့ဒီနှစ်တော့ ကိုယ့်ရွာ ဘုန်းကြီးကျောင်းကို တောင်ဘာသွားလှူရမှန်းမသိဘူး၊ ကျနော် မျက်နှာအရမ်းပူတယ်။ ကျနော့် အကြွေးတွေကလည်း အတိုးတွေ ဆက်တိုက်တိုးနေတယ်။ ဆန်၊ ဆီ၊ ဆားတွေ အကြွေးနဲ့ ဝယ်ထားတာ အဲဒီဆိုင်ကိုပြန်ဆပ်နိုင် အုံးမယ်လို့ ကျနော် မထင်ဘူး။ အဲဒါအပြင် ကျနော်ငွေတွေထပ်မချေးယူချင်တော့ဘူး၊ အရမ်းရှက်တယ်ဗျာ။ ကျနော်တို့ ဘာတတ် နိုင်မလဲ။ အရင်ဘဝတုန်းကပြုခဲ့တဲ့ ကုသိုလ်ကံကြမ္မာပဲလို့ လက်ခံရတော့မှာပါပဲ။”[၆]

လယ်ယာခြံမြေသိမ်းဆည်းခံရခြင်း ရလာဒ်အဖြစ် သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှုသည်လည်း အခြား အရေးကြီးသည့် အချက်တချက်ဖြစ်သည်။ တအာင်းဒေသတွင် သိမ်းယူခံခဲ့ရသော ခြံမြေအများစုသည် မြန်မာပြည်၏ပေါ်ကြွယ်လှသော သဘာဝ သယံဇာတဖြစ်သည့် သတ္တု၊ ရေနံနှင့် သဘာဝဓါတ်ငွေ့များ အကြီး အကျယ်ထုတ်လုပ်သုံးစွဲရာတွင် အကျိုးပြုစေရန် ဖြစ်သည်။ ရခိုင်ကမ်းလွန်မှထွက်ရှိသော သဘာဝဓါတ်ငွေ့ကို ရခိုင်၊ မြန်မာပြည်အလယ်ပိုင်း၊ ရှမ်းပြည်နယ်နှင့်တအာင်းဒေသ တို့ကို ဖြတ်ကျော်သွယ်တန်းမည့် ပိုက်လိုင်းများ စတင် တည်ဆောက်နေပြီဖြစ်သည်။ ပိုက်လိုင်း ဖြတ်သန်းတည်ဆောက်ရာတွင် ရွားပါးတိရိစ္ဆာန်များ နေထိုင် ကျက်စားရာ ထူထပ်သည့်သစ်တောများနှင့် သစ်တောများ၏ ဂေဟစနစ်တို့ကို ဤစီမံချက် ဖော်ဆောင်ခြင်းဖြင့် ဖျက်ဆီးကြတော့မည်ဖြစ်သည်။ စီမံချက်ကြောင့် အစိပ်အပိုင်းအချို့ကိုဖျက်ဆီးပြီးဖြစ်သည်။



တအာင်းဒေသရှိ ပြည်သူများအတွက် ဆေးဝါးပြတ်လတ်နေပုံ

[6] Interview #26

ဤတောမြေအများစုမှာ ကျေးလက်တိုင်းရင်းသားလူမျိုးတို့ နေ့စဉ်အသုံးပြုမှီခိုနေရသဖြင့် ကာကွယ်ရန် အထူးလိုအပ်ပါသည်။ တောတောင်များကို မြေပြိုမှုများဖြစ်စေနိုင်သည့် တူးဖော်ခြင်း၊ ဖြိုချခြင်း၊ တန်ဖိုးရှိသည့် သစ်မာများကို ပြန်လည်စိုက်ပျိုးခြင်း မပြုပဲ ပမာဏများစွာခုတ်ဖြတ်ခြင်း အစရှိသည့်လုပ်ရပ်များကို ယခုစီမံကိန်းမှ ပျက်ဆီးမှုအန္တရာယ်များကိုသယ်ဆောင်လာပြီး သဘာဝပတ်ဝန်းကျင်ကို အကြီးအကျယ်ထိခိုက်ပျက်ဆီးစေပါသည်။[၇] TSYO ကွင်းဆင်းသတင်းကောက်ယူသူများမှာ ယခုဖြစ်ရပ်များကို ကိုယ်တိုင်ကိုယ် ကျတွေ့မြင်ခဲ့ကြပါသည်။ မိမိတို့ ကွင်းဆင်းသတင်းကောက်ယူသူများက လယ်ယာမြေများ သိမ်းပိုက်ပြီးဆောက်လုပ်ခဲ့သော အစိုးရစက်ရုံများနှင့် စက်ရုံမှထွက်သည့်လေထုညစ်ညမ်းမှုများ၏ တိုးပွားအန္တရာယ်ရှိမှု အခြေအနေများကို ပြောပြပါသည်။ ထိုစက်ရုံများသည် စက်ရုံထွက် စွန့်ပစ်အညစ်အကြေးများကို စနစ်တကျ ဖျက်ဆီးခြင်း မပြုဘဲ စက်ရုံအခြေစိုက်ရာဒေသများကိုပျက်စီးအောင်လုပ်ဆောင်နေကြသည်။

“ကျနော်သွားရောက် လူတွေ့မေးမြန်းတဲ့သူဟာ လက်ဖက်ခြံမြေသိမ်းခံရပြီး၊ သူရဲ့အိမ်ဟာ အဲဒီစက်ရုံရဲ့ ညာဘက်ကပ်ရပ် မှာ ရှိတယ်။ သူတို့ ခြံမြေနဲ့ မြစ်ချောင်းကိုပါ သိမ်းလိုက်တယ်။ စက်ရုံကနေထုတ်တဲ့ ညစ်ညမ်းမှု တွေဟာချောင်းထဲတောမြေထဲ နေ့တိုင်းလိုလိုဝင်ရောက်နေပြီး အဲဒီချောင်းမှာ ငါးတွေ၊ ပုစွန်လုံးတွေနေကြပါတယ်။ သူ အဲဒီခြံထဲဝင်သွားကြည့်တဲ့အခါမှာ ပိုးလောက်လန်းတွေအများကြီး သူတွေ့ခဲ့ရတယ်။ အဲဒါအပြင် မြောင်းပုပ်တွေရှိနေတော့ လမ်းလျှောက်ရမဲ့နေရာကိုမရှိဘူးလို့ အဲဒီလူပြောပြတယ်။ အထူးသဖြင့် မိုးရာသီမှာ ဆိုရင် မိုးရေတွေနဲ့ညစ်ပတ်ရောနှောနေတာကြောင့် အခြေအနေကပိုပြီး ညစ်ပတ်တယ်။ ပတ်ဝန်းကျင်က လူနေလို့မသင့်တော်တော့ဘူး၊ ရောဂါကူးစက်နှုန်းလည်း တိုးဖို့တကယ်လွယ်မှာပဲ။ အဲဒီ ပတ်ဝန်းကျင် မှာနေတဲ့ သူတွေဟာ ကျန်းမာရေးအတွက် လစ်လျူရှုခံနေရသလိုဖြစ်နေတယ်။ အဲဒါအပြင် သဘာဝပတ်ဝန်းကျင် အခြေအနေကိုကြည့်ရတာလည်း ဂရုတစိုက် ထိန်းသိမ်းစောင့်ရှောက်တာ မတွေ့ရဘူး။”[၈]

တအာင်းဒေသတွင် ကြီးမားသည့် ရေအားလျှပ်စစ်ထုတ်မည့်ရေကာတာများ ဆောက်လုပ်ခြင်းသည်လည်း လယ်မြေများတွင် ပုံမှန်အသုံးပြုလေ့ရှိသည့် ရေများကို ရေကာတာထဲ့သို့ သွယ်ဆင်းကုန်သဖြင့် လယ်သမားများ အတွက်ရေခန်းခြောက်ပြီး ဒေသအတွင်းရှိ သဘာဝပတ်ဝန်းကျင်ပျက်စီးမှုများဖြစ်စေပါသည်။ အာဏာပိုင်များမှာ ရေတခါးများကိုစည်းစံနစ်တကျ အချိန်မှန် မဖွင့်သောကြောင့် ဒေသခံများ၏လယ်မြေများမှာ ရေလုံလောက်စွာမရရှိသည့်အခက်ခဲများနှင့်ရင်ဆိုင်ကြရသည်။ မြေပြိုမှုများပိုမိုဖြစ်ပွားခြင်း၊ ကန့်သတ်ထားသည့်သစ်တောဇုံများတွင် သစ်တောပြုန်းတီးမှုများလာခြင်းနှင့် မြို့ပြလူနေမှု တိုးများလာခြင်း အစရှိသည့် အခြားသောသဘာဝပတ်ဝန်းကျင် ပျက်စီးမှုများလည်းပါဝင်သည်။

တအာင်းဒေသတွင် မြန်မာစစ်တပ်မှစစ်တပ်အင်အားတိုးချဲ့ခြင်းသည် ဒေသအတွင်း စိုက်ပျိုးလယ်ယာ ခြံမြေသိမ်းခံရခြင်းနှင့် လူ့အခွင့်ရေးချိုးဖောက်မှုများ ပိုမိုတိုးပွားလာစေသည့် အဓိကအကြောင်း အရင်းတရပ်ဖြစ်သည်။ ထိုကဲ့သို့စစ်အင်အားတိုးချဲ့ ခြင်းကြောင့် တအာင်းလူမှုအဖွဲ့အစည်းအပေါ် လူမှုစီးပွားဆိုးကျိုးများလည်းသက်ရောက်စေပါသည်။ ထိုအပြင် သိမ်းယူထား သည့် ခြံမြေမှ သူတို့၏ဝင်ငွေများ အတွက် အမတော်ကြေးငွေများပေးမည်ဟုဆိုကာ စစ်သားများသည် အိမ်ထဲသို့ဝင်ရောက်ပြီး လူထုတို့၏ အစားအသောက်၊ အိမ်မွေးတိရိစ္ဆာန်နှင့် ချက်ပြုတ်ရန်ပုကန်အိုးအစရှိသည့်ပစ္စည်းများကိုလည်း ယင်းတို့ လိုချင်သည့် အရာများကို အတင်းယူငင်လေ့ရှိကြသည်။

---

[7] EarthRights International, Situation Briefer No. 1, The Burma-China Pipelines, March 2011

[8] Taken from an interview with TSYO Fieldworker about their observations in the field

“စစ်သားတွေအိမ်ထဲကိုဝင်လာတယ်။ ကျနော်ရဲ့ ဆန်ဆီ၊ ပဲ၊ ထမင်းအိုးတွေကို မတောင်းပဲ သူတို့ ယူသွားကြတယ်။ ကျနော်တို့က သူတို့စစ်တပ်နဲ့သေနတ်တွေကိုကြောက်နေရတော့ ဘာမှပြန်ပြောလို့မရဘူး”[၉]

ထိုဒေသတွင် အခြေချသောစစ်သားများသည် ဒေသခံများစိုက်ပျိုးကြီးပြင်းလာသည့် သီးနှံများကို ရောင်းစားရန်နှင့် ယင်းတို့၏ မိသားစုကိုကျွေးမွေးရန်အတွက် ဖြစ်ပေါ်လာနိုင်သည့်ပြဿနာများကို ဂရုမစိုက်ပဲ ဆွတ်ခူးခဲ့ကြသည်။

“နအဖ စစ်သားတွေဟာ တုန်စင်လေး၊ တုန်စင်ကြီး၊ မန်နောင်၊ ခိုလုံ၊ ပန်ဆေးနဲ့အခြားကျေးရွာတွေက ရွာသားတွေရဲ့ ဟင်းသီးဟင်းရွက်တွေ၊ သစ်သီးတွေနဲ့ အိမ်မွေးသတ္တဝါတွေ ကို လာရောက်ခြိမ်းချောက်ပြီး ဒါးပြတိုက်သလို လာယူကြတယ်။ သူတို့ကျနော်တို့ရဲ့ ဟင်းသီးဟင်းရွက်တွေကိုခွင့်ပြုချက်မယူဘဲ လာခူးသွားတယ်၊ ခူးတာတောင်ကောင်းကောင်းမခူးဘဲ အပင်လိုက်အမြစ်ကနေနုတ်သွားတယ်၊ စိုက်ပျိုးရေးခြံတွေကို ဖျက်ဆီးချင်သလိုဖျက်ဆီးပြီး ရွာသားတွေဆီက ကြက်တွေလည်း စားဖို့ယူသွားခဲ့တယ်။” ဟုရွာသားတဦးကပြောပြပါသည်။[၁၀]

စစ်သားများမှ ရွာသားများအပေါ် လုယက်ဖျက်ဆီးကြသည့် အကြောင်းအရင်းတရပ်မှာ သူတို့ကိုယ်တိုင် အစိုးရထံမှ ဖူလုံသောလစာမရရှိကြသဖြင့် သာမန်အရပ်သားများကြိုးစားရှာဖွေထားသည့် အစားအသောက်များကို လုယက်ကြခြင်းဖြစ်သည်။ အထူးသဖြင့်အောက်ခြေအဆင့် ရဲဘော်များမှာ ကိုယ်ပိုင်ဝင်ငွေဖြင့် ရပ်တည်ရသောကြောင့် အခြေအနေ ပိုဆိုးစေပါ သည်။ ထိုအကြောင်းပြချက်မှာ မှန်ကန် ခြင်း မဟုတ်သော်လည်း ရွာသားများ၏ အခွင့်အရေးကို ချိုးဖောက်ရန်မှာ ထိုအချက် ကိုပင် လက်ညှိုး ထိုးညွှန်ပြရန် ရှိတော့သည်။

လယ်ယာခြံမြေသိမ်းယူခြင်း နောက်ဆက် တွဲဆိုးကျိုးများမှာ တအာင်းပြည်သူ လူထုတို့၏ နေ့စဉ်ဘဝအပေါ်တွင် ပုံစံအမျိုးမျိုးဖြင့် သက်ရောက်နေသော ကြောင့် တအာင်းလူမျိုးတို့၏ လူ့အခွင့်အရေးကို တိုက်ရိုက်ချိုးဖောက်နေကြသော အာဏာပိုင်များ၏ လုပ်ရပ်များကို အရေးယူဆောင်ရွက်မှု များပြုလုပ်ခြင်းဖြင့် အကျိုးသက်ရောက်မှု များကို အရေးတယူ ဆောင်ရွက်ရန် လိုအပ်နေပါသည်။



စိုက်ပျိုးမြေသိမ်းခံရခြင်းကြောင့် ဘဝရှင်သန်ရပ်တည်ရေးအတွက် ပင်ပန်းစွာသီးနှံရောင်းနေရပုံ

[9] PYNG, Under the Boot report 2007

[10] Taken from news released on www.palaungland.org

# နိဂုံး

လယ်ယာမြေသိမ်းယူခြင်းသည် ပြည်သူလူထုတို့၏ ဘဝကိုအမှန်တကယ် ထိခိုက်စေပြီး၊ တအာင်း ပြည်သူလူထုနှင့် မြန်မာနိုင်ငံ ရှိအခြားပြည်သူများအတွက်လည်း အမှန်တကယ် ပြဿနာတရပ် ဖြစ်နေပါသည်။ အမှန်တကယ်ပြဿနာ ဟူသောအရာကို မိမိတို့ပြောဆိုမည်ဆိုပါက ယခုကျူးလွန်မှုများ အပေါ် တာဝန်ယူသင့်သောသူ၊ ယခုလတ်တလောသတိပြုမိချက်အရ အစိုးရ တွင်တည်ရှိနေသော လယ်ယာမြေ သိမ်းယူသည့် ယဉ်ကျေးမှုနှင့် ဒုက္ခခံရသူများအပေါ် သက်ရောက်သည့် ထိခိုက်နစ်နာမှုများကို တာဝန်ခံဖြေရှင်းခြင်း ကင်းမဲ့မှုများအား ရပ်တန့်ပြောင်းလဲရန် တာဝန်ယူသင့်သောသူ အစရှိသည့် အမှန်တကယ် အာဏာ လက်ကိုင်ထားသော ပုဂ္ဂိုလ်များ၏ လက်ရှိအခြေအနေအချက်အလက်များကိုလည်း ရင်ဆိုင်တင်ပြကြရမည် ဖြစ်သည်။

ဤအစီရင်ခံစာသည် လယ်ယာခြံမြေများသိမ်းယူခြင်း၏ တိုက်ရိုက်ရလာဒ်အဖြစ် ပေါ်ပေါက်လာသည့် လူ့အခွင့်အရေး ချိုးဖောက်များနှင့် အမှန်တကယ်သိမ်းပိုက်ခံရသူများမှ ထိုစီမံကိန်းများ၏ အကျိုးရလာဒ်များရရှိခံစားရန် လက်လှမ်းဝေး နေသည်ကို မီးမောင်းထိုးတင်ပြရန် ရည်ရွယ်ပါသည်။ ပုံမှန်အခြေအနေများတွင် တအာင်း လူမျိုးများမှာ ဝင်ငွေရရှိရန်အတွက် အလုပ်ကြိုးစား လုပ်ကြပါသည်။ တအာင်းလူမျိုးတို့၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများသည် အချိန်ကာလကြာရှည်စွာ အလုပ်လုပ်ကြရပြီး အသင့်တင့်သာ ဘဏ္ဍာငွေ အကျိုးအမြတ်ပြန်လည်ရရှိနိုင်သည့် ကာယလုပ်အား လက်ကိုင်ပြုရန်လိုအပ်သည့် ခြံစိုက်ပျိုးရေး လုပ်ငန်းပင်ဖြစ်သည်။ ထို့ကြောင့် အသက်ရှင်သန်ရပ်တည်ရန် အလုံးစုံမှီခိုအားထားနေရသည့် ယင်းတို့၏ လယ်ယာခြံမြေများကို အာဏာပိုင်များ လာရောက်သိမ်းပိုက်သည့်အချိန်တွင် ယင်းတို့၏ဘဝတခုလုံးမှာ ကြီးမား စွာ ထိခိုက်နစ်နာကြရပါသည်။

တအာင်းလူမျိုးတို့၏ ခြံမြေများကို ယူဆောင်သိမ်းပိုက်ခြင်းသည် ယင်းတို့ ရှင်သန်ရန်အသက်ရှူနေရသောလေကို ယူဆောင် သိမ်းပိုက်လိုက်သကဲ့သို့ဖြစ်သည်။ ယင်းတို့ မည်ကဲ့သို့အသက်ရှင်သန် ရပ်တည်ကြမည်နည်း။ စိုက်ပျိုးရန် ခြံမြေမရှိခြင်းသည် ဘဝရှင်သန်ရပ်တည်ရန် လမ်းမရှိတော့ဟု အဓိပ်သက်ရောက်စေပါသည်။ ယင်းတို့သည် အခြားလုပ်ငန်းအရည်ချင်းများ တိုးတက်ဖွံ့ဖြိုးရန်အတွက် မြန်မာအစိုးရထံမှ ကူညီထောက်ပံ့မှုအခွင့်အလမ်းများကို တခါမှမရရှိကြပေ။ လူအများစုမှာ ယင်းတို့၏ ဘိုးဘွားစဉ်ဆက်စိုက်ပျိုးခဲ့သောခြံမြေကို တိုးတက်ပြောင်းလဲလာစေရန် မည်ကဲ့သို့ ဆက်လက်ထိန်းသိမ်းလုပ်ကိုင်ကြ ရမည်ကို အသိပညာ လေ့လာခွင့် မရရှိကြပါ။

အသက်မွေးဝမ်းကျောင်းလုပ်ငန်းမရှိလျှင် ယင်းတို့အသက်ရှင်သန်ဖို့ အစားအသောက်များဝယ်ရန်ဝင်ငွေ မည်ကဲ့သို့ရှာဖွေ ကြမည်နည်း။ သားသမီးများကို ကျောင်းတက်ရန် မည်ကဲ့သို့ထောက်ပံ့ ကြမည်နည်း။ အကယ်၍ တအာင်းလူမျိုးတို့၏ လက်ဖက်ခြံမြေများကို ယူဆောင်သိမ်းပိုက်လိုက်ပါက တအာင်းလူမျိုးတို့သည် ယင်းတို့၏ လူမျိုးရေးဝိသေသလက္ခဏာ၊ ဓလေ့ထုံးတမ်းနှင့် ရိုးရာယဉ်ကျေးမှုများပါ ဆုံးရှုံးလိုက်ရသည်။ ဤဖော်ပြချက်များမှာ မိမိတို့မှတ်တမ်းပြုထားသည့် လယ်ယာခြံမြေသိမ်းဆည်းခံရခြင်းကြောင့် ထိခိုက်နစ်နာသူများအပေါ် ကျရောက်သည့် ဆိုးကျိုး အချို့ပင်ဖြစ်သည်။

မိမိတို့အနေဖြင့် မည်သည့်အတွက်ကြောင့် လယ်ယာခြံမြေသိမ်းများသိမ်းယူခံကြရသည်ကို အဖြစ်အပျက်ပေါင်းများစွာ တင်ပြခဲ့ပြီးဖြစ်သည်။ လက်ဖက်ခြံမြေများအကြောင်းအမျိုးမျိုးဖြင့်သိမ်းပိုက်မှုများ ပေါ်ပေါက်နေရသည်မှာ တအာင်းဒေသအတွင်း မြန်မာစစ်တပ် အင်အားပိုမိုတိုးချဲ့လာခြင်းဖြစ်သည်။ ဤ အခြေအနေများမှာ လူထုတို့၏ခြံမြေများသိမ်းယူခြင်း၊ သိမ်းယူခဲ့သည့် မြေများကို မထီမဲ့မြင်ပြုပြီး ရွာသား များအားပြန်လည်

အငှားချခြင်း အစရှိသည့် လူ့အခွင့်အရေးချိုးဖောက်မှုများ အလျှံအပယ် ပေါ်ပေါက်စေရန် ဦးတည်နေပါသည်။ အာဏာအငမ်းမရမက်မောသောသူများ၏ အမူအကျင့်မှာ ပြည်သူများထံမှ ရက် ကြောက်ရွံ့ရှာမှုမရှိဘဲ ကြမ်းတမ်းခက်ထန်စွာ ဝင်ငွေရှာတတ်ကြပါသည်။ တအာင်းဒေသတွင် စစ်တပ်တပ်ဖွဲ့အင်အားများပြား စွာ တည်ရှိနေခြင်းကြောင့် နောက်ဆက်တွဲရလာဒ်အဖြစ် မုဒိမ်းကျင့်ခြင်း၊ ညင်းပန်းနှိပ်စက်ခြင်းနှင့် အဓမ္မလုပ် အားပေးခိုင်းစေ ခြင်း အစရှိသည့်လူ့အခွင့်အရေးချိုးဖောက်မှု မှတ်တမ်းများ မှာလည်း ပိုမိုများပြားလာပါသည်။

တအာင်းဒေသတွင် စစ်တပ်အင်အားတိုးချဲ့သည့်အဓိကအကြောင်းအရင်းမှာ ရွှေသဘာဝဓါတ်ငွေ့ပိုက်လိုင်း စီမံကိန်း နှင့် ရွှေလီ ရေကာတာ အမှတ် ၁၊ ၂နှင့် ၃ ဆောက်လုပ်ခြင်း အစရှိသည့် ပမာဏကြီးမားသော သဘာဝ အရင်းအမြစ်ထုတ်ယူသုံးစွဲမည့် စီမံကိန်းများလုပ်ဆောင်ရန်ဖြစ်သည်။ ပြည်သူလူထုများမှာ မည်သည့် နစ်နာကြေးတစုံတရာမျှမရရှိဘဲ လယ်ယာခြံမြေများကို ထိုစီမံကိန်းများအတွက် မတရားသိမ်းယူခံရခြင်း၊ ရွှေ့ပြောင်းနှင်ထုတ်ခံ ရနိုင်ကြောင်း (သို့) ထိုစီမံကိန်းနှင့်စပ်လျဉ်းပြီး တိုင်ပင်ဆွေးနွေးမှုမရှိခြင်းတို့ကိုခံစားခဲ့ရပြီး၊ ကျူးလွန်မှုများအတွက် မည်သူတဦးတယောက်မျှ တာဝန်ခံဆောင်ရွက်ခြင်းမရှိချေ။

ထို့ပြင် အစိုးရအနေဖြင့် သဘာဝအရင်းအမြစ်များ ထုတ်ယူသုံးစွဲသည့်စီမံကိန်းများကြောင့် သဘာဝပတ်ဝန်းကျင် အပေါ် ကျရောက်မည့် ဆိုးကျိုးများကို ထည့်သွင်းစဉ်းစားထားခြင်း မရှိပေ။ အစိုးရမှာ ယင်းတို့စီမံချက်များ၏ အကြောင်းကိစ္စနှင့် ပတ်သက်၍ လျှို့ဝှက်ထားကြပြီး၊ ဝေဖန်မေးခွန်းထုတ်သူများမှာ ဖမ်းဆီးခြင်း၊ အကျဉ်းချခြင်းနှင့် အခြားဆိုးရွားသည့် အရာများနှင့် ထိပ်တိုက်ရင်ဆိုင်ကြရသည်။ သဘာဝအရင်းအမြစ်ထုတ်ယူသုံးစွဲခြင်းနှင့် ရေကာတာစီမံကိန်းတို့မှာ မြန်မာအစိုးရ၏ ဘဏ္ဍာအခွန်အတွက် ငွေကျပ်သန်းပေါင်းများစွာ ဖန်တီးပေး လျှက်ရှိသော်လည်း၊ သာမန်နိုင်ငံသားများမှာ ထိုဝင်ငွေများကို မြင်တွေ့သိရှိခွင့်မရရှိကြဘဲ စီမံကိန်း အကျိုး သက်ရောက်မှုကိုလည်း မခံစားကြရပေ။ တအာင်းလူထုတို့မှာ ၂၀၁၁ ခုနှစ်ထိ လျှပ်စစ်မီးသုံးစွဲခွင့် မရရှိ သေးပါ။

မိမိတို့အနေဖြင့် အထက်တွင်ဖော်ပြခဲ့သည့် ရက်စက်ကြမ်းကြုတ်မှုများအတွက် တာဝန်ယူဆောင်ရွက်ရန်နှင့် အကျင့်ပျက်ချစား ပြီး တရားဥပဒေစိုးမိုးရေးအားနည်းမှုများကို ပြန်လည်ဆန်းစစ်ရန် အစိုးရအား တိုက်တွန်း လိုက်ပါသည်။ အစိုးရအား လောဘ အလိုရမက် နှင့် မစင်ကြယ်သည့်တပ်မက်မှုများအတွက် မိမိ၏ပြည်သူလူထု အခွင့်အရေးကို ချိုးဖောက်နေခြင်းအား ရပ်တန့်ရန်၊ လူသားဆန်ရန်နှင့် ထိုစီမံကိန်းများမှရ ရှိလာသောဝင်ငွေ များကို မြန်မာပြည်သူလူထု၏ ဘဝဖွံ့ဖြိုးရေးအတွက် အသုံးပြုရန် မိမိတို့ ဆန္ဒရှိပါသည်။ မြန်မာပြည်သူလူထုကို လျှပ်စစ်မီးပေးခြင်း၊ အိမ်တိုင်ရာရောက်ရေဖြန့်ဝေပေးခြင်း၊ ပညာရေး၊ ကျန်းမာရေး ခံယူရရှိစေခြင်း၊ လူမှုအသိုင်းအဝိုင်းအတွင်း ဖွံ့ဖြိုးတိုးတက်မှုများဆောင်ရွက်ပေးခြင်း၊ ဆင်းရဲမွဲတေမှုနှင့် ဆယ်စုနှစ်များစွာမှ ညှဉ်းဖျင်းသည့် အုပ်ချုပ်မှုမှ ဖိနှိပ်ရက်စက်မှုများကို လျော့ချနိုင်ရန်တို့အတွက် အချို့သောလူမှုအဆောက်အအုံများ ခံစားရရှိ နိုင်စေရန် ဆောင်ရွက်ပေးခြင်းတို့ပြုလုပ်ရန်လိုအပ်ပါသည်။

နောက်ဆုံးအနေဖြင့် ဤအစီရင်ခံစာရလာဒ်တခုအနေဖြင့် ဒေသခံပြည်သူလူထုတို့မှာ အသိအမြင် များပွင့်လင်း လာပြီး၊ လယ်ယာခြံမြေသိမ်းပိုက်ခံရခြင်းသည် မှားယွင်းသည့်လူ့အခွင့်အရေးချိုးဖောက်မှုတခုဖြစ်သည်ကို သိရှိနားလည်စေရန် မိမိတို့ မျှော်မှန်းပါသည်။ ဒေသခံပြည်သူများ မိမိတို့၏အခွင့်အရေးအပေါ် မားမားမတ်မတ်ရပ်တည်ပြီး၊ မိမိတို့လယ် ယာခြံမြေများကို တရားဝင်ပြန်လည်ရရှိရန်၊ သင့်လျော်သည့် နစ်နာ ကြေးငွေများရရှိရန်နှင့် ကျူးလွန်ခဲ့သည့်ကိစ္စရပ်များအတွက် တာဝန်ယူ ဆောင်ရွက်ရေးတို့အတွက် အစိုးရ အားဖိအားပေးဆောင်ရွက်ခြင်းတို့ကိုဝိုင်းဝန်းပြုလုပ်ရန် မိမိတို့အနေဖြင့်မြင်တွေ့ လိုပါသည်။ တအာင်းပြည် သူလူထုတရပ်လုံး မိမိတို့၏ ရပိုင်ခွင့်၊ လယ်ယာခြံမြေ၊ အိုးအိမ်နှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို ကာကွယ်စောင့်ရှောက်နိုင်ရန်အတွက် မိမိတို့ကိုယ်တိုင် အတူတကွ ရပ်တည်ဆောင်ရွက်ကြရန်လိုအပ်ပါသည်။

## တိုက်တွန်းအကြံပြုချက်များ

**မြန်မာအစိုးရ အနေဖြင့် –**

၁) တအာင်းဒေသတွင် လယ်ယာခြံမြေသိမ်းယူခြင်းနှင့် အခြားလူ့အခွင့်အရေး ချိုးဖောက်ကျူးလွန်နေခြင်းများ ကိုရပ်တန့်ရန်။

၂) သိမ်းယူသွားသည့်ခြံမြေများအတွက် လက်ဖက်တောင်သူနှင့်လယ်သမားများအား သင့်တင့်မျှတသည့် နစ်နာ ကြေးများ ပေးဆပ်ရန်နှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်ထူထောင်ပေးရန်။

၃) ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံတခုအနေဖြင့် အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးကြေညာစာတမ်းပါ တာဝန်ဝတ္တရားများကို လေးစားလိုက်နာရန်နှင့် မြန်မာ့မြေယာဥပဒေကို ရှင်းလင်းပြီး ဥပဒေတွင်းပဋိပက္ခ မရှိစေရန်အတွက် ပြန်လည်သုံးသပ် ပြင်ဆင်ရန်။

၄) လူမှုအသိုင်းအဝိုင်းအပေါ်တိုက်ရိုက် ဆိုးကျိုးသက်ရောက်စေမည့် ဖွံ့ဖြိုးရေးစီမံကိန်းများကို အကောင်အထည် ဖော်ဆောင်ရွက်ရာတွင် ဒေသခံပြည်သူလူထုများနှင့် ဆွေးနွေးတိုင်ပင်ခြင်း၊ ပွင့်လင်း မြင်သာမှုကျင့်သုံးခြင်းနှင့် ဒေသခံလူထု၏ ထင်မြင်ယူဆချက်များကို လက်ခံစဉ်းစားခြင်းများ ပြုလုပ်ရန်–

**လယ်ယာခြံမြေများသိမ်းယူရာတွင် ပါဝင်သည့် ကုမ္ပဏီများ အနေဖြင့် –**

(YUPD, Asia World Company Ltd, Huaneng Lancan River Hydropower Company Ltd, Colenco Power Engineering Ltd (CPE) of Switzerland, CNPC, China Railways Engineering Corporation, မန်းမြင့်မိုရ်ပဟိန်း Co. Ltd, ဖြူစင် Co. Ltd, Excellence Engineering Co. Ltd, ချမ်းသာရွှေမြေ ကုမ္ပဏီနှင့် နဂါးပျံ ကုမ္ပဏီ)

၁) ဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဒေသခံပြည်သူလူထုများ၏ အခြေခံအခွင့် အရေးများကို လေးစားလိုက်နာရန်။

၂) ဒေသတွင်းအခြေချနေထိုင်သည့် ပြည်သူလူထုများနှင့် ကြိုတင်ဆွေးနွေးမှု၊ သဘောတူညီချက် မရရှိသေးသည့် မည်သည့် ဖွံ့ဖြိုးရေးစီမံကိန်းကိုမဆို အကောင်အထည်ဖော်ဆောင်ရွက်ခြင်း မပြုရန်။

၃) အခြားနိုင်ငံများတွင် လုပ်ငန်းများလုပ်ကိုင်စဉ် လိုအပ်သော တာဝန်ယူမှု၊ ပွင့်လင်းမြင်သာမှုများအတိုင်း မိမိတို့၏ ကုမ္ပဏီများတွင်ထားရှိဆောင်ရွက်ရန်။

**တအာင်း(ပလောင်) အမျိုးသားပါတီ အနေဖြင့် –**

၁) ဒီမိုကရေစီကိုယ်စားပြု အနစ်သာရဖြင့် အချိန်ပေးနားထောင်အကြံဥာဏ်ယူခြင်း၊ လူမှုအသိုင်းအဝိုင်းကို အပြုသဘော ဆောင်သည့်ပြောင်းလဲမှုများအတွက် ဦးဆောင်တိုက်ပွဲဝင်ခြင်းတို့ဖြင့် ရွေးချယ်တင်မြှောက်ပေး ခဲ့သောပြည်သူလူထုများကို အမှန်တကယ် ကိုယ်စားပြုဆောင်ရွက်ရန်။

**အာဆီယံ မိသားစုများအနေဖြင့် –**

၁) မြန်မာပြည်တွင်းတွင် အမျိုးသားပြန်လည်သင့်မြတ်ရေးလမ်းကြောင်းမဖွင့်မချင်း၊ တရားဝင်အစိုးရ (de-jure) အဖြစ် အသွင်မပြောင်းမချင်း အချိန်အထိ မြန်မာနိုင်ငံကို အာဆီယံ၏ ဥက္ကဋ္ဌ တာဝန် လက်သင့်ခံပေးအပ်ခြင်း မပြုရန်။

မြန်မာနိုင်ငံတွင် လှုပ်ရှားနေသော အစိုးရနှင့်မသက်ဆိုင်သည့်အသင်းအဖွဲ့များ အနေဖြင့် –

၁) အစိုးရနှင့်မသက်ဆိုင်သည့်အသင်းအဖွဲ့များအနေဖြင့် ရန်ကုန်နှင့်မြန်မာနိုင်ငံ အလယ်ပိုင်းတွင်သာမကဘဲ တိုင်းရင်းသားဒေသများတွင် သွားရောက်ပြီး ကြိုးပမ်းလှုပ်ရှားဆောင်ရွက်ရန်။

၂) NGOs များအနေဖြင့် မြန်မာနိုင်ငံသားများ၏ အသိအမြင်များကို ဖွင့်ပေးပြီး နိုင်ငံတဝှမ်းလုံးတွင် လူ့အဖွဲ့အစည်းသစ် ဖြစ်နိုင်ရန်အတွက် ကူညီဆောင်ရွက်ပေးရန်။

ကုလသမဂ္ဂ၊ ဥရောပသမဂ္ဂ နှင့် နိုင်ငံတကာမိသားစုတို့အနေဖြင့် –

၁) နိုင်ငံတကာဖိအားပေးမှုဖြင့် မြန်မာအစိုးရအား အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေညာစာတမ်းကို လေးစားလိုက်နာ ရန်အတွက် ဆောင်ရွက်ပေးရန်။

၂) နိုင်ငံတကာမိသားစုများအနေဖြင့် မြန်မာပြည်သူလူထုတို့ခံစားနေရသည့် ရက်စက်ကြမ်းကြုတ်သည့် လူ့အခွင့်အရေး ချိုးဖောက်မှုများကို ကုလသမဂ္ဂမှအရေးယူဆောင်ရွက်ပေးရန်နှင့် လူ့အခွင့်အရေး စုံစမ်းရေးကော်မရှင် ဖွဲ့စည်းကိုင်တွယ်ရေး တောင်းဆိုမှုအတွက် လယ်ယာခြံမြေသိမ်းပိုက်ခြင်း၊ ပစ္စည်းဥစ္စာသိမ်း ယူခြင်းနှင့် စပ်လျဉ်းပြီး ကူညီစည်းရုံးပေးရန်။

၃) မြန်မာပြည်တွင်းရှိ တိုင်းရင်းသားလူမျိုးစုများအား လူသားချင်းစာနာသည့် တိုက်ရိုက်ကူညီပံ့ပိုးမှုများ မိုပိုတိုးမြှင့်ရန် အပါအဝင် ခြံမြေသိမ်းယူခံရသူများကြုံတွေ့နေရသည့်ပြဿနာများကိုကျော်လွှားနိုင်ရန်နှင့် ထိုပြဿနာများကို ကိုင်တွယ် ဖြေရှင်းနိုင်သည့် စွမ်းရည်များ မြှင့်တင် ကူညီထောက်ပံ့ရန် ။

တအာင်း(ပလောင်) လူမှုအသိုင်းအဝိုင်းများ အနေဖြင့် –

၁) သိမ်းဆည်းခံရသည့်ခြံမြေများနှင့်ပစ္စည်းဥစ္စာများ ပြန်လည်ရရှိရေးအတွက် ဥပဒေရေးရာ ကူညီထောက်ပံ့မှု များရယူကာ အတူတကွပူးပေါင်းဆောင်ရွက်ကြရန်။

၂) မိမိတို့လူမှုအသိုင်းအဝိုင်းတွင် လူ့အခွင့်အရေး ချိုးဖောက်မှုများရပ်တန့်နိုင်ရန်အတွက် တိတ်ဆိတ်ငြိမ်သက်ခြင်းမပြုဘဲ၊ ဖွင့်ဟထုတ်ဖော်ပြောဆိုပြီး မိမိအခွင့်အရေးများကို မိမိတို့ကိုယ်တိုင်ကာကွယ်ကြရန်။

| နံပါတ် | လိင် | အလုပ်အကိုင် | တည်နေရာ | ကျူးလွန်သူများ |
|---|---|---|---|---|
| ၁ | ကျား | လယ်ယာ | နမ့်ခမ်းမြို့နယ်၊ မိုင်းဝီးရွာ | အမည်မသိ |
| ၂ | မ | လယ်ယာ | မန်တုံမြို့နယ် | ဦးအောင်ကြည်၊ မန်တုံမြို့နယ်အခြေစိုက် |
| ၃ | ကျား | လယ်ယာ | မန်တုံမြို့နယ် | ဦးအောင်ကြည်၊ မန်တုံမြို့နယ်အခြေစိုက် |
| ၄ | ကျား | လယ်ယာ | မန်တုံမြို့နယ် | ဦးအောင်ကြည်၊ မန်တုံမြို့နယ်အခြေစိုက် |
| ၅ | ကျား | လယ်ယာ | မန်တုံမြို့နယ် | ဦးအောင်ကြည်၊ မန်တုံမြို့နယ်အခြေစိုက် |
| ၆ | ကျား | လယ်ယာ | မန်တုံမြို့နယ် | ဦးအောင်ကြည်၊ မန်တုံမြို့နယ်အခြေစိုက် |
| ၇ | ကျား | လယ်ယာ | မန်တုံမြို့နယ် | ဦးအောင်ကြည်၊ မန်တုံမြို့နယ်အခြေစိုက် |
| ၈ | ကျား | လယ်ယာ | မန်တုံမြို့နယ် | ဦးအောင်ကြည်၊ မန်တုံမြို့နယ်အခြေစိုက် |
| ၉ | ကျား | လယ်ယာ | မန်တုံမြို့နယ် | ဦးအောင်ကြည်၊ မန်တုံမြို့နယ်အခြေစိုက် |
| ၁၀ | ကျား | လယ်ယာ | မန်တုံမြို့နယ် | တပ်ရင်းအမှတ် ( ၁၃၀ ) |
| ၁၁ | ကျား | လယ်ယာ | မန်တုံမြို့နယ် | တပ်ရင်းအမှတ် ( ၁၃၀ ) |
| ၁၂ | ကျား | လယ်ယာ | မန်တုံမြို့နယ် | မန်တုံမြို့နယ်အာဏာပိုင် |
| ၁၃ | ကျား | လယ်ယာ | မန်တုံမြို့နယ် | တပ်ရင်းအမှတ် ( ၁၃၀ ) |
| ၁၄ | ကျား | လယ်ယာ | မန်တုံမြို့နယ် | မန်တုံမြို့နယ်အာဏာပိုင် |
| ၁၅ | ကျား | လယ်ယာ | မန်တုံမြို့နယ် | မန်တုံမြို့နယ်အာဏာပိုင် |
| ၁၆ | ကျား | လယ်ယာ | မန်တုံမြို့နယ် | မန်တုံမြို့နယ်အာဏာပိုင် |
| ၁၇ | မ | လယ်ယာ | မန်တုံမြို့နယ် | မန်တုံမြို့နယ်အာဏာပိုင် |
| ၁၈ | ကျား | လယ်ယာ | မန်တုံမြို့နယ် | မန်တုံမြို့နယ်အာဏာပိုင် |
| ၁၉ | မ | လယ်ယာ | မူဆယ်မြို့နယ်၊ နမ့်ဟွယ်ကျေးရွာ | ဒေသခံအာဏာပိုင် |
| ၂၀ | ကျား | လယ်ယာ | မူဆယ်မြို့နယ်၊ နမ့်ဟွယ်ကျေးရွာ | ဒေသခံအာဏာပိုင် |
| ၂၁ | မ | လယ်ယာ | မူဆယ်မြို့နယ်၊ နမ့်ဟွယ်ကျေးရွာ | ဒေသခံအာဏာပိုင် |
| ၂၂ | ကျား နှင့်မ | လယ်ယာ၊ ဈေးသည် | နမ့်ခမ်းမြို့နယ်၊ မာန်အောင်ရွာ | အမည်မသိ |
| ၂၃ | ကျား | ကျေးရွာကော်မတီ | နမ့်ခမ်းမြို့နယ်၊ မော်တောင်ကျေးရွာ | နမ့်ခမ်းမြို့နယ်အာဏာပိုင်နှင့် သစ်တောဌာန |

| လယ်ယာသိမ်းဆည်းခြင်းကိစ္စ (အဖြစ်အပျက်အကျဉ်းချုပ် ) | သိမ်းဆည်းခဲ့သည့်မြေကေ | သိမ်းဆည်းခံရသည့်နေ့ရက် |
|---|---|---|
| ရွှေလီရေကာတာ(၁)လိုဏ်ခေါင်းဖောက်ရန်အတွက် ကုန်ကြမ်းပစ္စည်းများသိုလှောင်ရန် | ၆၀ | ၂၀၀၈ |
| ရဲစခန်းတည်ဆောက်ရန်အတွက်လယ်ယာများ သိမ်းဆည်းခြင်း | ၃ | မေလ၊ ၂၀၀၇ |
| ရဲစခန်းတည်ဆောက်ရန်အတွက်လယ်ယာများသိမ်းဆည်းခြင်း | ၃ | မေလ၊ ၂၀၀၇ |
| ရဲစခန်းတည်ဆောက်ရန်အတွက်လယ်ယာများ သိမ်းဆည်းခြင်း | ၂ | မေလ၊ ၂၀၀၇ |
| ရဲစခန်းတည်ဆောက်ရန်အတွက်လယ်ယာများသိမ်းဆည်းခြင်း | ၃ | မေလ၊ ၂၀၀၇ |
| ရဲစခန်းတည်ဆောက်ရန်အတွက်လယ်ယာများ သိမ်းဆည်းခြင်း | ၃ | မေလ၊ ၂၀၀၇ |
| ရဲတပ်ဖွဲ့ဝင်အုပ်စုများက မိသားစု (၃) ခုကို အိုးမဲ့အိမ်မဲ့ နှင်ထုတ်ခံရခြင်း | ၄ | မေလ၊ ၂၀၀၇ |
| ရဲစခန်းတည်ဆောက်ရန်အတွက်လယ်ယာများ သိမ်းဆည်းခြင်း | ၃ | မေလ၊ ၂၀၀၇ |
| ရဲစခန်းတည်ဆောက်ရန်အတွက်ဒေသခံပြည်သူများထံမှလယ်ယာများသိမ်းဆည်းခြင်း | ၄ | မေလ၊ ၂၀၀၇ |
| | ၈ | မေလ၊ ၂၀၀၇ |
| | ၇ | မေလ၊ ၂၀၀၇ |
| | ၇ | မေလ၊ ၂၀၀၇ |
| | ၈ | မေလ၊ ၂၀၀၇ |
| | ၇ | မေလ၊ ၂၀၀၇ |
| | ၈ | မေလ၊ ၂၀၀၇ |
| | ၈ | မေလ၊ ၂၀၀၇ |
| | ၉ | မေလ၊ ၂၀၀၇ |
| သွင်းစီးမံကိန်းအတွက်မြေကေ ( ၁၅ ) သိမ်းဆည်းခြင်း | ၁၀ | မေလ၊ ၂၀၀၇ |
| နမ့်ဟွယ်ရွာသူ၊ ရွာသားများပိုင်ဆိုင်သည့်လယ်ယာမြေ ကေ( ၂၀၀ )ခန့် သိမ်းပိုက်ခြင်း | ၃၀ | ၂၀၀၉–၂၀၁၀ |
| နမ့်ဟွယ်ရွာသူ၊ ရွာသားများပိုင်ဆိုင်သည့်လယ်ယာမြေ ကေ( ၂၀၀ )ခန့် သိမ်းပိုက်ခြင်း | – | ၂၀၀၉–၂၀၁၀ |
| နမ့်ဟွယ်ရွာသူ၊ ရွာသားများပိုင်ဆိုင်သည့်လယ်ယာမြေ ကေ( ၂၀၀ )ခန့် သိမ်းပိုက်ခြင်း | – | ၂၀၀၉–၂၀၁၀ |
| နမ့်ခမ်းမြို့နယ်နှင့်ကွတ်ခိုင်မြို့နယ်အကြား ကားလမ်းများ | | အောက်တိုဘာလ– ၂၀၁၀ |
| တိုးချဲ့ဆောက်လုပ်ရန်အတွက်မြေအိမ်သိမ်းဆည်းခြင်း | ၃ အိမ် | |
| ရွှေလီရေကာတာအနားတွင် ကြက်ဆူ(castor)ပင် | ၃၅ | ၂၀၀၅ |
| များစိုက်ရန် | | |

| | | | | |
|---|---|---|---|---|
| ၂၄ | ကျား | ကျေးရွာကော်မတီ | မန်လုံ မဝေါ လွလော်မ်း လွယ်အင် ကျေးရွာနမ်းခမ်း | နမ့်ခမ်းမြို့နယ်သစ်တောဌာန အာဏာပိုင် |
| ၂၅ | ကျား | လက်ဖက်ခြံ | ဆိုက်ခံရွာ နမ့်ဆန်မြို့နယ်၊ | အမည်မသိ |
| ၂၆ | ကျား | လက်ဖက်ခြံ | နမ့်ဆန်မြို့နယ်၊ မန်မိုင်ကျေးရွာ | အမည်မသိ |
| ၂၇ | ကျား | လက်ဖက်ခြံ | မန်မိုင်ကျေးရွာ | အမည်မသိ |
| ၂၈ | ကျား | လက်ဖက်ခြံ | နမ့်ဆန်မြို့နယ်၊ ပန်းမောဝ် | အမည်မသိ |
| ၂၉ | ကျား | ဆောက်လုပ် ရေး အလုပ်သမား | သီပေါ | အစိုးရခွင့်ပြုမိန့် ရကုမ္ပဏီ |
| ၃၀ | ကျား | ပြည်သူစစ် | နမ့်ဆန်မြို့နယ်၊ ဟိုမိန်းကျေးရွာ | အမည်မသိ |
| ၃၁ | ကျား | လက်ဖက်ခြံ၊ ရွာသူကြီး | နမ့်ဆန်မြို့နယ်၊ မန်မိုင်ရွာ | အမည်မသိ |
| ၃၂ | ကျား | လယ်ယာ | နမ့်ဆန်မြို့နယ်၊ မန်လွယ်ရွာ | လာရှိုးမြို့ရှိ ဗဟိုအာဏာ ပိုင်များကရဲတပ်ဖွဲ့များနှင့် နဂါးပျံ ကုမဏီကိုလယ်ယာ သိမ်းဆည်းရန်အမိန့်ပေးခဲ့ သည်။ |
| ၃၃ | ကျား | စစ်သား | သိန်းနီ၊ မိုင်းလီကျေးရွာ | သိန်းနီမြို့အခြေစိုက်၊ စ–က–ခ အမှတ် ( ၁၆ ) |
| ၃၄ | ကျား | လက်ဖက် တောင်သူ | ဆိုက်ခံရွာ နမ့်ဆန်မြို့နယ် | ဒေသခံအာဏာပိုင် |
| ၃၅ | ကျား | လယ်ယာ | လားရှိုး နမ်ဆာန်ရွာ | လာရှိုးမြို့နယ်ရှိ ဗဟို အစိုးရကလယ်ယာများကို သိမ်းဆည်းရန်အမိန့်ပေးခဲ့ |
| ၃၆ | မ | လယ်ယာ | မန်တုံမြို့နယ်၊ အွယ်လောရွာ | အမည်မသိ |
| ၃၇ | ကျား | လယ်ယာ | လားရှိုး နမ်ဆာန်ရွာ | လာရှိုးမြို့နယ်ရှိ ဗဟို အစိုးရက လယ်ယာများကို သိမ်းဆည်းရန်အမိန့်ပေးခဲ့ |
| ၃၈ | ကျား | လယ်ယာ | လာရှိုး နမ်ဆာန်ရွာ | လာရှိုးမြို့နယ်ရှိ ဗဟိုအစိုးရ က လယ်ယာများကိုသိမ်းဆည်းရန်အမိန့်ပေးခဲ့ |

| | | |
|---|---|---|
| ကျွန်းသစ်များ အပင် ( ၁၀၀၀၀၀ )ခန့်စိုက်ရန် | ၄ | အောက်တိုဘာလ– ၂၀၁၀ |
| နမ့်ဆန်မြို့နယ်နှင့်မန်တုံမြို့နယ်အကြား ကားလမ်းများ တိုးချဲ့ရန် | မြေအိမ်ကေ(၃) ကေ | ၂၀၁၀ |
| နမ့်ဆန်မြို့နယ်နှင့်မန်တုံမြို့နယ်အကြား ကားလမ်းများ တိုးချဲ့ရန် | ၄ | ၂၀၁၀ |
| နမ့်ဆန်မြို့နယ်နှင့်မန်တုံမြို့နယ်အကြား ကားလမ်းများ တိုးချဲ့ရန် | ၃ | ၂၀၁၀ |
| နမ့်ဆန်မြို့နယ်နှင့်မန်တုံမြို့နယ်အကြား ကားလမ်းများ တိုးချဲ့ရန် | ၂ | ၂၀၁၀ |
| ရထားလမ်းဆောက်လုပ်ရန်အတွက်လယ်မြေကေ (၁၀၀) သိမ်းဆည်းခြင်း | ၁၀၀ | ၂၀၀၈–၂၀၀၉ |
| နမ့်ဆန်မြို့နယ်နှင့်မန်တုံမြို့နယ်အကြား ကားလမ်းများတိုးချဲ့ရန် | ၂ | ၂၀၁၀–၂၀၁၁ |
| နမ့်ဆန်မြို့နယ်နှင့်မန်တုံမြို့နယ်အကြား ကားလမ်းများ တိုးချဲ့ရန် | ၄ | ၂၀၁၀–၂၀၁၁ |
| မှတ်ချက်– ဤတိုးချဲ့မှုစီမံကိန်းကို ၂၀၁၀–၂၀၁၁ အထိဆောက်လုပ် ခြင်းဖြစ်သည်။ ၎င်းကိုပတ်သတ်၍ သတင်းအချက်အလက်အရ–လက်ဖက်ခြံ (၁၀၀၀ ) ခန့်သိမ်း ဆည်းခြင်းခံရသည်။ | | |
| အထက်မန်လွယ်၊ အောက်မန်လွယ်ရွာသားများ ပိုင်ဆိုင် သည့်လယ်ယာများ ( ၅၀၀ )ခန့်သိမ်းဆည်းရန်တွက် နမ့်ဆန်မြို့နယ်ရှိစုံစမ်းစစ်ဆေးရေး၌ာနနှင့်အုပ်ချုပ်ရေး မှူးအာဏာပိုင်းများ နဂါပုံကုမ္ပဏီအစည်းဝေးကို ဇန်နဝါရီ၊၂၀၁၁ခုနှစ်လကုန်တွင် တက်ရောက်ခဲ့သည်။ | ၅၀၀ | ဇန်နဝါရီ၊၂၀၁၁ |
| စ–က–ခ အမှတ် ( ၁၆ )က၊ သြဂုတ်လ၊ ၂၀၁၀တွင်၊ မိုင်းလီကျေးရွာသားများပိုင်ဆိုင်သည့် လယ်ယာမြေ များကိုသိမ်းပိုက်ပြီး နောက်ပိုင်းတွင် ၎င်းသိမ်းပိုက် ထားသည့်မြေများကိုရွာသားများထံသို့ | ၁၀၀ | |
| ပြန်လည်ငှားပေးထားသည်။ | | |
| နမ့်ဆန်မြို့နယ်နှင့်မန်တုံမြို့နယ်အကြား ကားလမ်းများ | ၃ | ၂၀၁၀ |
| တိုးချဲ့ခဲ့သည်။ ၎င်းအတွက်လယ်မြေ ၃ကေသိမ်းပိုက်ခဲ့ပြီး | | |
| မြေပိုင်ရှင်ကို ရွှေ့ ပြောင်းခြင်းခံခဲ့ရသည်။ | | |
| လာချိုးမြို့တွင်ရေသိုလှောင်ရန်အတွက်လယ်ယာမြေများကိုသိမ်းဆည်းပြီး ရေကာတာဆောက်လုပ်ခြင်း | ၄ | ၂၀၁၀ |
| ရွှေလီရေကာဆောက်လုပ်ရာတွင်အဆင်ပြေချောမွေ့ အောင်ဆင်းရဲနွမ်းပါးသောရွာသူရွာသားများ အိုးအိမ် များစွန့်လွှတ်ခြင်းခံရ | | ၂၀၀၇ |
| လာချိုးမြို့တွင်ရေသိုလှောင်ရန်အတွက်လယ်ယာမြေများကို သိမ်းဆည်းပြီး ရေကာတာဆောက်လုပ်ခြင်း | ၄ | ၂၀၁၀ |
| လာချိုးမြို့တွင်ရေသိုလှောင်ရန်အတွက်လယ်ယာမြေများကိုသိမ်းဆည်းပြီး ရေကာတာဆောက်လုပ်ခြင်း | ၆ | ၂၀၁၀ |

| | | | | |
|---|---|---|---|---|
| ၃၉ | ကျား | လယ်ယာ | လာရှိုး၊ နမ်ဆာန်ရွာ | လာရှိုးမြို့နယ်ရှိ ဗဟို အစိုးရက လယ်ယာများ ကိုသိမ်းဆည်းရန်အမိန့်ပေးခဲ့ |
| ၄၀ | ကျား | လယ်ယာ | လာရှိုး၊ နမ်ဆာန်ရွာ | လာရှိုးမြို့နယ်ရှိ ဗဟိုအစိုးရကလယ်ယာများကိုသိမ်းဆည်းရန်အမိန့်ပေးခဲ့ |
| ၄၁ | ကျား | လယ်ယာ | နမ့်ခမ်းမြို့နယ်၊ မန်မိုင်ရွာ | နမ့်ခမ်းမြို့နယ်၊ ရဲစခန်း |
| ၄၂ | ကျား | လယ်ယာ | | ကျောက်မဲမြို့အာဏာပိုင်များ နှင့်ရဲတပ်ဖွဲ့ဝင်များ |
| ၄၃ | ကျား | ဘုန်းကြီး | ကွတ်ခိုင်မြို့နယ်၊ နမ့်ဖက်ကာရွာ | နမ့်ဖတ်ကာဥက္ကဌနှင့်ရဲတပ် |
| ၄၄ | ကျား | လယ်ယာ | နမ္မတူ၊ နာဆိုင်းရွာ | ဒေသခံအာဏာပိုင် |
| ၄၅ | ကျား | ကုန်သည် | မန်တုံ | တပ်ရင်း ( ၁၃၀ ) |
| ၄၆ | ကျား | လက်ဖက်ခြံ | နမ့်ဆန် | နမ့်ဆန်မြို့မှပိုလ်ကြီးသန်းထွန်း |
| ၄၇ | မ | လက်ဖက်ခြံ | နမ့်ဆန် | ဆောက်လုပ်ရေးအဖွဲ့က နမ့်ဆန်မြို့ထဲတွင်လမ်းများ တိုးချဲ့ဆောက်လုပ်ခဲ့သည်။ |
| ၄၈ | ကျား | လက်ဖက်ခြံ | နမ့်ဆန်၊ မန်ပိုင်ရွာ | လာရှိုးမြို့နယ်ရှိအာဏာပိုင် သဘောတူညီချက်အရ– |
| ၄၉ | ကျား | လယ်ယာ | – | –––– |
| ၅၀ | ကျား | လယ်ယာ | နမ့်ခမ်းမြို့နယ်၊ မန်စပ်ရွာ | ဒေသခံအာဏာပိုင်နှင့် ငွေကမ္ဘာကျော်ကုမ္ပဏီ |
| ၅၁ | ကျား | ရွာသား | နမ့်ဆန်မြို့နယ်၊ ဇယ်တုန်းဟုန်း ရွာ | လမ်းဆောက်လုပ်ရေးအဖွဲ့ |

| | | |
|---|---|---|
| လာရှိုးမြို့တွင်ရေသိုးလှောင်ရန်အတွက်လယ်ယာမြေများကိုသိမ်းဆည်းပြီး ရေကာတာဆောက်လုပ်ခြင်း | ၆ | ၂၀၁၀ |
| ၄င်းနေရာတွင်လယ်သမားများပိုင်ဆိုင်ထားသည့်လယ် ယာကေ (၂၀၀ )ခန့်သိမ်းပိုက်ခံရပြီး လာရှိုးမြို့တွင်ရေသို လှောင်ထားရန်အတွက်ရေကာတာဆောက်လုပ်ခြင်း | ၂ | ၂၀၁၀ |
| နမ့်ခမ်းမြို့နယ်၊ ရဲသားများတွေကမန်မိုင်ရွာသူ၊ ရွာသား ပိုင်ဆိုင်ထားသည့်လက်ဖက်ခြံ (၈၄)ကေခန့်သိမ်းပိုက်ပြီး တရုတ်ကုမ္ပဏီကိုရောင်းခဲ့သည်။ သို့သော်၄င်း တရုတ်ကုမ္ပဏီက ထိုနေရာကို မနှစ်သက် သော်လည်း ရွာသူ၊ ရွာသားပိုင်ဆိုင်ထားသည့် လက်ဖက်မြေကိုပြန်မပေးခဲ့ပါ။ | ၈၄ | ၂၀၁၀ |
| ဇွန်နဝါရီလ၊ ၂၀၁၁တွင် ကျောက်မဲမြို့ ရှိရဲနဲ့ရွာသူကြီးတို့နဲ့အတူသွားပြီး ထိုနေရာကို “အပင်မစိုက်ရ”ဆိုသည့်ဆောင်ပုဒ်ကိုစိုက်ထားခဲ့သော ကြောင့်ရွာသား(၈ )ယောက်ထိခိုက်နစ်နာခံရသည်။ သိမ်းဆည်းထားသည့်မြေပမာဏက (၁၃၀၀ )သိမ်းဆည်း ခြင်းခံရသည်။ | ၁၃၀၀ | ၂၀၁၀ |
| အာဏာပိုင်များကဘုန်းကြီးကျောင်းမြေကိုသိမ်းပိုက်ပြီး တရုတ်လုပ်ငန်းရှင်ဆီကိုရောင်းခဲ့သည်။ | ၁၃ | ၂၀၀၅ |
| ဒေသခံအာဏာပိုင်တွေကနာဆိုင်းရွာသူ၊ ရွာသားများ ပိုင်ဆိုင်သည့်လယ်မြေကိုသိမ်းပိုက်ပြီး မာလီပါ တရုတ်များဆီကိုရောင်းပေးလိုက်သည်။ | ၆၀၀ | ၂၀၁၀ |
| လယ်ယာ ( ၇၃ )ကေခန့်သိမ်းပိုက်ပြီး မန်တုံမြို့တွင်စစ်တပ်စခန်းချပြီး မိုးမိတ်နှင့်နမ္မတူမြို့အကြားတွင်လမ်းဖောက်လုပ်ခြင်း | ၇၃ | ၂၀၀၂–၂၀၀၇ |
| တောင်မရွာနှင့်၄င်းအိမ်နီးနားချင်းရွာများကိုလမ်းဆောက်လုပ်ရေးအတွက်အတင်းအမ္ဓလုပ်အားပေး သွားလုပ်ခံရသည်။ ထို့အပြင်ဗိုလ်ကြီးသန်းထွန်းမှ၄င်း ယာများကိုဆက်လက်၍သိမ်းပိုက်သည်။ | | ၂၀၁၀ |
| အိမ်ရှင်နှစ်ဦးကလျှော်ကြေးမရဘဲမိမိအိမ်ကိုအတင်း အဓ္ဓရွှေ့ပြောင်းခံရပြီး အိမ်အသစ်ဆောက်လုပ်အတွက် ငွေ ( ၁၂၀၀၀၀ )ပေးခဲ့လိုက်ရသည်။ | | ဖေဖော်ဝါရီလ၊ ၂၀၁၀ |
| လာရှိုးစစ်တိုင်းမှူးမှတရုပ်လုပ်ငန်းရှင်ကိုသတ္တုတူးဖော် ရေးအတွက် ခွင့်ပြုချက်ပေးလိုက်သည့်အတွက်ထိုနေရာကိုလက်ဖက်ခြံမြေ ( ၃ )ကေ ဖျတ်စီးခြင်းခံရသည်။ | ၃ | ဧပြီလ၊ ၂၀၁၀ |
| ဒေသခံအာဏာပိုင်နှင့်ငွေကမ္ဘာကျော်ကုမ္ပဏီတို့ကသတ္တုတူးဖော်ဖို့အတွက် မန်စပ်ရွာကိုလာပြီး ရွာသူ၊ ရွာသားများပိုင်ဆိုင်သည့်သစ်တော ( ၉၅ ) ကေပေါင်း ဖျက်စီးလိုက်သည်။ | ၉၅ | ၂၀၀၈ |
| ဒေသခံအာဏာပိုင်နှင့်ငွေကမ္ဘာကျော်ကုပဏီတို့ကသတ္တုတူးဖော်ဖို့အတွက်မန်စပ်ရွာကိုလာပြီး ရွာသူ၊ ရွာသားများပိုင်ဆိုင်သည့်သစ်တော ( ၉၅ )ကေပေါင်း ဖျက်စီးလိုက်သည်။ | | ၂၀၀၈ |
| ၄င်းရွာကိုနမ့်ခမ်းမြို့နယ်အနီးတွင်ရှိပြီး အာဏာပိုင် မှလယ်ယာမြေကိုသိမ်းပိုက်ပြီး မန်တုံနှင့်နမ့်ဆန်မြို့ ကြားတွင်လမ်းပန်းဆက်သွယ်ရေးအသစ်ဖောက်ခဲ့သည်။ | လက်ဖက်ခြံ ကေပေါင်း (၄၀) | ၂၀၁၀ |

References

Arakan All Student and Youth Congress (AASYC), Mon Youth Progressive Organization (MYPO), Pa-O Youth Organization (PYO), *Holding Our Ground*, March, 2009

COHRE – Center on Housing Rights and Evictions*, A Brief Guide to International Housing, Land and Property Rights,* 2011, Geneva, Switzerland

COHRE – Centre on Housing Rights and Evictions, *ThePinheiro Principles*, Geneva, Switzerland

COHRE – Center on Housing Rights and Evictions, *A Guide to Housing, Land and Property Rights in Burma*, 2009, Geneva, Switzerland

EarthRights International, Situation Briefer No. 1, *The Burma-China Pipelines*, March , 2011

Kachin Development Networking Group, *Tyrants, Tycoons and Tigers*, 2010

Leckie, S. &Simperingham, E., *Housing Land and Property Rights in Burma: The Current Legal Framework*, Displacement Solutions &The HLP Institute, 2009, Geneva, Switzerland

Human Rights Foundation of Monland (HURFOM), *No Land to Farm*, 2003

Palaung Youth Network Group (PYNG), *Under the Boot*, 2007

Palaung Women's Organization (PWO), *Stolen Lives Human Trafficking from Palaung Areas of Burma to China,* 2011

Sargent, Inga, *Autobiography of a Shan State Queen*, 2010

Ta'ang Student and Youth Organization (TSYO), *Lightless Lives*, 2010

Burma Lawyer Council (BLC), Lawkapala Legal Journal on Burma No.32 Burmese section

Ta'ang (Palaung) Working Group (PWO, TSYO, PSLF), *Monopoly Tea Farms*, June 2011

Internet Resources:

www.palaungland.org

www.bbc.co.uk/burmese/interactivity/2011/06/110615_land.shtml

www.forru.org/PDF_Files/frfwcpdf/part2/
p22%20Wint%20a%20brief%20review.pdf

www.fao.org/docrep/003/x6900e/x6900e0l.htm

www.burmese.dvb.no/news.php?id=13818

www.ohchr.org

www.ibiblio.org/obl

www.alrc.net

www.ilo.org

www.arakanrivers.net

www.palaungwomen.com

www.adb.org/document/pwg-fg-rptcc-annex5-mya.pdf

http://www.chinadaily.com.cn/bizchina/2011-04/28/
content_12412367.htm

# ကျေးဇူးတင်လွှာ

ဤလယ်ယာမြေသိမ်းဆည်းခြင်းအစီရင်ခံစာအတွက် သုတေသနပြုခြင်းမှ အစီရင်ခံထုတ်ဝေသည်အထိ ရံပုံငွေ ကူညီထောက်ပံ့ ပေးသော Open Society Institute (OSI) ကို TSYO အနေဖြင့် ပထမဦးစွာ ကျေးဇူး ဥပသကာရတင်ရှိကြောင်း ဖော်ပြလိုပါသည်။ ထို့အတူ Daniel C. Clark Memorial Fund (DCMF) ၏ မိမိတို့သုသေတနလုပ်ငန်းများ အကောင်အထည် ဖော်နိုင်ရန် အတွက် ရံပုံငွေကူညီပေးသည် ကျေးဇူးကိုလည်း မှတ်တမ်းတင်အပ်ပါသည်။

ဒုတိယအနေဖြင့် အစီရင်ခံစာအချက်အလက်များ သုံးသပ်ပေါင်းစပ်ခြင်း၊ စီစစ်ပေးခြင်းများကို စိတ်ရှည် လက်ရှည်ကူညီ ဆောင်ရွက်ပေးသော Volunteer Service Overseas (VSO) မှ စေတနာ့ဝန်ထမ်း Kevina Maddick နှင့် Margarida Da Silva တို့ကိုလည်း လှိုက်လှိုက်လှဲလှဲကျေးဇူးအထူးတင်ရှိ ပါသည်။ ထို့အပြင် အစီရင်ခံစာ ဖြစ်မြောက်စေရန် မိမိတို့၏ သုတေသနပြုသူများနှင့် အဘက်ဘက်မှ ပူးပေါင်း ဆောင်ရွက်ပေးကြသော TSYO၊ PWOနှင့် PSLF အဖွဲ့ဝင်များကိုလည်း ကျေးဇူးတင်ကြောင်း ပြောကြား လိုပါသည်။

စစ်ခေါင်းဆောင်များ၊ အစိုးရအာဏာပိုင်များ၏ အတင်းအဓမ္မသိမ်းဆည်းခြင်းခံခဲ့ကြရသော တအာင်းဒေသခံခြံမြေပိုင်ရှင် ပြည်သူလူထုများမှာ ဤအစီရင်ခံစာထုတ်ဝေနိုင်ရန်အတွက် ယင်းတို့ သိမ်းဆည်း ခံရသည့်ဖြစ်စဉ်များကို အခက်အခဲ အကျပ်အတည်းအမျိုးမျိုးအကြားမှ မိမိတို့အားမျှဝေ ပေးသည့်အတွက် နောက်ဆုံးအနေဖြင့် ကျေးဇူးထူးတင်ရှိကြောင်း မှတ်တမ်းပြုအပ်ပါသည်။

**တအာင်းကျောင်းသားနှင့်လူငယ်များအစည်းအရုံး**